မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၄၆)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီ ၂၃ ရက်၊ စနေနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်ထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၃

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျရောက်သော ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၏ (၂၉)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အိန္ဒိယနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. V.S Seshadri အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာ၌ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးက မိမိအနေဖြင့် တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ဝိုင်းဝန်းပံ့ပိုးကူညီပေးခဲ့သည့်အတွက် အစစအရာရာ အဆင်ပြေချောမွေ့အောင်မြင်ခဲ့ပါကြောင်း၊ ထို့အတွက် အလွန်ကျေးဇူးဥပကာရတင်ရှိပါကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. V.S Seshadri အား နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင်နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နိုင်ငံ၏ဂုဏ်ဒြပ်ကို အဆင့်မြင့်တင်နိုင်မည့် အခွင့်အလမ်းကောင်းအဖြစ်ခံယူ ပြိုင်ပွဲကြီးအောင်မြင်အောင် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန်လို

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးညဏ်ထွန်း ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၂၂

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများနှင့် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ တွေ့ဆုံခဲ့သည်။

အခမ်းအနားသို့ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးညဏ်ထွန်းက (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကျင်းပရန် ၂၉၁ ရက်သာလိုတော့ကြောင်း၊ ပြိုင်ပွဲကြီးအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်က ပြင်ဆင်ဆောင်ရွက်မှုများကို တွေ့မြင်ရသည်မှာလည်း များစွာအားရကျေနပ်ဖွယ်ကောင်းပါကြောင်း၊ ယနေ့အခမ်းအနားတွင် နိုင်ငံတော်အပိုင်းက ဖြည့်ဆည်းပေးရမည်များကို သိရှိလိုသဖြင့် အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများအနေဖြင့် လိုအပ်သည်များကို ပွင့်ပွင့်လင်းလင်းတင်ပြကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရန်ကုန်မြို့၌ အားကစားနည်းရှစ်မျိုး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ကော်မတီများဖြင့် စနစ်တကျဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ အားကစားဝန်ကြီးဌာနနှင့် ပေါင်းစပ်ဆောင်ရွက်သွားရမည့် ဌာနများ၊ အဖွဲ့အစည်းများနှင့်ပေါင်းစပ်၍ အကောင်းဆုံးကျင်းပနိုင်ရေးအတွက်

စာမျက်နှာ ၈ ကော်လံ ၁ ▲

ယနေ့ မာတိကာ

ကျောက်ဖြူမြို့မှ တစ်ကိုယ်တော် စက်ဘီးစီးအဘိုးအို ရန်ကုန်မြို့သို့ရောက်ရှိ စာ - ၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန သတင်းထုတ်ပြန် စာ - ၃

အီဂျစ်ပါလီမန်ရွေးကောက်ပွဲများ ဧပြီ ၂၇ရက်တွင်စတင်မည် စာ - ၄

မြန်မာနှင့်မလေးရှား ဂိုးမရှိသရေကျ စာ - ၆

လျှောင်ဒဏ်သင့်ကြေးဘုရားကြီး ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူ စာ - ၁၀

ရန်ကုန်တိုင်းဒေသကြီး၌ အားကစားနည်းရှစ်မျိုးကျင်းပမည် စာ - ၁၂

အောစီမီလန်ကို ဘာစီလိုနာ ရှုံးကြေးဆပ်မည် စာ - ၁၃

နှစ်နာမှုပေါင်းများစွာ ရှိခဲ့သည့်ကျော်ကိုကို၏လုပ်ရပ် စာ - ၁၄



မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ကိုယ်ကျင့်တရား ထိန်းသိမ်းကြရမည်

လူ့ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် လူတို့သည် နေ့စဉ် လှုပ်ရှားရုန်းကန်နေကြရသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည်ဖြင့် မိမိကျရာကဏ္ဍတွင် အများနှင့်ပြောဆိုဆက်ဆံနေကြရသည်။ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ အကျင့်စရိုက်ပေါင်းစုံ၊ ဆင်းရဲချမ်းသာ စသည်ဖြင့် စရိုက်လက္ခဏာအမျိုးမျိုးနှင့် လုပ်ကိုင်ဆောင်ရွက်နေကြရသည်။

ယင်းသို့ စရိုက်လက္ခဏာမျိုးစုံနှင့် တွေ့ဆုံရာတွင် ပညာရှိသူ၊ ပညာမဲ့သူ၊ စိတ်ကောင်းရှိသူ၊ စိတ်ထားမကောင်းသူ၊ ရိုင်းပင်းကူညီမှုရှိသူ အမျိုးမျိုးရှိပေသည်။ လူ့ဘဝ၏တန်ဖိုးသည် ကိုယ်ကျင့်သိက္ခာဖြစ်သည်။ ကိုယ်ကျင့်သိက္ခာသည် စောင့်ထိန်းအပ်သောတရားဖြစ်သည်။ ကိုယ်ကျင့်တရားကို မိမိကိုယ်တိုင် ဆောက်တည်နိုင်မှသာ လူ့ဘဝ၏တန်ဖိုး မြင့်မားမည်ဖြစ်သည်။ ကောင်းသောအလုပ်ကို ပြုလုပ်နိုင်ပြီး မကောင်းသောအလုပ်ကို ရှောင်ကြဉ်နိုင်ခြင်းသည် မိမိ၏သိက္ခာကို မြင့်မားစေမည်ဖြစ်သည်။ မကောင်းမှုကိုရှောင်၊ ကောင်းမှုကိုဆောင်ကြရမည်။

ကိုယ်ကျင့်သိက္ခာ၏ သဘောသဘာဝသည် သီလနှင့်လည်း ဆက်စပ်နေသည်။ သီလဆောက်တည်နိုင်သူသည် ကိုယ်ကျင့်သိက္ခာကို ထိန်းမတ်ပေးနိုင်သည်။ လူအချင်းချင်း ဆက်ဆံကြရာတွင် ကြင်နာမှု၊ စာနာမှု၊ ကရုဏာထားမှုနှင့် ပြောဆိုဆက်ဆံကြပြီး တစ်ပါးသူထိခိုက်အောင် ပြုမူခြင်းကို ရှောင်ကြဉ်နိုင်ခြင်းသည် တန်ဖိုးထားထိန်းသိမ်းထားရမည့် လူသားတန်ဖိုးပင်ဖြစ်သည်။ ယင်းသို့သော စိတ်ထားများကို လူအများအားလုံးက ရယူပိုင်ဆိုင်နိုင်ပေသည်။ မည်သည့်လုပ်ငန်းကိုမဆို ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းကိုသော်လည်းကောင်း၊ အစိုးရအဖွဲ့အစည်း လုပ်ငန်းကိုသော်လည်းကောင်း လုပ်ကိုင်သည့်အခါတွင် ဂုဏ်သိက္ခာရှိရှိနှင့် လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

လူတို့၏သိက္ခာကို ထိန်းမတ်ပေးသည်မှာ ဟီရိဩတ္တပ္ပတရားဖြစ်သည်။ အရှက်နှင့် အကြောက်တရားသည် လူတို့၏ အပြုအမူမှန်သမျှကို အမြဲထိန်းချုပ်ပေးလျက်ရှိသည်။ လူတို့သည် မကောင်းမှုလုပ်ရပ်များဖြစ်သည့် မူးယစ်ဆေးဝါး၊ အရက်၊ ကာမဂုဏ်အာရုံ၊ လောဘ၊ ဒေါသ၊ မနာလိုဝန်တို၊ တစ်ကိုယ်ကောင်းဆန်မှု၊ မုန်းတီးမှုများနှင့် တွေ့ကြုံလာသည့်အခါတွင် အကျင့်သိက္ခာများ ပျက်စီးခဲ့ကြရသည်။ လပေါင်း နှစ်ပေါင်းများစွာ ထိန်းသိမ်းလာရသော ဂုဏ်သိက္ခာပင်ဖြစ်သော်လည်း တစ်နာရီစာပြုလိုက်သောအပြုအမူကြောင့် ဂုဏ်သိက္ခာကျဆင်းနိုင်ပေသည်။ စာရိတ္တကောင်းသောသူများအားလုံးသည် မိမိကိုယ်မိမိ မှတ်ကျောက်တင်ခံနိုင်ကြသည်။

သူတော်ကောင်းတရားကို လက်ကိုင်ထားသူသည် အရှက်ကို အသက်ထက်တန်ဖိုးထားကြသည်။ မကောင်းမှုပြုရမည်ကို ရှက်တတ်ကြသည်။ မိမိကိုယ်ကျင့်သိက္ခာကို ထိန်းသိမ်းကြသည်။ ကိုယ်ကျင့်သိက္ခာကို တန်ဖိုးထားထိန်းသိမ်းထားနိုင်ပြီး လောကဓံတရားကို ကြံ့ကြံ့ခံနိုင်ပါက ဘဝ၏ပန်းတိုင်ကို အရောက် လျှောက်လှမ်းနိုင်ကြမည်ဖြစ်သည်။ မိမိကိုယ်မိမိ အရည်အသွေးမြင့်ရန်၊ ကောင်းမွန်ရန် ကြိုးစားကြရမည်ဖြစ်သည်။ တစ်ပါးသူအကျိုး ဆောင်ရွက်ခြင်းသည် နားလည်စာနာခြင်း၊ ကြင်နာခြင်း၊ ဖြောင့်မတ်ခြင်း၊ ရိုးသားခြင်း၊ ရိုကျိုးခြင်းဆိုသည့် စိတ်ထားကို ပြသခြင်းဖြစ်သည်။ ကိုယ်ကျင့်သိက္ခာသည် လူ့တန်ဖိုးကို စစ်ဆေးအကဲဖြတ်သည့် "စံ"ဟုလည်း ဆိုနိုင်သဖြင့် လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် လူသားများအားလုံးသည် မိမိ၏တန်ဖိုးကို မိမိကိုယ်တိုင် မြှင့်တင်မှ မြင့်မည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

တောင်ကြီးပညာရေးကောလိပ် ဆရာအတတ်ပညာဒီပလိုမာပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ရှမ်းပြည်နယ် တောင်ကြီး ပညာရေးကောလိပ် (၁၅)ကြိမ်မြောက် ဆရာအတတ်ပညာ ဒီပလိုမာ လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၈ နာရီခွဲက အဆိုပါကောလိပ်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် တက်ရောက် အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်သမဝါယမ ဦးစီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

တောင်ကြီးမြို့နှင့် တာချီလိတ်မြို့များ၌ မြို့ပြစနစ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား Public, Private, Partnership စနစ်ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းအပ်နှံစာချုပ်သဘောတူ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ် အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လုပ်ငန်းစတင်ဆောင်ရွက်ရန် လုပ်ငန်းအပ်နှံစာချုပ်များကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောက်ဖြူမြို့မှ တစ်ကိုယ်တော်စက်ဘီးစီးအဘိုးအို ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

မြန်မာနိုင်ငံတွင် ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို ကြိုဆိုဂုဏ်ပြုခြင်း၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အားကစားမောင်/မယ်များ ရွှေတံဆိပ်ဆုများ ဆွတ်ခူးအောင်ပွဲဆင်နိုင်ပြီး ပြည်သူလူထုတစ်ရပ်လုံး ပျော်ရွှင်စွာ ပါဝင်အောင်ပွဲဆင်နိုင်ရေးအတွက် လှုံ့ဆော်ရေးအသွင်ဖြင့် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့မှ တစ်ကိုယ်တော် စက်ဘီးသမား အသက် ၈၆နှစ်ရှိ အဘိုးအို ဦးပြုံးသည် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့မှစတင်၍ မိုင်ပေါင်း ၃၀၀၀ အသွား/အပြန် စက်ဘီးစီးခဲ့ရာ ယခုအခါ အပြန်ခရီးစဉ်အဖြစ် မကွေး၊ စစ်ကိုင်း၊ မန္တလေး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နေပြည်တော်မြို့များကို ဖြတ်သန်းစီးနင်းခဲ့ပြီး ထိုမှတစ်ဆင့် လယ်ဝေး၊ နေပြည်တော် Gold Camp၊ ပျဉ်းမနား၊ တောင်ငူ၊ ဖြူး၊ ဒိုက်ဦးဖြတ်လမ်းမှ စစ်တောင်းတံတား၊ ကျိုက်ထို၊ ဘီးလင်း၊ သထုံ၊ ပေါင်၊ မော်လမြိုင်မြို့များသို့ ရောက်ရှိခဲ့သည်။ ဆက်လက်၍ ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၅ နာရီတွင် ပဲခူးမြို့မှ စတင်ထွက်ခွာလာပြီး ရန်ကုန်မြို့သို့ နံနက် ၁၁ နာရီတွင် ရောက်ရှိ ရပ်နားခဲ့သည်။

အောင်မြင်ချောမော

ရန်ကုန်မြို့သို့ ရောက်ရှိစဉ် မြို့နယ်အသီးသီးသို့ စက်ဘီးစီး၍ လှည့်လည်ကာ ရန်ကုန်မြို့မှ ဖေဖော်ဝါရီ ၂၅ ရက်တွင် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်များသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ပြီး စစ်တွေမြို့၌ ခရီးစဉ်အားလုံးပြီးဆုံးမည်ဖြစ်ကြောင်း၊ ယင်းခရီးစဉ်တစ်လျှောက်လုံးတွင် ဒေသဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူများနှင့် ကျောင်းသား/လူငယ်များက ကြိုဆိုခဲ့ကြပါကြောင်း၊ ခရီးစဉ်တစ်လျှောက်လုံး အောင်မြင်ချောမောခဲ့ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့အပြင် အဘိုးအို ဦးပြုံးသည် SEA Games ပြိုင်ပွဲ ကျင်းပမည့် နေပြည်တော်သို့ စစ်တွေမြို့မှစတင်၍ ထပ်မံစက်ဘီးစီးဦးမည် ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

လွှတ်တော် အခမ်းအနား ကျင်းပပုံ YIS ကျောင်းသား ကျောင်းသူများလေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

Yangon International School (YIS)မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၂၃ ဦးတို့သည် ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၁၀ နာရီတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး (၁၈)ရက်မြောက်နေ့ ကျင်းပနေပုံကို လေ့လာပြီး လွှတ်တော်အဆောက်အအုံများသို့ လှည့်လည်ကြည့်ရှု၍ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ (ယာပုံ)

(သတင်းစဉ်)

ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးစေလို

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်းရှိ အေးချမ်းသာစံပြကျေးရွာသည် ဆင်သေရေလှောင်တမံတည်ဆောက်စဉ် လွန်ခဲ့သည့် ၁၆ နှစ်ကျော်က (ဆင်သေရေဝပ်ဧရိယာ) ဖယ်ရှားရွှေ့ပြောင်း ကျေးရွာပေါင်း ၁၀ ရွာကျော်ကို တစ်နေရာတည်း၌ ပေါင်းစည်းပြီး နေရာပြောင်းရွှေ့ချထားကာ "အေးချမ်းသာစံပြ"ကျေးရွာအမည်ဖြင့် ခေါ်တွင် သတ်မှတ်ခဲ့သည်။

ယနေ့အခါတွင် အေးချမ်းသာစံပြကျေးရွာသည် လူဦးရေ ပိုမိုတိုးပွားလာလျက်ရှိသည်။ တပ်ကုန်းမြို့၏ ဆင်ခြေဖုံးတွင်ရှိခြင်း၊ ကျေးရွာအနီးဝန်းကျင်တွင် အစိုးရအဆောက်အအုံများ တည်ဆောက်လာခြင်းတို့ကြောင့် တစ်နေ့တခြားစည်လာကာ ပွင့်လင်းမြင်သာသော ဖွံ့ဖြိုးတိုးတက်မှုများလည်း ရရှိနေပြီဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ စီမံချက်အရ တစ်လလျှင် မြို့နယ်များအတွင်းရှိ ကျေးရွာရှစ်ရွာသို့ ကွင်းဆင်းကုသပြီး ကျန်းမာရေးစောင့်ရှောက်မှုများပေးနေကြောင်း သိရသည်။

အေးချမ်းသာ စံပြကျေးရွာသို့ ယခင်က မြို့နယ်တိုင်းရင်းဆေးကုသဌာနမှ မကြာခဏ ကွင်းဆင်းဆေးကုသပေးခဲ့ကြောင်း၊ ယခုမူ ညွှန်ကြားရေးမှူးချုပ်ရုံး တိုင်းရင်းဆေး၏ အမိန့်စာဖြင့် မြို့နယ်တိုင်းရင်းဆေးကုသဌာနမှ တာဝန်ရှိသူများ အခြားသို့ သွားရောက်ကာ တာဝန်ထမ်းဆောင်နေရသောကြောင့် ယခင်ကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုများ မရရှိတော့သည်မှာ အချိန်ကာလကြာပြီဖြစ်ကြောင်း သိရသည်။ မြို့နယ်တိုင်းရင်းဆေးကုသဌာနတွင် တိုင်းရင်း ဆေးဆရာ ဆရာမအင်အား ယခင် လောက်မရှိတော့သဖြင့် မကျန်းမာသော ကျေးလက်ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ရတက်မအေးဖွယ်ရာ ဖြစ်နေရကြောင်း အေးချမ်းသာစံပြကျေးရွာမှ မကျန်းမာသူတစ်ဦးက ပြောပြသည်။ ယခင်က အေးချမ်းသာ စံပြကျေးရွာသို့ လေးလလျှင် တစ်ကြိမ်ခန့်၊ ခြောက်လလျှင်တစ်ကြိမ်ခန့် ကျန်းမာရေးစောင့်ရှောက်မှုများ လာရောက် ဆောင်ရွက်ပေးခဲ့ကြောင်း၊ သို့ဖြစ်၍ ယခင်ကကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစေလိုကြောင်း ရေးသားတင်ပြအပ်ပါသည်။

(မောင်လွင်)

ပလင်းတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ

အမေရိကန်နိုင်ငံ The Carter Center မှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

လက်ခံတွေ့ဆုံ

ပြည်ထောင်စု ရွေး ကောက် ပွဲ ကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး အမေရိကန်နိုင်ငံ The Carter Center မှ ဒီမိုကရေစီ အစီအစဉ် ညွှန်ကြားရေးမှူး Dr. David Carroll ဦး ဆောင် သော ကိုယ် စား လှယ် အဖွဲ့အား လက်ခံ တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးသည် အမေရိကန်နိုင်ငံ The Carter Center မှ ဒီမိုကရေစီအစီအစဉ် ညွှန်ကြားရေးမှူး Dr. David Carroll ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ဧည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။

အမြင်ချင်းဖလှယ်

ထိုသို့ တွေ့ဆုံရာတွင် ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက လွတ်လပ်တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုးစားဆောင်ရွက်နေမှု၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်နေမှု၊ ရွေးကောက်ပွဲ ကျင်းပရာတွင် တရားမျှတရေးနှင့်လွတ်လပ်မှုရှိရေးအတွက် အတွေ့အကြုံများ ဖလှယ်ရေးအပေါ် ဆွေးနွေးပြောကြားရာ ဧည့်သည်တော်က ရွေးကောက်ပွဲတွင် စောင့်ကြည့်လေ့လာမှုများနှင့် ကမ္ဘာ့အဆင့်မီ ရွေးကောက်ပွဲများကျင်းပသည့် ပုံစံစနစ်များအား ပြန်လည်ဆွေးနွေးပြောကြား၍ နှစ်ဦးနှစ်ဖက် ရင်းနှီးချစ်ခင်စွာ အမြင်ချင်းဖလှယ်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အတူ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးမြင့်နိုင်၊ ဦးအောင်မြင့်၊ ဒေါက်တာမြင့်ကြည်၊ ဦးဝင်းကြည်၊ ဦးညွန့်တင်နှင့် ဦးဝင်းကို၊ ကော်မရှင်အတွင်းရေးမှူး ဦးတင်ထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ချင်းပြည်နယ် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့်

အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိစေမည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ ရှင်းလင်း

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ချင်းပြည်နယ် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေမည့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက ဟားခါးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် ရေတိုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သလို ရေရှည်တွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်တွင်း ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများ လာရောက်ဆောင်ရွက်စေခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေကာ ပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်စေမှာဖြစ်ကြောင်း၊ ယခု ရင်းနှီးမြှုပ်နှံမည့်သူများသည် ရင်းနှီးမြှုပ်နှံမည့်ကိစ္စရပ်များကို ရှင်းလင်းတင်ပြပေးကြမည်ဖြစ်ကြောင်း၊ ချင်းပြည်နယ်ရှိ ပြည်သူများအား ပွင့်လင်းမြင်သာမှုရှိပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်ကာ ဒေသခံပြည်သူများအတွက် တစ်ဦးချင်းဝင်ငွေ တိုးတက်ရရှိစေနိုင်မည်ဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်မှသာ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်စေနိုင်ကြောင်း၊ ချင်းပြည်နယ်အား ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမည့်သူနှင့် ဒေသခံ ပြည်သူလူထုအကြား ပွင့်လင်းမြင်သာစွာ ဆက်စပ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမည့် CIFG ကုမ္ပဏီမှ တာဝန်ရှိသူက နောက်ဆုံးပေါ်ခေတ်မီနည်းပညာဖြင့် ဆောင်ရွက်မည့် ထင်းရှူးဆီလုပ်ငန်းနှင့် ပိုးစာလုပ်ငန်းများနှင့် North Mining Investment ကုမ္ပဏီမှ တာဝန်ရှိသူက တီးတိန်မြို့နယ် မြွေတောင်ဒေသတွင် လုပ်ကိုင်မည့် နီကယ်သတ္တုလုပ်ငန်းကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးနှင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းသစ်များရရှိစေမည့် နည်းလမ်းများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင်

ဘာရူနိုင်းဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၃

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျရောက်သော ဘာရူနိုင်းဒါရူဆလမ်နိုင်ငံ၏(၂၉)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဘာရူနိုင်းဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး မင်းသား ဟာဂျီ မိုဟာမက် ဘိုလ်ကီးယားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန သတင်းထုတ်ပြန်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

စွမ်းအင်ဝန်ကြီးဌာန ရတနာဓာတ်ငွေ့ ကမ်းလွန်တွင်းတူးစင်၏ ကမ်းလွန်ပလက်ဖောင်းတွင် အရေးပေါ်ပြုပြင်ရေးလုပ်ငန်းများကို ဖေဖော်ဝါရီ ၂၄ ရက် ၀၀း၀၁ နာရီမှ ဖေဖော်ဝါရီ ၂၅ ရက် ၂၃း၅၉ နာရီအထိ ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ ညှိနှိုင်းလာခဲ့ရာ စွမ်းအင်ဝန်ကြီးဌာနမှ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်ငွေ့ရေနွေးငွေ့စက်ရုံများဌာနအောက်ရှိ သဘာဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံများသို့ လက်ရှိပေးပို့နေသော သဘာဝဓာတ်ငွေ့ ကုဗပေ ၁၄၅ သန်း အနက် ကုဗပေ ၁၃၄ သန်းလျှော့ပြီး ကုဗပေ ၁၁ သန်းသာ ရရှိနိုင်မည်ဖြစ်သည်။

ထိုသို့ သဘာဝဓာတ်ငွေ့ လျော့နည်းရရှိမှုကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သဘာဝဓာတ်ငွေ့သုံး စက်ရုံလေးရုံမှ ဓာတ်ငွေ့တာဘိုင်စက် ခုနစ်လုံးနှင့် ရွှေတောင်၊ မော်လမြိုင်၊ သထုံတို့မှ ဓာတ်ငွေ့တာဘိုင်စက်ခြောက်လုံး စုစုပေါင်း ၁၃လုံး ခေတ္တရပ်တန့်ထားရမည်ဖြစ်ပြီး လက်ရှိဓာတ်အားထုတ်လုပ်မှု ၃၁၀ မဂ္ဂါဝပ်မှ ၂၀၅ မဂ္ဂါဝပ်ခန့် လျော့နည်းပြီး ၁၀၅ မဂ္ဂါဝပ်ခန့်သာ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။

ယင်းသို့ ဓာတ်အားထုတ်လုပ်မှု လျော့နည်းသွားသည့်အတွက် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကို တိုးမြှင့်ဖြည့်ဆည်းမောင်းနှင်ခြင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး အချို့နေရာများတွင် အလှည့်ကျဝန်အားလျှော့ချ၍ ဓာတ်အားပို့လွှတ်ခြင်းများကို ဝန်အားထိန်းညှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ချင်းပြည်နယ် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံများအလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေမည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ ရှင်းလင်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတကာသတင်း

အမေရိကန်အလယ်ပိုင်းတွင် ဆီးနှင်းများထူထပ်စွာကျဆင်းနေ

စိန့်လူးဝစ် ဖေဖော်ဝါရီ ၂၂

အမေရိကန်နိုင်ငံအလယ်ပိုင်းရှိ နေရာဒေသ တော်တော်များများတွင် ဖေဖော်ဝါရီ ၂၁ ရက်က ဆီးနှင်း အဆက်မပြတ် ကျဆင်းနေမှုများ ဖြစ်ပွားခဲ့ကြောင်း၊ အချို့နေရာများ ၁၇ လက်မအထိ ဆီးနှင်းများကျ ဆင်းနေပြီး လေဆိပ်များ၊ စာသင်ကျောင်းများ၊ လွှတ်တော်ရုံးများ ပိတ်ထားရကြောင်း အေပီသတင်း တစ်ပုဒ်တွင် ရေးသားဖော်ပြထားသည်။ **(အောက်ပုံ)**

အမေရိကန်နိုင်ငံအရှေ့ပိုင်းနှင့် မြောက်ပိုင်းဒေသတို့တွင် ဖေဖော်ဝါရီ ၂၁ ရက်ညက မုန်တိုင်းတိုက်ခတ်မှုများလည်း ဖြစ်ပွားခဲ့ပြီး ကန်ဆပ်ပြည်နယ်နှင့် အီလီနွိုက်စ်ပြည်နယ်တို့တွင် ဆီးနှင်းများ၊ မိုးနှင်းများနှင့် မိုးရွာသွန်းမှု သတိပေးချက်များ ထုတ်ပြန်ထားသည်။

အဆိုပါညက ထုတ်ပြန်သော မိုးလေဝသသတင်းတွင် ယင်းမုန်တိုင်းသည် တစ်ညလုံး ဆက်လက်ဖြစ်ပေါ်နိုင်ပြီး ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် အမေရိကန်အလယ်ပိုင်းသို့ ရိုက်ခတ်နိုင်သည်ဟု ပြောကြားခဲ့သည်။

ပိတ်ထားခဲ့ရ

အဆိုပါ မုန်တိုင်းဖြစ်ပေါ်နေစဉ် လမ်းမကြီးများပေါ်၌ ဆီးနှင်းများဖုံးလွှမ်းနေမှုကြောင့် မတော်တဆမှုများဖြစ်ပေါ်ခဲ့ပြီး နှစ်ဦးသေဆုံးခဲ့ရသည်ဟု သိရသည်။ ကန်ဆပ်ပြည်နယ်နှင့် မစ်ဆောရီပြည်နယ်တို့ရှိ စာသင်ကျောင်းအများအပြား ပိတ်ထားခဲ့ရပြီး ယင်းပြည်နယ်များအပါအဝင် အာကန်ဆပ်ပြည်နယ်၊ နီဘရာစကားပြည်နယ်နှင့် အိုင်အိုဝါပြည်နယ်တို့ရှိ အစိုးရရုံးအဆောက်အအုံများစွာကိုလည်း ပိတ်ထားခဲ့ရသည်ဟု ရေးသားဖော်ပြထားသည်။ **(အေပီ)**

အီဂျစ်သမ္မတ မိုဟာမက်မော်စီ

အီဂျစ်ပါလီမန်ရွေးကောက်ပွဲများ ဧပြီ ၂၇ ရက်တွင် စတင်မည်

ကိုင်ရို ဖေဖော်ဝါရီ ၂၂

အီဂျစ်သမ္မတ မိုဟာမက်မော်စီသည် ပါလီမန်ရွေးကောက်ပွဲများကို ဧပြီ ၂၇ ရက်တွင် စတင်ကျင်းပရန် ဖေဖော်ဝါရီ ၂၁ ရက်က သတင်းထုတ်ပြန်ခဲ့ကြောင်း အစိုးရပိုင်မီနာသတင်းဌာနက ဖော်ပြသည်။

အဆိုပါ ရွေးကောက်ပွဲများကို နှစ်လအကြာ အဆင့်လေးဆင့်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း၊ မဲခွဲဆုံးဖြတ်သည့် ပထမအဆင့်ကို ဧပြီ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ကိုင်ရိုအပါအဝင် ပြည်နယ်ငါးပြည်နယ်၌ ကျင်းပသွားမည် ဖြစ်ကြောင်း၊ နောက်ထပ်မဲခွဲဆုံးဖြတ်မှုကို မေ ၄ ရက်နှင့် ၅ ရက်တို့တွင် ကျင်းပရန် စီစဉ်ထားကြောင်း ယင်းသတင်းတွင် ဖော်ပြသည်။

ပါလီမန်ဥပဒေပြု ရေးအာဏာကို ယာယီထိန်းသိမ်းချုပ်ကိုင်ထားသော ရှူရာကောင်စီ (ပါလီမန်အထက်လွှတ်တော်)သည် ယင်းနေ့အစောပိုင်းက ပါလီမန်ရွေးကောက်ပွဲ ဥပဒေအပေါ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၏ပြင်ဆင်ချက်ရည်ညွှန်းပေးပို့လာမှုကို အတည်ပြုခဲ့သည်။

ထွက်ပေါ်လာ

ပါလီမန်ရွေးကောက်ပွဲဥပဒေပါ အချက်အချို့သည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် မညီညွတ်ဟု ဖေဖော်ဝါရီ ၁၈ ရက်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ပယ်ချခဲ့ပြီးနောက် ယင်းပြင်ဆင်ချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

အီဂျစ်ပါလီမန် အောက်လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မကိုက်ညီသည့် ၎င်း၏မဲခွဲဆုံးဖြတ်မှုကြောင့် ပြီးခဲ့သည့်နှစ်က တရားဝင် ဖျက်သိမ်းခံခဲ့ရသည်။ **(ဆင်ဟွာ)**

တာလီဘန်တပ်မှူးနှင့်အတူ စစ်သွေးကြွ ၁၄ ဦးကို အာဖဂန်တပ်သားများ စီးနင်းသုတ်သင်

ကာဘူးလ် ဖေဖော်ဝါရီ ၂၂

တာလီဘန်များ ခိုအောင်းရာသို့ အာဖဂန်နစ္စတန်တပ်ဖွဲ့ဝင်များက ပစ်မှတ်ထားဝင်စီးပြီး သောင်းကျန်းသူတပ်မှူးအပါအဝင် တာလီဘန် ၁၄ ဦးကို ချေမှုန်းလိုက်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

စီးနင်းတိုက်ခိုက်မှုသည် နိုင်ငံမြို့တော် ကာဘူးလ်အရှေ့ဘက် ကီလိုမီတာ ၉၀ အကွာရှိ လာ့ခ်မန်းပြည်နယ်အရှေ့ပိုင်းတွင် ဖေဖော်ဝါရီ ၂၁ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ထိုပြည်နယ်၏မြို့တော် မတ်ယာလက်မြို့ပြင်ကျေးရွာနှစ်ရွာအတွင်း တာလီဘန်တို့ပုန်းခိုရာကို အာဖဂန်စစ်တပ်နှင့်ရဲဝန်ထမ်းများပါဝင်သော လုံခြုံရေးတပ်များက စီးနင်းသည်။ တပ်မှူး ကာရီအဲလ်မတ်ဆိုသူကို လက်နက်ကိုင်စစ်သွေးကြွ ၁၄ ဦးနှင့်တကွ သုတ်သင်ချေမှုန်းပစ်နိုင်ခဲ့သည်။

တာလီဘန်တပ်မှူး ကာရီအဲလ်မတ်သည် ယင်းနယ်မြေတွင် အစိုးရအားဆန့်ကျင်တိုက်ခိုက်ရေးလှုပ်ရှားမှုများစွာကို ကြိုးကိုင်လှုပ်ရှားသူတစ်ဦးဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ထုတ်ပြန်ချက်တွင် ဖော်ပြသည်။ ယခုစီးနင်းတိုက်ခိုက်မှုအရေးကို တာလီဘန်တို့ဘက်က တစ်စုံတစ်ရာ အတည်ပြုချက်ထုတ်ပြန်မပေးခဲ့ပေ။ **(ဆင်ဟွာ)**

ဆီးရီးယားစစ်တပ် စကတ်ဒုံးကျည်သုံး တိုက်ခိုက်

ဒမတ်စကတ် ဖေဖော်ဝါရီ ၂၂

ဆီးရီးယားစစ်တပ်က ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် အလက်ပိုရှိ စစ်အခြေစိုက်စခန်းများ သူပုန်လက်သို့ ကျရောက်ခဲ့ပြီးနောက် စကတ်ဒုံးကျည်သုံး တိုက်ခိုက်ခဲ့ရာ အတိုက်အခံများ၏လူနေရပ်ကွက်အတွင်း ကျရောက်ပေါက်ကွဲခဲ့သဖြင့် အနည်းဆုံး ၂၀ သေဆုံးသွားကြောင်း ဖေဖော်ဝါရီ ၂၁ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။ ဆီးရီးယားနိုင်ငံအတွင်း သမ္မတဘာရှာအယ်လ်အာဆတ် ဆန့်ကျင်ရေးအရှိန်မြင့်တက်လျက်ရှိစဉ် သူပုန်များကလည်း မြို့တော် ဒမတ်စကတ်ရှိ သမ္မတနန်းတော်ဝင်းအတွင်း မော်တာဗုံးသုံးလုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်ဟုဆိုသည်။ ဆီးရီးယားပဋိပက္ခသည် နှစ်နှစ်ပြည့်ရန် နီးလာချိန် သေဆုံးသူ ၇၀၀၀၀ အထိရှိသွားပြီဖြစ်သည်။ **(ပရက်စ်တီဗွီ)**

အိန္ဒိယနိုင်ငံတောင်ပိုင်း ဟိုက်ဒရာဘတ်မြို့တွင် ဗုံးပေါက်ကွဲမှုများဖြစ်ပွား၊ ၂၀ ကျော်သေဆုံး

နယူးဒေလီ ဖေဖော်ဝါရီ ၂၂

အိန္ဒိယနိုင်ငံတောင်ပိုင်း အင်ဒရာပရာဒေ့ရှ်ပြည်နယ် ဟိုက်ဒရာဘတ်မြို့တွင် ပြင်းထန်သောဗုံးပေါက်ကွဲမှု နှစ်ကြိမ်ဖြစ်ပွားပြီးနောက် လူ ၂၀ ထက်မနည်း သေဆုံးခဲ့ပြီး ၈၀ ကျော်ဒဏ်ရာရရှိခဲ့ကြောင်း ဖေဖော်ဝါရီ ၂၂ ရက်က ပရက်စ်တီဗွီ သတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါဗုံးပေါက်ကွဲမှုများသည် ဖေဖော်ဝါရီ ၂၁ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပထမဆုံးဗုံးပေါက်ကွဲမှုသည် ဟိုက်ဒရာဘတ်မြို့၏ အကြီးဆုံးကုန်သန်းရောင်းဝယ်ရေးအချက်အချာကျရာဒေသများအနက်မှ တစ်ခုဖြစ်သည့် ဒဲလ်ဆွတ်ခ်နာဂါခရိုင်အတွင်းရှိ လူသိများသည့် ဗင်ကာတာဒရီရုပ်ရှင်ရုံအနီး၌ ယင်းနေ့ညနေပိုင်းတွင် ဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)** ထို့နောက် မိနစ်အနည်းငယ်အကြာတွင် အဆိုပါမြို့အတွင်းရှိ ဘတ်စ်ကားမှတ်တိုင်အနီးတွင် ဗုံးပေါက်ကွဲမှုထပ်မံဖြစ်ပွားခဲ့သည်။

ယင်းဗုံးနှစ်လုံးကို မီတာ ၁၀၀ မှ ၁၅၀ ကွာသည့် စက်ဘီးနှစ်စီးပေါ်တွင် ထောင်ထားခြင်းဖြစ်ကြောင်း အိန္ဒိယပြည်ထဲရေးဝန်ကြီး ဆူရှီကူမာရှန်ဒီ၏ ပြောကြားချက်အရ သိရသည်။

ဤဖြစ်ရပ်သည် ယုတ်မာသော လုပ်ဆောင်မှုတစ်ရပ်ဖြစ်ပြီး ၎င်းပြစ်မှုကို အရေးမယူဘဲထားမည် မဟုတ်ကြောင်း၊ တိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားသွားခဲ့သည်။

ယင်းတိုက်ခိုက်မှုများအတွက် မည်သည့်အုပ်စု သို့မဟုတ် တစ်ဦးတစ်ယောက်ကမျှ ၎င်းတို့၏ လက်ချက်ဖြစ်သည်ကို အခိုင်အမာပြောကြားခြင်းမရှိဟု ဆိုသည်။ **(ပရက်စ်တီဗွီ)**

တင်မောင်လွင် – စုစည်းသည်

သင့်ကြောင့်မီးမလောင်ပါစေနဲ့

Junction Cineplex ၂၂-၂-၂၀၁၃ တွင် ပြသမည့် ဇာတ်ကားများ (တစ်ပတ်စာ ကြိုတင် Booking လက်ခံနေပါပြီ)



Junction Square (Ph - 01 527 055)		
Sammy - 2	[illegible]	10:30, 1:00, 4:00, 7:00
	[illegible]	10:30, 1:00, 4:00, 7:00, 9:00
[illegible]	[illegible]	10:30, 1:30, 4:30, 7:30
	[illegible]	10:00, 12:30, 3:30, 6:30, 9:30
Junction Maw Tin (Ph - 01 225 244)		
Sammy - 2	[illegible]	10:30, 1:00, 4:00, 7:00
	[illegible]	10:30, 1:00, 4:00, 7:00, 9:00
[illegible]	[illegible]	10:30, 1:30, 4:30, 7:30
	[illegible]	10:00, 12:30, 3:00, 6:00, 9:00
Junction Nay Pyi Taw (Ph - 067 421 615)		
[illegible]	[illegible]	10:30, 1:30, 4:30, 7:30

မာလီသမ္မတရွေးကောက်ပွဲ ကျင်းပရန် ထုတ်ပြန်ကြေညာပြန်ပြီ

တိုး

မာလီနိုင်ငံ မြောက်ပိုင်းမှ အစ္စလာမ္မစ် စစ်သွေးကြွသူပုန်များကို စစ်ဆင်လျက်ရှိသော ပြင်သစ်နှင့် မာလီအစိုးရတပ်များက ဘူရင်မြို့ကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်က သိမ်းပိုက်လိုက်သည်။ ဘူရင်မြို့သည် မဟာဗျူဟာအရေးပါသော မြို့ဖြစ်ပြီး မြောက်ပိုင်းမြို့တော် ဂါအို၏မြောက်ဘက် ၉၅ ကီလိုမီတာတွင် တည်ရှိသည်။ ထိုမြို့တွင် ပြင်သစ်ဦးဆောင်သည့်တပ်ဖွဲ့ဝင် ၁၀၀၀ ခန့်တပ်စွဲထားကြောင်း အမည်မဖော်လိုသည့် ပြင်သစ် စစ်အရာရှိတစ်ဦးက ပြောကြားသည်။

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်က ပြင်သစ်တပ်များသည် မြောက်ပိုင်းမြို့တော် ဂါအိုကို သိမ်းပိုက်ပြီးနောက် သူပုန်များကို မြို့တွင်း၌ တစ်အိမ်တက်ဆင်း ရှာဖွေခဲ့သည်။ ဂါအိုမြို့ကို သိမ်းပြီးသောအခါ သူပုန်နှိမ်နင်းရေးစစ်ဆင်မှု၌ ဖေဖော်ဝါရီ ၁၇ ရက်က ဘူရင်မြို့ကို သိမ်းပိုက်နိုင်ခြင်းဖြစ်သည်။

သက်သေခံလျက်

မာလီတပ်ဖွဲ့ဝင်များနှင့် ပြင်သစ်တပ်ဖွဲ့ဝင်များ၏ မြောက်ပိုင်းသူပုန်နှိမ်နင်းရေးစစ်ဆင်မှုတွင် ယခုအခါ အစပိုင်းနှင့်မတူဘဲ သူပုန်တို့ဘက်က နည်းဗျူဟာများ ပြောင်းလာသည်ကို တွေ့ရသည်။ ယင်းမှာ ရန်သူတို့နှင့် ရင်ဆိုင်တိုက်ခိုက်ခြင်း မပြုတော့ဘဲ သူပုန်များသည် ပြောက်ကျားနည်းဖြင့် တိုက်ခိုက်လာခြင်းဖြစ်ကြောင်း အသေခံဖုံးခွဲမှုများက သက်သေခံလျက်ရှိသည်။

ခန့်အပ်တာဝန်ပေး

အကြမ်းဖက်သမားများသည် အသေခံ ဗုံးခွဲတိုက်ခိုက်လာသည်ကို တွေ့ရကြောင်းဖြင့် မာလီယာယီသမ္မတထရာအိုးက ဖေဖော်ဝါရီ ၁၃ ရက်တွင် ပြောကြားသည်။ မာလီနိုင်ငံလုံခြုံရေး တပ်ဖွဲ့ဝင်များ ပြုပြင်ဖွဲ့စည်းရေးအတွက် စစ်ရေးကော်မတီဥက္ကဋ္ဌအဖြစ် ဗိုလ်ကြီး အမာဒိုဟာယာဆာနိုဂိုအား ခန့်အပ်တာဝန်ပေးသည့် အခမ်းအနားတွင် သမ္မတထရာအိုးက ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

ပြောင်းလဲကျင့်သုံး

၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၁ ရက်မှစ၍ ပြင်သစ်တပ်ဖွဲ့များနှင့် အာဖရိကတပ်ဖွဲ့များ၏ ကူညီထောက်ခံမှုဖြင့် မာလီနိုင်ငံ အစိုးရတပ်များက မြောက်ပိုင်းသူပုန်များကို စစ်ဆင်တိုက်ခိုက်ရာ၌ပြီးခဲ့သည့် ရက်သတ္တပတ်ကစပြီး သူပုန်တို့ဘက်က ပြောက်ကျားစစ်ဆင်ရေးမျိုး ပြောင်းလဲကျင့်သုံးလာသည်ဟု တွေ့ရသည်။

အကြမ်းဖက်မှုဖြင့် ဖမ်းဆီးခံရသူအားလုံးကို ပြည်နယ်များတွင် မစစ်ဆေးသေးဘဲ မာလီမြို့တော်ဘာမာကိုသို့ လွှဲပေးမည်ဖြစ်ကြောင်း ပြည်နယ်အယူခံရုံးက မကြာမီကပင် ထုတ်ပြန်ကြေညာထားသည်။

ပြင်သစ်နှင့် မာလီတပ်ဖွဲ့ဝင်များက မာလီနိုင်ငံမြောက်ပိုင်း စစ်သွေးကြွသူပုန်များကို ဒေသတွင်း အဓိကမြို့များမှ တိုက်ထုတ်လိုက်သောအခါ နိုင်ငံမြောက်ပိုင်း သဲကန္တာရဒေသ၏ ဝေးလံသီခေါင်သည့် တောင်များကြားတွင် သူပုန်များခိုအောင်းနေကြသည်။ ယင်းတောင်ကြားများမှာ ချောက်ချားဖွယ်ကောင်းလောက်အောင် လူသူကင်းဝေးသည်။ ငါးထပ်တိုက်တစ်တိုက်မျှမြင့်မားပြီး နှစ်ထပ်ဘတ်စ်ကား ၁၀ စီး တန်းစီထားသလောက်အရှည်ရှိသော ကျောက်ဆောင်ကြီးတစ်ဆောင်ကို အဝေးကပင်မြင်နိုင်သည်။ လေဒဏ်၊ မိုးရေဒဏ် အထပ်ထပ်ခံထားရသည့် ဤကျောက်တုံး ကျောက်စိုင်ကြီးမှာ ပြောင်ချော၍ပင်နေသည်။ ယင်းအောက်၌ ဂူများတည်ရှိသည်။ ဆာဟာရသဲကန္တာရ၏ နေ့ခင်းအပူရှိန်၊ ညပိုင်းအအေးဓာတ်တို့၏ ရိုက်ခတ်မှုကြောင့် ကျောက်တုံးကြီးမှာ နှစ်ပိုင်းဟက်တက်ကွဲနေသည်ကို တွေ့ရသည်။ သို့သော် ဂူများမှာ ရှေးအခါက အမဲလိုက်သူများ စုပေါင်း စတည်းချသည့်စခန်းဖြစ်သကဲ့သို့ ယခုအခါ စစ်သွေးကြွသူပုန်တို့အဖို့ လုံခြုံစိတ်ချစွာ ခိုအောင်းစရာနေရာများ ဖြစ်လာတော့သည်။ ပူသည့်ရာသီတွင် အစွမ်းကုန် ပူပြင်းခြောက်သွေ့သည် မှန်သော်လည်း မိုးရွာချိန်တွင်မူ မိုးရေများက ရေကန်များကို ရေပြန်ပြည့်စေသည့်အတွက် သူပုန်တို့အဖို့ သောက်သုံးရေမရှားဖြစ်ခဲ့သည်။

အပြုတ်တိုက်ရေး

တစ်နည်းအားဖြင့် ဤဒေသမှာ သူပုန်တို့အတွက် ရှောင်တိမ်းခိုနားရာ နေရာကောင်းဖြစ်သည်။ ထို့ကြောင့် စစ်သွေးကြွသူပုန်အပြုတ်တိုက်ရေးမှာ အခက်အခဲရှိသည်။ ဤအတောအတွင်း မာလီနိုင်ငံတစ်ဝန်း သမ္မတရွေးကောက်ပွဲကို ၂၀၁၃ ခုနှစ် ဇူလိုင် ၇ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ယာယီအစိုးရ ပိုင်နက်နယ်မြေ စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီး မူဆာဆင်ကိုက ထုတ်ဖော်ကြေညာလိုက်သည်။

ပြောကြား

နိုင်ငံမြောက်ပိုင်းမှ စစ်သွေးကြွသူပုန်များကို ချေမှုန်းရန် ပြင်သစ်တပ်ဖွဲ့ဝင်များ ပါဝင်ဆင်နွှဲပြီးနောက် မာလီနိုင်ငံတည်ငြိမ်ရေးတွင် အရေးပါသော ခြေလှမ်းတစ်ခုအဖြစ်လည်း သမ္မတရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ဝန်ကြီးက ပြောကြားလိုက်သည်။

သမ္မတရွေးကောက်ပွဲ ဒုတိယအကြိမ်လိုအပ်ပါက ကျင်းပရလျှင် ပြည်သူ့လွှတ်တော်အမတ်များ ရွေးကောက်ပွဲနှင့်အတူ ဇူလိုင် ၂ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ဝန်ကြီး မူဆာဆင်ကိုက ထည့်သွင်းကြေညာသည်။

မာလီနိုင်ငံ၌ ၂၀၁၂ ခုနှစ် ဧပြီကလည်း ရွေးကောက်ပွဲကျင်းပရန် လျာထားပြင်ဆင်ခဲ့သည်။ ထိုအခါက အဖြစ်မျိုး ထပ်ဖြစ်မည်ကို မာလီပြည်သူတို့က စိုးရိမ်နေကြသည်။

စစ်သွေးကြွသူပုန် အပြုတ်တိုက်ရေးမှာ အခက်အခဲရှိ မာလီနိုင်ငံတစ်ဝန်း သမ္မတရွေးကောက်ပွဲကို ၂၀၁၃ ခုနှစ် ဇူလိုင် ၇ ရက်တွင် ကျင်းပမည်ဖြစ်

နိုင်ငံတကာသတင်း

တာလီဘန်များ လက်နက်ချ အလင်းဝင်

အာဖဂန်တာလီဘန် စစ်သွေးကြွ ၁၆ ဦးက အကြမ်းဖက်မှုကို ဆန့်ကျင်သည့်အနေဖြင့် လက်နက်ချပြီး အစိုးရနှင့်ပူးပေါင်းခဲ့ကြောင်း အာဖဂန်မြောက်ပိုင်း ဘော့ချ်ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။ တာလီဘန်တပ်မှူး အမီယာဂါးအပါအဝင် စုစုပေါင်းတာလီဘန် ၁၆ ဦးတို့သည် လက်နက်ကိုင်တိုက်ခိုက်မှုများကို စွန့်လွှတ်ကာ ငြိမ်းချမ်းရေးဆောင်ရွက်ရန် အစိုးရတပ်များထံ လက်နက်ချခဲ့ကြကြောင်း ဒုတိယပြည်နယ်ရဲအရာရှိ အဗ္ဗဒူလ်ရာဇတ်ကွာဒရီက ဆင်ဟွာသို့ ပြောကြားသည်။

အဆိုပါ စစ်သွေးကြွများသည် ဒီဒါဒီခရိုင်၌ တက်ကြွလှုပ်ရှားနေကြသူများဖြစ်သည်။ ယင်းတို့သည် မာဇာအီရှရစ်ခန်းမ၌ကျင်းပသော ကြိုဆိုပွဲ အခမ်းအနား၌ လက်နက် ၁၄ ခုကိုလည်း အစိုးရအာဏာပိုင်များထံ အပ်နှံခဲ့သည်။

ဆိုက်ဘာတိုက်ခိုက်သည်ဟု အမေရိကန်က တရုတ်ကိုစွပ်စွဲ

အမေရိကန်အစိုးရ အေဂျင်စီများနှင့် ကော်ပိုရေးရှင်းများကို တရုတ်စစ်တပ်က ဆိုက်ဘာတိုက်ခိုက်နေသည်ဟု အမေရိကန်တို့က စွပ်စွဲပြောဆိုနေခြင်းကို တရုတ်အစိုးရက ငြင်းဆိုလိုက်သည်။

တရုတ်နိုင်ငံသည် ဆိုက်ဘာတိုက်ခိုက်ခံနေရသည့် အဓိကနိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ တရုတ်နိုင်ငံက ဆိုက်ဘာတိုက်ခိုက်မှုကို အားမပေးကြောင်း၊ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟောင်လိက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

မြင့်မောင်စိုး - စုစည်းသည်။

တရုတ်ကင်းလှည့်စစ်သင်္ဘောအုပ်စု ဆိုမာလီသို့ ထွက်ခွာ

တရုတ်နိုင်ငံ၏ ၁၄ ခုမြောက် ကင်းလှည့်ရေယာဉ်အုပ်စုသည် ကင်းလှည့်မစ်ရှင်တာဝန်ထမ်းဆောင်ရန် တရုတ်နိုင်ငံမှ အေဒင်ပင်လယ်ကွေ့နှင့် ဆိုမာလီရေပိုင်နက်သို့ ထွက်ခွာသွားကြောင်း ဆင်ဟွာသတင်းတွင် ဖေဖော်ဝါရီ ၂၀ ရက်က ဖော်ပြသည်။ ၎င်းကင်းလှည့်သင်္ဘောအုပ်စုက တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်(ပီအယ်လ်အေ)ရေတပ်မှ စေလွှတ်ခဲ့ခြင်းဖြစ်သည်။

ယင်းသင်္ဘောအုပ်စုတွင် ဖျက်သင်္ဘောတစ်စင်း၊ တိုက်ခိုက်ရေးသင်္ဘောတစ်စင်းနှင့် ထောက်ပံ့ရေးသင်္ဘောတစ်စင်းပါဝင်သည်။ အဆိုပါ သင်္ဘောအုပ်စုတွင် ၇၃၀ အင်အားရှိ တပ်တစ်တပ်လည်း လိုက်ပါသွားသည်။

ဆား (ရ်) ဗိုင်းရပ်စ်ကဲ့သို့ရောဂါ ဗြိတိန်တွင် ဖြစ်ပွား

ဗြိတိန်နိုင်ငံတွင် လူနာတစ်ဦး ဆား(ရ်)ဗိုင်းရပ်စ်ကဲ့သို့သေစေနိုင်သော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါသစ်ကူးစက်ခံရပြီး သေဆုံးသွားကြောင်း ဖေဖော်ဝါရီ ၁၉ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။ ၎င်းလူနာသည် ဘာမင်ဂမ်မြို့တွင်း အဲလိဇဘက်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူစဉ် ဖေဖော်ဝါရီ ၁၇ရက် နံနက်က သေဆုံးခဲ့ကြောင်း ယင်းဆေးရုံက အတည်ပြုပြောကြားသည်။ ယင်းရောဂါသည် ကမ္ဘာတစ်ဝန်း အနည်းဆုံးလူ ၁၂ ဦးကူးစက်ခံရပြီး ခြောက်ဦးသေဆုံးသွားပြီဖြစ်သည်။ ဗြိတိန်နိုင်ငံတွင် မိသားစုတစ်စုအတွင်း သုံးဦး ယင်းရောဂါ ကူးစက်ခံခဲ့ရသည်။ အခြားတစ်ဦးမှာ ကာတာနိုင်ငံမှ ပြန်လာပြီး ဖြစ်ပွားခဲ့သည်ဟုဆိုသည်။ ၎င်းရောဂါကူးစက်ခံရသူသည် နာဖျားပြီး ကျောက်ကပ်အလုပ်မလုပ်နိုင်ဘဲ ဖြစ်ရသည်ဟုဆိုသည်။

သက်ရှိရှင်သန်စွမ်းသည့် ဂြိုဟ်များထောက်လှမ်းနိုင်မည့် မှန်ပြောင်းနည်းပညာ နာဆာကတီထွင်

ကြယ်တာရာ နေအဖွဲ့အစည်းများတွင် လှည့်ပတ်နေသော ဂြိုဟ်များကို ပြီးခဲ့သည့် ၁၅ နှစ်အတွင်း ရာနှင့်ချီ၍ ရှာဖွေတွေ့ရှိထားပြီးသော်လည်း ထိုဂြိုဟ်များပေါ် သက်ရှိများရှင်သန်နိုင်စွမ်းရှိမရှိကမူ ကာလရှည်မေးခွန်းဟောင်းကြီးဖြစ်နေသည်။

သို့သော်လည်း နာဆာ၏ နည်းပညာသစ်သည် ယခုမေးခွန်းဟောင်းကို ဖြေရှင်းနိုင်မည်ဟု ဆိုသည်။ ကြယ်တာရာစုများအတွင်းမှ ကွာဝေးဂြိုဟ်များဆီသို့ သွားရောက်နိုင်ခြင်းနှင့် အကွာအဝေးအမှန်ကို တိကျစွာ မသိနိုင်သေးသော်လည်း နာဆာတီထွင်လိုက်သည့် ခေတ်ရှေ့ပြေး အာကာသကြည့်မှန်ပြောင်းမှ အမြင်အလင်းဆက်နွယ်မှုဖြင့် အခြားသောဂြိုဟ်ကမ္ဘာတွင် သက်ရှိများ ရှင်သန်စွမ်းကို သိရှိနိုင်တော့မည်ဖြစ်သည်။ နာဆာ၏ အမှီသုတေသနစင်တာမှ သိပ္ပံပညာရှင်များသည် တခြားဂြိုဟ်များတွင် သက်ရှိရှင်သန်စွမ်းမှီတည်ရာ လေထုအောက်ဆီဂျင်နှင့် အရည်တည်ရှိမှုတို့ကို စူးစမ်းနိုင်မည့် တယ်လီစကုပ်အမြင်အလင်းခွဲခြားစူးစမ်းမှုနည်းပညာကို တီထွင်ခဲ့သည်။

အဆိုပါ တယ်လီစကုပ်နည်းပညာသည် ကမ္ဘာဂြိုဟ်ကဲ့သို့ သက်ရှိနေထိုင်နိုင်ရာ ဂြိုဟ်များကို ထောက်လှမ်းရှာဖွေနိုင်ရန် မစွမ်းသော်လည်း ရှင်းလင်းပြတ်သား တိုက်ရိုက်ဓာတ်ပုံများဟုခေါ်သော ဓာတ်ပုံများကို ရယူပေးနိုင်မည်ဖြစ်သည်။ ထိုပြတ်သားဓာတ်ပုံများ နည်းပညာသုံးကာ ရေနှင့်အောက်ဆီဂျင်အငွေ့အသက်တို့ ရှိ မရှိ သိရှိရန် စွမ်းဆောင်နိုင်မည်ဖြစ်သည်။

စူးရှသည့် ကြယ်တာရာရောင်ခြည်တန်းများ ခွဲဖြန့်ဖြာထွက်ခြင်းကြားအာကာသဂြိုဟ်များကို မှေးမှိန်စွာသာ မြင်ကွင်းဖမ်းနိုင်ခဲ့သည်။ ယခုတီထွင်မှုနည်းပညာသည် ထိုပြဿနာကို ကျော်လွှားစေပြီး သက်ရှိရှင်သန်စွမ်းရှိသော အာကာသဂြိုဟ်များ၏ ပုံရိပ်ကိုအတိအကျဖတ်နိုင်မည်ဟု နာဆာနက္ခတ်ပညာရှင် ရုစတန်ဘီလီကော့က ပြောကြားသည်။ ၂၀၁၀ ခုနှစ်များနှင့် နောက်ပိုင်းကာလများ၏ ရည်မှန်းထားရာ ကြယ်တာရာအဖွဲ့အစည်းဂြိုဟ်များကို တိကျပုံရိပ်များဖမ်းယူမည့် မစ်ရှင်အတွက် ၂၀၀၃ ခုနှစ်မှ စတင်ကာ နည်းပညာများ စမ်းသပ်နေခြင်းဖြစ်ပြီး ယခုနောက်ဆုံးပေါ် ခေတ်ရှေ့ပြေးနည်းပညာကို တီထွင်ခဲ့ခြင်းဖြစ်သည်။

ကြယ်ရောင်စဉ်တန်းအတွင်း ပြောင်းလဲမှုကို ထောက်လှမ်းခြင်းဖြင့် ကွာဝေးဂြိုဟ်များ၏ အရွယ်အစားကို သိပ္ပံပညာရှင်များက အကဲဖြတ်နိုင်ပြီး ထိုနည်းပညာကို နာဆာ၏ ၂၀၀၉ ခုနှစ်ကစတင်ခဲ့သည့် ကက်ပလာမှန်ပြောင်းလုပ်ငန်းစဉ်တွင် သုံးစွဲလျက်ရှိသည်။

သုတကျော် - ရေးသည်။

ပြည်တွင်းသတင်း

သက်သာသောအတိုးနှုန်းဖြင့် ချေးငွေရရှိနိုင်ရန် ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၂

သမဝါယမဝန်ကြီးဌာနက ဆောင်ရွက်နေသော အသေးစား ငွေစုငွေချေးလုပ်ငန်းသည် ကျေးလက်နေပြည်သူများနှင့် မြို့ပြနေ အခြေခံလူတန်းစားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရင်းနှီးမတည်ငွေရရှိစေပြီး ရေရှည်တွင်ချေးငွေရယူရန်မလိုဘဲ မိမိဘာသာ မိမိရပ်တည်နိုင်သည်အထိ ရည်မှန်းဆောင်ရွက်နေသောလုပ်ငန်းဖြစ်သည့်အပြင် နိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်များအတိုင်း ဆင်းရဲမှုလျှော့ချရေးကို ဦးတည်ဖော်ဆောင်နေသောလုပ်ငန်းဖြစ်သောကြောင့် ကျေးလက်နေပြည်သူများ ယခုထက်ပို၍ အရင်းအနှီးချေးငွေများ ရရှိနိုင်ရေးအတွက် တရုတ်နိုင်ငံမှ သက်သာသောအတိုးနှုန်းဖြင့် ချေးငွေရရှိနိုင်ရေးနှင့် ပတ်သက်ပြီး သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် Dr. Zhu Hong mei ဦးဆောင်သော တရုတ်အစိုးရ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ချေးငွေလုပ်ငန်းဆိုင်ရာ ဘဏ်လုပ်ငန်းကျွမ်းကျင်သူအဖွဲ့တို့ ယနေ့ နံနက် ၉ နာရီတွင် သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

စုပေါင်းထမနဲဆွမ်းလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

မင်းကွန်းတောင်ရိုး မဟာသံဃိကဓမ္မသာရ ရေ-မီး-ဆွမ်း-ဆေး အလှူတော်နှင့် ဗုဒ္ဓတစ်ထောင် မင်းကွန်းတောင်စီမံကိန်းကြီး၏ပဓာန ဦးဆောင်ဆရာတော် ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဓမ္မသာရ (ဒီဃဘာဏက) အရှင်မြတ်ကို အမှူးထား၍ မင်းကွန်းတောင်ရိုး မဟာသံဃိကဓမ္မသာရ ရေ-မီး-ဆွမ်း-ဆေး အလှူတော်အဖွဲ့ကြီး၏ ဒသမအကြိမ်မြောက် စုပေါင်းထမနဲ ဆွမ်းလှူဒါန်းပွဲကြီးကို ၁၃၇၄ ခုနှစ် တပို့တွဲလပြည့်ကျော် ၆ ရက် မတ်လ ၃ ရက် (တနင်္ဂနွေနေ့) တွင် သာကေတမြို့နယ် ၇/ အနောက်ရပ်ကွက်၊ အောင်ချမ်းသာ(မြေနီ)လမ်းရှိ မင်းကွန်းဓမ္မသာရ ပရိယတ္တိစာသင်တိုက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ယင်းနေ့ နံနက် ၅ နာရီတွင် သံဃာတော် အပါး ၁၀၀၀ ကျော်အား ထမနဲ ဆွမ်းလောင်းလှူမည်ဖြစ်ပြီး နံနက် ၇ နာရီမှစ၍ ဧည့်ပရိသတ်တို့အား ဧည့်ခံကျွေးမွေးပါမည်။

ဆက်သွယ်လှူဒါန်းနိုင်

လှူဒါန်းလိုသူများသည် ထမနဲ တစ်ဒယ်လျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် မင်းကွန်းဓမ္မသာရပရိယတ္တိစာသင်တိုက် ဖုန်း-၄၅၀၆၅၈၊ ၀၉-၅၁၁၄၆၀၉၊ ၄၅၀၈၂၅ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာပုလဲနဂါး Travels & Tours Co., Ltd.
MPD ၏ ပျော်ရွှင်ဖွယ် ခရီးစဉ်များ
Hot Lines:
01-2300916
09-73048157
09-5092343
No.72, 1st Floor, 14th Street, Lanmadaw Township, Yangon, Myanmar
Fax: 01-2300916

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ပိုလ်ချို(၁)ရပ်ကွက် အောင်မြေသုခကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်ထားသော လောကမုနိအောင်မြေချမ်းသာရ ဆုတောင်းပြည့်ဘုရားကြီး၏ (၁၂)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို မတ် ၁ ရက်မှ ၃ ရက်အထိ ကျင်းပမည်ဖြစ်ရာ ပွဲတော်ရက်အတွင်း မတ် ၁ ရက်တွင် ရှမဝအငြိမ့်၊ မတ် ၂ ရက်တွင် ပဒေသာကပွဲနှင့်ပျော်ပွဲရွှင်ပွဲများ၊ မတ် ၃ ရက် ညနေ ၃ နာရီခွဲတွင် ပင့်သံဃာတော် ၁၀၈ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ရွှေမြင့်မိုရ်အငြိမ့်တို့ဖြင့် ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာနှင့် မလေးရှား ဂိုးမရှိ သရေကျ

သတင်းဓာတ်ပုံ - ဖိုးသော်ဇင်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

AFC Challenge Cup ခြေစစ်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာအသင်းနှင့်မလေးရှား ယူ-၂၃ အသင်းတို့၏ ခြေစမ်းပွဲကို ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်းတွင် ယှဉ်ပြိုင်ကစားရာ ဂိုးမရှိ သရေကျသွားသည်။

မြန်မာ - ဂိုးမရှိ
မလေးရှားယူ-၂၃ - ဂိုးမရှိ

မြန်မာအသင်းမှာ AFC Challenge Cup ခြေစစ်ပွဲကိုအနီးကပ်ဆုံးဝင်ရောက်ယှဉ်ပြိုင်ရန်ရှိသော်လည်း ယခုခြေစမ်းပွဲကို ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် ယူ-၂၃ ကစားသမားများဖြင့်သာ ယှဉ်ပြိုင်ခဲ့သည်။ အသင်းခေါင်းဆောင်အဖြစ် ကျော်ဇေယျာဝင်းက တာဝန်ယူကာ ရန်အောင်ဝင်း၊ ကြည်လင်း၊ ကောင်းစည်သူ၊ သိန်းသန်းဝင်း၊ နိုင်လင်းဦးတို့ဖြင့် မြန်မာအသင်းပွဲထွက်ခဲ့သည်။ မြန်မာအသင်း၏ ကစားပုံမှာ အကောင်းဆုံးအနေအထားမျိုး မရှိသော်လည်း မလေးရှားအသင်းကို ခြေအသာဖြင့် ကစားနိုင်ခဲ့ပြီး အဆုံးသတ်ဂိုးသွင်းအားနည်းမှုကြောင့်သာ အနိုင်မရခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းနည်းပြချုပ် ပတ်ဆောင်ဟွာမှာ ယခုပွဲတွင် ကစားသမားများကို နေရာအပြောင်းအလဲလုပ်ကာ ကစားစေခဲ့သောကြောင့် ပွဲအစတွင် ကစားကွက်တည်မရ ဖြစ်ခဲ့သည်။ ဒဏ်ရာက ပြန်ကောင်းလာသည့် ကြည်လင်းမှာလည်းပွဲအစ၌ ကစားပုံမဝံ့မရဲဖြစ်နေသည်ကို တွေ့ရသည်။

ယခုပွဲတွင်အသင်းခေါင်းဆောင် ကျော်ဇေယျာဝင်းမှာ အနိုင်ဂိုးရနိုင်သည့် အခွင့်အရေးများကို အသုံးချနိုင်ခြင်းမရှိဘဲ ၄၁ မိနစ်နှင့် ၄၉ မိနစ်တို့တွင်ရရှိသော အပိုင်အခွင့်အရေးများကို လွဲချော်ခဲ့သလို ၄၈ မိနစ်တွင် ဖရီးကစ်ကို ကန်သွင်းရာတွင်လည်း တိုင်ထိထွက်သွား၍ နစ်နာခဲ့ရသည်။

မြန်မာအသင်းတွင် **ဂိုး**-ပြည့်ဖြိုးအောင်၊ **နောက်တန်း**-သက်နိုင်၊ အောင်ဟိန်းကျော် (ရဲဇော်ထက်အောင်)၊ ဖြိုးကိုကိုသိန်း၊ သိန်းသန်းဝင်း၊ **အလယ်တန်း** - ရန်အောင်ဝင်း (အောင်ဇော်)၊ နိုင်လင်းဦး၊ ကြည်လင်း၊ ကျော်ဇေယျာဝင်း၊ မျိုးဇော်ဦး (စည်သူအောင်)၊ **ရှေ့တန်း**- ကောင်းစည်သူ (စိုးကျော်ကျော်) တို့ ပါဝင်ကစားခဲ့သည်။

မြန်မာအသင်းမှ မလေးရှားအသင်းဘက်သို့ ထိုးဖောက်ဂိုးသွင်းရန် ကြိုးစားနေစဉ်။

သိန်း ၇၀ ကျော် တန်ဖိုးရှိစိတ်ကြွရူးသွပ်ဆေးပြားသုံးထောင်ကျော် လားရှိုးမြို့ မန်ဆူကားစခန်းတွင် အမျိုးသမီးနှစ်ဦးထံမှ ဖမ်းဆီးရမိ

လားရှိုး ဖေဖော်ဝါရီ ၂၂

ဖေဖော်ဝါရီ ၂၀ ရက် ညနေ ၅ နာရီ ၄၅ မိနစ်ခန့်က လားရှိုးမြို့ မန်ဆူခရီးသည်တင်ယာဉ်ရပ်နားစခန်းအတွင်းမှ ငွေကျပ် သိန်း၇၀ နှစ်သောင်းဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားပေါင်း ၃၅၁၀ ဖမ်းဆီးရမိခဲ့ကြောင်း မူးယစ်အထူးအဖွဲ့ တာဝန်ရှိသူထံမှ သိရသည်။

ဖြစ်စဉ်မှာ လားရှိုးမြို့ မူးယစ်အထူးအဖွဲ့မှ ကြိုတင်သတင်းရရှိသဖြင့် မန်ဆူ ခရီးသည်တင်ယာဉ်ရပ်နားစခန်းအတွင်း အသွင်ယူစောင့်ဆိုင်းနေစဉ် ကွတ်ခိုင်မှလာသော မရန်ဆိုက်လျန် ၃၁ နှစ်နှင့် မဝူရွှေရင့် ၄၇ နှစ် အမျိုးသမီးနှစ်ဦးအား ကြယ်တံခွန်ကားဂိတ်အနီးတွင် မသင်္ကာဖွယ်တွေ့ရှိ၍ မူးယစ်အထူးတပ်ဖွဲ့ဝင်များက ၎င်းတို့ကို တပ်ဖွဲ့ရုံးသို့ သက်သေများနှင့်အတူ ခေါ်ဆောင်ကာ ရဲတပ်ဖွဲ့ဝင်အမျိုးသမီးက ရှာဖွေခဲ့ကြောင်း၊ မရန်ဆိုက်လျန်၏ ဘော်လီအင်္ကျီအတွင်းမှ အပြာရောင် ပလတ်စတစ်အိတ်နှင့်ထုပ်၍ 88 နှင့် 1 စာတန်းတစ်ဖက်စီပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅ ပြားပါ ရှစ်ထုပ်၊ ဆေးပြားပေါင်း ၁၅၆၀ တန်ဖိုး ငွေကျပ် ၃၁ သိန်းနှစ်သောင်း ရှာဖွေတွေ့ရှိခဲ့သည်။ မဝူရွှေရင့်ထံမှ 88 နှင့် 1 စာတန်းတစ်ဖက်စီပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅ ပါ ၁၀ ထုပ် ဆေးပြားပေါင်း ၁၉၅၀ တန်ဖိုးငွေကျပ် ၃၉ သိန်းဖိုးကို ကွန်ဒုံးဖြင့်ထုပ်၍ ၎င်း၏ ခန္ဓာကိုယ်အတွင်း ဝှက်ယူရာတွင် ရှာဖွေသိမ်းဆည်းရမိခဲ့ကြောင်း သက်ဆိုင်ရာ မူးယစ်အထူးဖွဲ့ထံမှသိရသည်။

အမှုကို လားရှိုးမြို့ အမှတ် (၁) ရဲတပ်ဖွဲ့စခန်းတွင် ပထမသတင်းပေးတိုင်ချက်အမှတ် ၃၁/၂၀၁၃ နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဥပဒေပုဒ်မ ၁၅/၁၉ (က)အရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(၁၇၇)

လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၊ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၃)ဖြင့် **သုဓမ္မမဏိဇောတဓရ ဒေါက်တာလှဝင်းအောင်** (ဘစိုးဥ - Gems & Jewel Co.,Ltd.)အား **သီဟသုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်ထပ်မံချီးမြှင့်ခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

ဦးသောင်းစိန်-ဒေါ်လှလှအေး (ရွှေမြင့်မိုရ်)
မြန်မာ့လက်မှုပစ္စည်းရောင်းဝယ်ရေးမိသားစု

MHR သင်တန်းကျောင်း၊ (၁၅)နှစ် ပြည့်အထိမ်းအမှတ်
Promoting Youth Employment
Myanmar Info Tech Job Fair
E book Soft Copy
Better Skills, Better Jobs, Better Lives
(MHR)

လွှတ်တော်ရေးရာကဏ္ဍ

◆ ပြည်သူ့လွှတ်တော်မှ

ထားသင့်ပါတယ်၊ အဲဒီဒေသတွေမှာ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြတဲ့ ဆရာဝန်တွေကို အထူးအခွင့်အရေးအနေနဲ့ ရာထူးတိုးပေးတာတို့၊ နိုင်ငံခြားလွှတ်တာတို့၊ ဘွဲ့လွန်တက်ခွင့်ပေးတာတို့၊ ဂုဏ်ပြုတာတို့ လုပ်ပေးမယ်ဆိုရင် တာဝန်ထမ်းဆောင်မှုအတွက် ပိုမိုအဆင်ပြေလာမှာ ဖြစ်ပါတယ်၊ ဒုတိယဝန်ကြီးရဲ့ ဖြေကြားချက်မှာ နောက်မူသစ်တွေ ဘယ်လိုချထားမယ်ဆိုတာ ပါမလာပေမယ့် မူသစ်တွေအတွက် ပညာရှင်တွေ ဆွေးနွေးအဖြေရှာလိမ့်မယ်လို့ ယုံကြည်ပါတယ်”ဟု ပြောပြခဲ့သည်။

နည်းဥပဒေ အတည်ပြုခြင်းကဏ္ဍ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများနှင့် စပ်လျဉ်း၍ သင်္ဃန်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်က **နည်းဥပဒေ ၁၅၉၊ ၁၅၈(င)အရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ ဆွေးနွေးခြင်းကို ရွှေ့ဆိုင်းပေးရန် အဆိုတင်သွင်းလိုပါကြောင်း၊ အရေးကြီးသည့် ဥပဒေရေးဆိုင်ရာ မူပြဿနာများရှိနေပါကြောင်း၊ ယခုပြင်ဆင်ထားသည့် အချက်(၆၃)ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၃၇ (ခ)အရ ဤနည်းဥပဒေသည် မူလဥပဒေပြဋ္ဌာန်းချက်နှင့် မည်သည့်အချက်က ညီညွတ်မှု မရှိကြောင်းကို ကျိုးကြောင်းဖော်ပြထားခြင်း မရှိပါကြောင်း၊ မူလဥပဒေပြဋ္ဌာန်းချက်နှင့် မညီညွတ်မှသာလျှင် ပြင်ဆင်နိုင်မည်၊ ပယ်ဖျက်နိုင်မည်ဖြစ်ပါကြောင်း၊ အခြေခံဥပဒေ၌ ဖြည့်စွက်နိုင်သည်ဆိုခြင်းမှာ မပါရှိပါကြောင်း၊ အခြေခံဥပဒေတွင် ဖြည့်စွက်ချက် ပေးမထားပါကြောင်း၊ အခြေခံဥပဒေက ပေးမထားသော ဖြည့်စွက်ခြင်းတွင် ထပ်မံပြီးဖြည့်စွက်ခြင်းမှာ လုပ်ပိုင်ခွင့်ကို ချဲ့ယူသည့်သဘော သက်ရောက်ပါကြောင်း၊ ယင်းမှာ မိမိတို့လွှတ်တော်အတွက် နောင်အစဉ်လာ မကောင်းနိုင်ပါကြောင်း၊ ထို့ကြောင့် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် တိုင်းပြည်အကျိုးအတွက် တင်ပြချင်သည်မှာ နည်းဥပဒေ (၆၃) ခု၏ ပြဋ္ဌာန်းချက်အများစုသည် ဥပဒေပြဋ္ဌာန်းချက်နှင့် ကွဲလွဲကြောင်း ဖော်ပြပြီးမှသာ ပြင်ဆင်သင့်ပါကြောင်း၊ ဤဥပဒေကို နိုင်ငံနှင့် နိုင်ငံသားများအတွက် အလွန်အရေးကြီးသဖြင့် သက်ဆိုင်ရာ လွှတ်တော်ကော်မတီများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် စိတ်ပါဝင်စားစွာ ပြောဆိုနိုင်မည့်ပုဂ္ဂိုလ်များဖြင့် ပြန်လည်ညှိနှိုင်းရန် လိုအပ်ပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေနှင့် ပတ်သက်ပြီး ဆွေးနွေးခြင်းကို ရွှေ့ဆိုင်းပေးရန် လေးလေးနက်နက် တင်ပြလိုပါကြောင်း**ဖြင့် အဆိုတင်သွင်းသည်။

သင်္ဃန်းကျွန်းမဲ ဆန္ဒ နယ်မှ ဦးသိန်းညွန့် က သူ၏ အမြင်ကို ပြောကြားစဉ်။ (မြန်မာ့အလင်း)

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက **ဖွဲ့စည်းပုံအခြေခံဥပဒေ၌ နည်းဥပဒေကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းသာပါရှိသည်၊ အစားထိုးခြင်း မပါရှိဆိုသည်နှင့် ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုချက် မှန်၊ မမှန် ပြန်သုံးသပ်ရန်လိုပါကြောင်း၊ ထို့ပြင် ဤဥပဒေသည် အရေးကြီးသည်၊ ထို့ကြောင့် ရက်ရွှေ့ဆိုင်းပြီး ဆောင်ရွက်သင့်သည်ဆိုသည့် အချက်(၂)ချက်ကို ဦးသိန်းညွန့်က ဆွေးနွေးခဲ့ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မကိုက်ညီဘူးဟုဆိုခြင်းမှာ ဦးသိန်းညွန့်၏ အဆိုသာဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် လောလောဆယ်တွင် လက်ခံနိုင်စရာအကြောင်း မရှိပါကြောင်း၊ သက်ဆိုင်ရာပညာရှင်များက ဆက်လက်ပြီးဆောင်ရွက်ရမည့် ကိစ္စဖြစ်ပါကြောင်း၊ ထို့ပြင် ရွှေ့ဆိုင်းရန်ဟု ဆိုရာတွင် ယနေ့ ဆွေးနွေးရင်းဖြင့် ရွှေ့ဆိုင်းစရာများရှိသည်ဆိုပါက တင်ပြစေလိုပါကြောင်း၊ ယခု အကြောင်းပြချက်မှာ လုံလောက်မှုမရှိပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ ဥပဒေကြမ်းကော်မတီက ဆက်လက်ဆွေးနွေးတင်ပြရန် ဖိတ်ခေါ်ပါကြောင်း** ပြောကြားသည်။

ယင်းနောက် ပြင်ဆင်ချက် အဆိုတင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က ရှင်းလင်းဆွေးနွေးခြင်းများ ပြုလုပ်ပြီး နည်းဥပဒေများ တစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုဆောင်ရွက်ခဲ့သည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နည်းဥပဒေနှင့်စပ်လျဉ်း၍ သင်္ဃန်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်က ၎င်း၏ အမြင်ကိုပြောကြားရာတွင် “ပြည်ထောင်စုလွှတ်တော်ကနေ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြီးခဲ့တဲ့ နိုဝင်ဘာလ ၂ ရက်နေ့က အတည်ပြုပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီ ဥပဒေမှာကိုက နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လုပ်ထုံး လုပ်နည်းများ ထုတ်ပြန်ဖို့ကို အမျိုးသားစီမံကိန်းနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနကို လွှဲအပ်ထားပြီးဖြစ်ပါတယ်။ ယခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့မှာ နည်းဥပဒေများလည်း ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ ထုတ်ပြန်ထားတဲ့ ဥပဒေနဲ့ပတ်သက်ပြီး ကျွန်တော့်အမြင်(၂)ချက်ကို ပြောချင်ပါတယ်။ ပြင်ဆင်မယ်ဆိုရင် မူလဥပဒေပြဋ္ဌာန်းချက်နဲ့ ကွဲလွဲမှု ရှိ/ မရှိ ကွဲလွဲတယ်ဆိုရင် ဒီနည်းဥပဒေ ပြင်တာကို ကျွန်တော့်အနေနဲ့ သဘောတူပါတယ်။ ကျွန်တော့်အမြင် ပြောရရင်လည်း ခုနက ဒုတိယဝန်ကြီး ဆွေးနွေးသွားတဲ့ (၄၉) ရာခိုင်နှုန်း၊ (၈၀)ရာခိုင်နှုန်းအထိ ရင်းနှီးမြှုပ်နှံသူကို ကန့်သတ်ထားတဲ့၊ တားမြစ်ထားတဲ့ လုပ်ငန်းတွေမှာ အစိုးရအဖွဲ့အစည်းရဲ့ သဘောတူညီချက်နဲ့ ရင်းနှီးမြှုပ်နှံနိုင်တယ်လို့ ပေးပြီးသားဖြစ်ပါတယ်။ အဲဒီတော့ (၈၀)ရာခိုင်နှုန်းပဲ သတ်မှတ်သတ်မှတ်၊ ဒါဟာ မူလဥပဒေနဲ့ မကွဲလွဲဘူးလို့ ယူဆသတ်မှတ်နိုင်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေဟာ မူလကတည်းက ဥပဒေမှာ ဘယ်နေရာမှာ ကန့်သတ်ထားတယ်။ ဘယ်မှာ ဖွင့်ထားတယ်ဆိုတာပါပြီးသားဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ အခြေခံဥပဒေမှာပါတဲ့ စကားလုံးကို ဖွင့်ဆိုတဲ့အခါမှာ နည်းဥပဒေ၊ ဥပဒေနဲ့မဆန့်ကျင်ရင် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းပြုနိုင်တယ်လို့ ပုဒ်မ ၁၃၇(ခ)မှာ ဖွင့်ပေးထားတာရှိပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ပြင်ဆင်တာ၊ ပြဋ္ဌာန်းထားတဲ့အပိုဒ်ကို လိုတိုးပိုလျှော့လုပ်တာ၊ ဒါကို အသစ်ဖြည့်စွက်နိုင်တာ ကျွန်တော်က ပြင်ဆင်တယ်ဆိုတဲ့အထဲမှာ ကျွန်တော်က မသတ်မှတ်ပါဘူး။ အခြေခံဥပဒေနဲ့ ပြဋ္ဌာန်းချက်နဲ့ ကွဲလွဲမှာကို ကျွန်တော့်အနေနဲ့ စိုးရိမ်ပါတယ်။

အချုပ်ပြောရရင် **နိုင်ငံသား၊ နိုင်ငံခြားသားဥပဒေ၊ နည်းဥပဒေသာမက လုပ်ထုံးလုပ်နည်းများဟာ သတ်မှတ်ထားပြီးသား ဖြစ်ပါတယ်။ နည်းဥပဒေတွေကို အချိန်ကုန်ခံပြီး ကြိုးပမ်းခဲ့တာ နိုင်ငံသားများကောင်းဖို့ပါပဲ။ ဆင်းရဲသား ပြည်သူများကို အဓိကထားတယ်လို့ ဖွင့်ဆိုပါတယ်။ လူတစ်ဦး၊ လူတစ်စုကနေ နိုင်ငံသားအနေအထား ယူပြီးတော့ လုပ်ပိုင်ခွင့်ချဲ့တာကို ကျွန်တော့်အနေနဲ့ သဘောမတူပါဘူး။ ဒါကြောင့်လည်း ခုနက ပွင့်ပွင့်လင်းလင်း တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ဆင်းရဲမွဲတေပြီး နိမ့်ကျတဲ့ ပြည်သူအများစုကို ကိုယ်စားပြုတဲ့ နိုင်ငံသားများအကျိုးစီးပွား ခံစားရဖို့၊ ဥပဒေသမားဟာ ဥပဒေနဲ့ ပတ်သက်လာရင်ပိုပြီးတော့ အလေးတယူ ဆောင်ရွက်သင့်တယ်ထင်လို့ အဲဒီ ရည်ရွယ်ချက်နဲ့ ယခု ဥပဒေကို အချိန်တိုအတွင်းမှာ လုပ်မယ့်အစား လွှတ်တော်ကော်မတီတွေရော၊ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေ၊ ကျွမ်းကျင်ပုဂ္ဂိုလ်တွေပါဝင်ပြီး ယခု ဆဋ္ဌမအကြိမ် လွှတ်တော်အတွင်းမှာပင် ပြန်ပြင်ဖို့၊ လောလောဆယ် ရွှေ့ပေးဖို့တင်တာပါ။** လွှတ်တော်နည်းဥပဒေမှာ လွှတ်တော်ဥက္ကဋ္ဌရဲ့ ခွင့်ပြုချက်ဖြင့်သာ ရွှေ့နိုင်တာဖြစ်လို့ ဥက္ကဋ္ဌရဲ့ ဆုံးဖြတ်မှုကို လက်ခံပါတယ်”ဟု ပြောပြခဲ့သည်။

ယင်းနည်းဥပဒေများအပေါ် ပြည်မဲဆန္ဒနယ်မှ **ဦးဝင်းမြင့်**က “နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေထွက်ပြီးနောက် နည်းဥပဒေကို အမြန်ထွက်စေချင်ပါတယ်၊ **နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ/နည်းဥပဒေမှာ တိုင်းရင်းသားလုပ်ငန်းရှင်တွေရဲ့ အကျိုးစီးပွား မထိခိုက်အောင်၊ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်အောင် စေတနာထား ကြိုးစားပြီး အထပ်ထပ်ဝိုင်းဝန်းဆွေးနွေးဥပဒေပြုထားတာဖြစ်ပါတယ်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်မှ အရင်းအနှီး၊ နည်းပညာတွေ ရနိုင်မှာဖြစ်ပါတယ်၊ ဒါပေမယ့် တိုင်းရင်းသား လုပ်ငန်းရှင်တွေကို ဝါးမျိုသွားပြီး တိုင်းရင်းသားလုပ်ငန်းရှင်တွေ အလုပ်သမား/အလုပ်လက်မဲ့ ဖြစ်မသွားဖို့ လိုအပ်ပါတယ်၊ ဒါကြောင့် ဥပဒေမှာ မတည်ငွေရင်းအချိုး၊ အလုပ်ခန့်ထားမှု ရာခိုင်နှုန်း၊ နည်းပညာဖြန့်ဝေပေးရမယ့် အစီအစဉ်၊ နှစ်အလိုက်ခန့်ထားရမယ့် တိုင်းရင်းသား နည်းပညာရှင်စတဲ့ အချက်တွေ ပါဝင်နေတဲ့အတွက် ဥပဒေအရ ထင်သာမြင်သာဖြစ်အောင် ဆောင်ရွက်ဖို့သာ လိုအပ်ပါတယ်၊** ဒီနေ့ ပြဋ္ဌာန်းပြီး ဥပဒေ/နည်းဥပဒေအရ အကောင်အထည်ဖော် ဆောင်ရွက်နေပြီး နောက်နောင်လိုအပ်ပါက ပြင်ဆင်တာ၊ ပယ်ဖျက်တာတွေ ပြုလုပ်နိုင်တဲ့အတွက် အမြန်ဆုံးပြဋ္ဌာန်း အကောင်အထည်ဖော် ဆောင်ရွက်ဖို့ လိုအပ်ပါတယ်”ဟု ပြောပြခဲ့သည်။

အဆိုပါ နည်းဥပဒေများနှင့် ပတ်သက်၍ ဒုတိယဝန်ကြီး **ဦးဆက်အောင်**က “ကျွန်တော်တို့က နိုင်ငံတကာမှာရှိနေတဲ့ လုပ်ထုံးလုပ်နည်းတွေ၊ တခြားနိုင်ငံတွေ နိုင်ငံပေါင်းစုံက ဟာတွေနဲ့ ယှဉ်ပြီးတော့ ပြောသွားတာပေါ့နော်။ ကျွန်တော်ကိုယ်တိုင် ဒီရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီးတော့ ဗီယက်နမ်အပါအဝင် နိုင်ငံပေါင်း(၁၂) နိုင်ငံမှာ အများကြီးလုပ်ခဲ့ပြီးသွားပြီ။ ကျွန်တော်တို့ကတော့ အဲဒီအတွေ့အကြုံတွေနဲ့ယှဉ်ပြီးတော့ ညှိညှိနှိုင်းနှိုင်းပဲလုပ်ချင်တယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုတာ ယှဉ်ပြိုင်နေရတာကိုး။ တခြားနိုင်ငံတွေမှာ လုံးဝမရှိတဲ့ဟာကို ကျွန်တော်တို့က ငါတစ်ကောကောပြီးတော့ ငါလုပ်တယ်ကွဆိုပြီး လုပ်ရင် ဘယ်လိုမှ ယှဉ်ပြိုင်နိုင်တော့မှာ မဟုတ်ဘူး။ ကျွန်တော်တို့က ဒါရမှ၊ ဒါရမှဆိုတာမျိုး လုံးဝမရှိဘူး။ ညှိညှိနှိုင်းနှိုင်းဖြစ်ချင်တယ်။ **ကျွန်တော်တို့ရဲ့ ရပ်တည်ချက်က လယ်ဧကအနည်းငယ်သာ ပိုင်ဆိုင်ထားတဲ့ လယ်သမားတွေအတွက် ဖြစ်ပါတယ်။ ဥပမာဆိုရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဝင်လာရင် ငါးဧက၊ ခြောက်ဧကလောက်ပဲရှိတဲ့ လယ်သမားတွေလည်း နိုင်ငံခြားသားနဲ့ ဖက်စပ်လုပ်နိုင်တယ်။ ထိုင်းမှာဆိုလည်း အဲဒီလိုပဲ။ နိုင်ငံတကာမှာလည်း အဲဒီလိုလုပ်နေတာပဲ။ ကျွန်တော်တို့က (၄၉) ရာခိုင်နှုန်း ကန့်သတ်ချက်သာ လုပ်လိုက်မယ်ဆိုရင်(၁၀)ဧကပိုင်တဲ့ လယ်သမားတွေ၊ ဧက(၂၀) ပိုင်တဲ့ လယ်သမားတွေ ဘယ်တော့မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ ဖက်စပ်လုပ်နိုင်တော့မှာ မဟုတ်ဘူး။ ဧကပေါင်းသိန်းနဲ့ချီ၊ သန်းနဲ့ချီ ပိုင်တဲ့လူတွေသာ လုပ်နိုင်တော့မှာ။ အဲဒါက လူနည်းစုလေ။ ကျွန်တော်တို့ကတော့ အကုန်လုံးဘယ်သူ့မှ မခွဲခြားပါဘူး။ ကျွန်တော်တို့ဆီမှာရှိတဲ့လူအများစုက ဧကအနည်းငယ်ပိုင်တဲ့ လူတွေကများတယ်လေ။ သူတို့တွေအတွက် နိုင်ငံခြားသားနဲ့ ဖက်စပ်လုပ်နိုင်မယ့် အခွင့်အလမ်းကို ရစေချင်တယ်။** ကျွန်တော်တို့က လုပ်သာကိုင်သာဖြစ်အောင် အကြံပေးတာပါ။

ပြည့်စုံပြီလားဆိုတော့ ကျွန်တော်တို့ မဖြစ်သေးပါဘူး။ ဥပမာဆိုရင် ဗီယက်နမ်နိုင်ငံရဲ့ ၂၀၀၅ ခုနှစ် ဥပဒေနဲ့ယှဉ်လိုက် ဘယ်ဘက်က ကျွန်တော်တို့က မသာပါဘူး။ အကောင်းဆုံး မဖြစ်ပေမယ့်လည်း အကုန်လုံး လုပ်သာကိုင်သာရှိမယ့် အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေရော၊ လယ်ဧက အနည်းငယ်သာ ပိုင်တဲ့ လယ်သမားတွေရော ကျွန်တော်တို့ရဲ့ စီးပွားရေးတိုးတက်မှုကြီးမှာ အကုန်လုံးပါဝင်စေချင်တာလေးတစ်ခုပါပဲ။

ထွက်ဖို့ကတော့ အချိန်တန်ပါပြီ။ ဒါပေမယ့် ဥပဒေဆိုတာကတော့ ပြင်နေရတာပဲလေ။ တစ်ခါပြဋ္ဌာန်းပြီး တစ်သက်လုံးလုပ်ရမယ်ဆိုပြီးတော့လည်း မဟုတ်ပါဘူး။ တခြားနိုင်ငံတွေမှာလည်း ရင်းနှီးမြှုပ်နှံမှုဥပဒေဆိုတာ နှစ်နှစ်တစ်ခါ၊ သုံးနှစ်တစ်ခါ ပြင်နေတာပဲပေါ့နော်။

ရင်းနှီးမြှုပ်နှံမှုကို အတည်ပြုဖို့အတွက် ရက်ပေါင်း ၉၀ ဆိုတာ တခြားဥပဒေတွေနဲ့ ယှဉ်ရင်တော့ ကြာနေပါသေးတယ်။ ဒါပေမယ့် ကျွန်တော်တို့ဆီမှာ နည်းပညာတွေ မစုံလင်သေးတဲ့အတွက် ရင်းနှီးမြှုပ်နှံမှုတွေကို ချိန်ထိုးသုံးသပ်ရာမှာ အချိန်ပိုကြာနိုင်ပါတယ်။ နည်းပညာတွေ စုံလာပြီဆိုရင်တော့ ဒီထက်ပိုမြန်လာမယ့်သဘောရှိပါတယ်”ဟု ပြောပြခဲ့သည်။

အစည်းအဝေးကို ညနေ ၃ နာရီခွဲတွင်ရပ်နားခဲ့ပြီး အစည်းအဝေး (၂၀)ရက်မြောက်နေ့ ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်သည်။

(သတင်းစဉ်)

လွှတ်တော်များသို့ လာရောက်လေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

MDRI ၏ ၃/၂၀၁၃ CSIS Postgraduate Certificate in Peace, Democracy, and Development သင်တန်းမှ အုပ်ချုပ်သူနှင့် သင်တန်းသားသင်တန်းသူ ၁၀၇ ဦး၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်နှင့် ရေတာရှည်မြို့နယ် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင် ၂၀၀ ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး၊ မြို့နယ်ပေါင်းစုံမှ အမျိုးသမီးလုပ်ငန်းအဖွဲ့ဝင် ၄၃ ဦးတို့သည် ယနေ့နံနက် ၁၀ နာရီတွင် ပထမအကြိမ်ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ ကျင်းပနေပုံကို လေ့လာပြီး **(အပေါ်ပုံ)** လွှတ်တော်အဆောက်အအုံများသို့ လှည့်လည်ကြည့်ရှု၍ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● အမျိုးသားလွှတ်တော်မှ

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးမြင့်ထွန်းက ပြည်သူ့လွှတ်တော်က အတည်ပြုပြီး ပေးပို့လာသော **၁၉၄၅ ခုနှစ်၊ ရွှေ့ပြောင်းနိုင်သောပစ္စည်း အုပ်ထိန်းသူအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**ကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အစီရင်ခံစာ တင်သွင်းရာတွင် လက်ရှိအခြေအနေတွင် မူလဥပဒေပါ ကာလသတ်မှတ်ချက်သည် နှစ်ပေါင်းများစွာ ကျော်လွန်သွားပြီဖြစ်၍ ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများအား ပစ္စည်းထိန်းထံမှ ပြန်လည်တောင်းခံနိုင်ခွင့် ဆိတ်သုဉ်းသွားပြီဟု ဆိုနိုင်ပါကြောင်း၊ ထို့အပြင် ဥပဒေပါ ပြဋ္ဌာန်းချက်များသည် ခေတ်၏ ကာလအခြေအနေနှင့် ဆီလျော်မှုမရှိတော့ခြင်း၊ အချိန်ကာလကြာမြင့်စွာ ကျင့်သုံးမှုမရှိခြင်း၊ နောင်အနာဂတ် ကာလတွင်လည်း ဆက်လက်ကျင့်သုံးရန် အကြောင်းမရှိခြင်းတို့ကြောင့် ယင်းအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုနိုင်ပါရန် ထောက်ခံတင်ပြပါကြောင်းဖြင့် တင်သွင်းသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဒေါ်နန်းနီနီအေးက **မူဆယ်-၁၀၅မိုင် ကုန်သွယ်ရေးဇုန်အား အဆင့်မီဖွံ့ဖြိုးတိုးတက်သည့် ဇုန်အင်္ဂါရပ်များနှင့် ညီညွတ်စေရန် အကောင်အထည်ဖော်နိုင်ရေးနှင့် မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်တံခါး မုခ်ဦးဖြစ်သည့် မူဆယ်မြို့အား နိုင်ငံကျက်သရေဆောင် မြို့ပြစီမံကိန်းရေးဆွဲ အကောင်အထည်ဖော်တည်ဆောက်ပေးနိုင်ရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသည်။

ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးမှတ်ကြီးက **ကျန်းမာရေးဝန်ကြီးဌာနမှ ပြဋ္ဌာန်းထားသော ဥပဒေများတွင် သက်ရှိကျောက်ကပ် အစားထိုးခြင်းကို ညီအစ်ကို မောင်နှမအချင်းချင်း၊ သားသမီးအရင်းမှ မိဘအရင်း၊ မိဘအရင်းမှ သားသမီးအရင်းတို့သို့ ကျောက်ကပ်ကို အစားထိုးခွဲစိတ်ကုသခွင့်အပြင် တစ်ဝမ်းကွဲကျောက်ကပ်လှူခြင်းအား ခွင့်ပြုသည့်ဥပဒေပြဋ္ဌာန်းနိုင်ရေးကို စီမံဆောင်ရွက်ပေးပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံသည်။

ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

စာပေမြင့်မှ လူမျိုးတင့်မည်

ပြည်တွင်းသတင်း

(၂၇) ကြိမ်မြောက် အရှေ့တောင် အာရှ အားကစားပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးညဏ်ထွန်း မြားပစ်အဖွဲ့ချုပ်သို့ အားကစားပစ္စည်းများ ပေးအပ်စဉ်။
(သတင်းစဉ်)

▲ ရှေ့ဖုံးမှ

စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်း ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အားကစားနည်း ၃၃ မျိုး ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း၊ ယင်းအားကစားနည်း ၃၃ မျိုးတွင် နေပြည်တော်၌ ၂၆ မျိုး ကျင်းပပြီး ကျန်ရှိသည့် အားကစားနည်းများကို ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်တို့၌ နေရာများခွဲ၍ ကျင်းပသွားမည်ဖြစ်ကြောင်း၊ အားကစားနည်းအလိုက် အားကစားသမား ၁၄၀၀ ခန့်ကို စခန်းသွင်း လေ့ကျင့်ပေးလျက်ရှိပြီး ဆန်ခါတင် အားကစားသမား ၇၀၀ ကျော်ဖြင့် အင်ပြည့်အားပြည့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံကာယကြံ့ခိုင်မှုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်၊ မြန်မာနိုင်ငံပီတန်း (Petanque-ရိုးရာကျောက်ဒိုးပစ်)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ရှိုးရှင်းကို (Shoriaji Kempo-ကိုယ်ခံပညာ)အားကစား အဖွဲ့ချုပ်၊ မြန်မာနိုင်ငံနပန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မြင်းစီးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်၊ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံအားကစား ကလောင်ရှင်များအဖွဲ့ချုပ်တို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက အားကစားနည်းအလိုက် အားကစားသမားများအား စခန်းသွင်းလေ့ကျင့်နေမှု၊ ပြည်တွင်းပြည်ပပြိုင်ပွဲများ၊ ဖိတ်ခေါ်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နေမှု၊ အားကစားနည်းအလိုက် အောင်မြင်မှုရရှိရေး ရည်မှန်းဆောင်ရွက်နေမှုနှင့် ဖြည့်ဆည်းပေးရန်လိုအပ်သည်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတကလိုအပ်သည်များကို စီမံဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဒုတိယသမ္မတက မြားပစ်၊ ပြေးခုန်ပစ်၊ လှေလှော်၊ မြင်းစီး၊ သေနတ်ပစ်၊ ဘောလုံး၊ ဖူဆယ်ဘောလုံး၊ ရွက်လှေနှင့်ကရာတေးဒိုအဖွဲ့ချုပ်များသို့ ငွေကျပ် ၁၁၅၉ ဒသမ ၁၆၅ သန်း တန်ဖိုးရှိ အားကစားပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက်(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးညဏ်ထွန်းက (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးသည် အနှစ် ၄၀ကျော်မှ မြန်မာ့မြေပေါ်တွင် ပြန်လည်ကျင်းပနိုင်သည့် ပြိုင်ပွဲကြီးဖြစ်ကြောင်း၊ အခက်အခဲများ၊ စိန်ခေါ်မှုများရှိမည်ဖြစ်သော်လည်း နိုင်ငံတော်၏ ဂုဏ်ဒြပ်ကို အဆင့်မြှင့်တင်ပေးနိုင်မည့် အခွင့်အလမ်းကောင်းအဖြစ် ခံယူ၍ ပြိုင်ပွဲကြီး အောင်မြင်အောင် အားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် နိဂုံးချုပ်အမှာစကား ပြောကြားသည်။

(သတင်းစဉ်)

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ပြည်သူများသို့ အသိပေးတင်ပြချက်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ သတင်းအချက်အလက်နှင့် နည်းပညာဌာနမှ ရန်ကုန်မြို့ ဟံသာဝတီရှိ ISP Core Network Up Grade ပြုလုပ်ဆောင်ရွက်ခြင်းကို ၂၄-၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၂ နာရီမှ နံနက် ၅ နာရီအထိ အောက်ဖော်ပြပါ လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်၊ အချိန်များတွင် ယှဉ်တွဲဖော်ပြပါအတိုင်း ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးမြို့တို့တွင် အင်တာနက်သုံးစွဲမှုနှင့် အီးမေးလ်သုံးစွဲမှုတို့သည် နံနက်စောစောပိုင်းအချိန်များတွင် ၁၅ မိနစ်ခန့် ယာယီပြတ်တောက်မည်ဖြစ်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်-

နေ့စွဲ	လုပ်ငန်းဆောင်ရွက်မည့်အချိန်	လုပ်ငန်းဆောင်ရွက်မှု	ပြတ်တောက်အချိန်နှင့် ပြတ်တောက်မည့် Service
၂၄-၂-၂၀၁၃ (တနင်္ဂနွေနေ့)	နံနက်(၂း၀၀)နာရီ	Edge Router (ER) Cisco 7609 ကို Catalyst 6509 ဖြင့် အစားထိုးလဲလှယ်ခြင်း	(၁၅)မိနစ် ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေး အင်တာနက်သုံးစွဲမှု ယာယီပြတ်တောက်မည်။
	နံနက်(၃း၀၀)နာရီ	Main Firewalls (HA) ပြောင်းရွှေ့ချိတ်ဆက်ခြင်း	(၁၅)မိနစ် ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေး အီးမေးလ်သုံးစွဲမှု ယာယီပြတ်တောက်မည်။
	နံနက်(၃း၃၀)နာရီ	Border Router အသစ်(၁)လုံး တပ်ဆင်ခြင်း	ပြတ်တောက်မှု မရှိပါ။
	နံနက်(၅း၀၀)နာရီ	Edge Router အသစ်(၁)လုံး တပ်ဆင်ခြင်း Load Balancer အသစ်(၁)လုံးတပ်ဆင်ခြင်း Bluecoat အသစ် (၂)လုံး တပ်ဆင်ခြင်း Firewall အသစ်(၂)လုံး တပ်ဆင်ခြင်း DNS အသစ်(၂)လုံး တပ်ဆင်ခြင်း NAT Gateway အသစ် တည်ဆောက်ခြင်း Transparent Proxy ပြုလုပ်ခြင်း	တစ်ခါတစ်ရံ Network Stable မဖြစ်ခြင်းမျိုး ကြုံတွေ့နိုင်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

စာအုပ်စာပေ လူ့မိတ်ဆွေ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်း အတွင်းရေးမှူးများ၊ ကော်မရှင်အဖွဲ့ဝင်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိခန်းမဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ကော်မရှင်အဖွဲ့ဝင်များနှင့်လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်

ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ကော်မတီဥက္ကဋ္ဌများနှင့် အတွင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန ပဉ္စမအကြိမ်မြောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ပဉ္စမအကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများသည် ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲအပြီးတွင် ဆုရအသင်းများအားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

❍ ကျောဖုံးမှ

ဖြစ်ပြီး စင်ကာပူနိုင်ငံမှ တစ်ဆင့် အမေရိကန်နိုင်ငံသို့ သင်္ဘောဖြင့် သယ်ဆောင်သွားမည် ဖြစ်သည်။ အဆိုပါ ရေခန်ပုစွန်များကို အအေးခန်းပါ သင်္ဘောကအပူချိန် -၁၈ ဒီဂရီစင်တီဂရိတ်ဖြင့် ထိန်းသိမ်းကာ သယ်ဆောင်သွားခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှ အမေရိကန်နိုင်ငံအထိ ရေကြောင်းခရီးဖြင့် သီတင်းသုံးပတ်ခန့် ကြာမြင့်မည် ဖြစ်သည်။

ယခုအမေရိကန်သို့ တင်ပို့လိုက်သည့် ရေခန်ပုစွန်များကို ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ရေခန်ပုစွန်များကို စိစစ်ရွေးချယ်ဝယ်ယူစုဆောင်းခဲ့ခြင်း ဖြစ်သည်။ အမေရိကန်သို့ ရေခန်ပုစွန်များ သင်္ဘောဖြင့် တင်ပို့ရာတွင် ရေခဲရိုက်ထားသော နှစ်ကီလိုအလေးချိန်ရှိသည့် ပုစွန်တုံးများကို ခြောက်တုံးစီဖြင့် ကတ်ထူဖာများအတွင်း ထည့်သွင်းပြီး စနစ်တကျထုပ်ပိုးကာ အမေရိကန်ဈေးကွက် အသိအမှတ်ပြုအမှတ်အသားများကပ်၍ ကွန်တိန်နာဖြင့် တင်ပို့ရခြင်းဖြစ်သည်။

ထိုသို့ ရေခန်ပုစွန်များ သင်္ဘောဖြင့် မတင်ပို့မီ ၇၂ နာရီ ကြိုတင်ပြီး အမေရိကန်နိုင်ငံမှ ဝယ်ယူသည့် ကုမ္ပဏီသို့ အကြောင်းကြားထားရသည်။ ပို့ကုန်ပစ္စည်း၏ အရည်အသွေးစစ်ဆေးမှုများကိုလည်းပေးပို့ရသည်။ ဆက်လက်ပြီး ရေခန်ပုစွန်အပြင် ကင်းမွန်၊ တီလားပီးယားအသားလွှာများကိုလည်း အမေရိကန်ဈေးကွက်သို့ တင်ပို့နိုင်ရေး ကြိုးစားသွားမည် ဖြစ်သည်။

မြန်မာနိုင်ငံ၏ ရေထွက်ကုန်ပစ္စည်းများအနက် ရေခန်ပုစွန်ကို အမေရိကန်ဈေးကွက်သို့ ယခုအခါ တရားဝင် ပထမဆုံးတင်ပို့နိုင်ခြင်းသည် မြန်မာ့ရေထွက်ကုန်ပစ္စည်းများအတွက် အမေရိကန်ဈေးကွက်သို့ ထိုးဖောက်ရယူနိုင်ရေး အလားအလာကောင်းပင်ဖြစ်သည်။ ယခုတင်ပို့လိုက်သည့် ရေခန်ပုစွန်များသည် အမေရိကန်ဒေါ်လာ၃၁၀၀၀ တန်ဖိုးရှိကြောင်း ၄င်းကပြောကြားသည်။

(မြန်မာ့အလင်း)

ပြည်တွင်းသတင်း

ဦးရွှေမန်း ကော်မတီဥက္ကဋ္ဌများ၊ ...ရှင်အဖွဲ့ဝင်များနှင့် လုပ်ငန်းညှိနှိုင်းစည်းဝေး

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရ ဦးရွှေမန်း ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် လုပ်ငန်း ညှိနှိုင်း အစည်း အဝေး ကျင်းပစဉ်။ (သတင်းစဉ်)

...ကားပြောကြား ...များနှင့် အတွင်းရေးမှူးများက သက်ဆိုင်ရာကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ ကော်မရှင်အဖွဲ့ဝင်များမှ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်အား ဂျပန်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ယာယီဥက္ကဋ္ဌတို့ တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်အား ဂျပန်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့် အထက်လွှတ်တော် အမတ်ဟောင်း မစ္စတာ ဝါတာနာဘေးနှင့် ဂျပန်-မြန်မာချစ်ကြည်ရေးအသင်း အမှုဆောင်အဖွဲ့ ယာယီဥက္ကဋ္ဌနှင့် အောက်လွှတ်တော်အမတ်ဟောင်း မစ္စတာ ယိုရှိုတို စန်းဂိုခုတို့သည် ယနေ့နံနက် ၈ နာရီတွင် အဆိုပါဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ တပ်မတော်ပိုင်းဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပရေး ဦးစီးကော်မတီလုပ်ငန်း စည်းဝေး

နေပြည်တော် ဖေဖော်ဝါရီ ၂၂

နိုင်ငံတော်၏ သာသနာတော်ဆိုင်ရာအခမ်းအနားများနှင့် ကိစ္စရပ်များကို ဆောင်ရွက်ရာတွင် အားလုံးက ဆတက်ထမ်းပိုးတိုးပြီး ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန်နှင့် အစဉ်အလာများနှင့်အညီ စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့သည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော် လောင်းလှူပွဲကြီး ခမ်းခမ်းနားနား အောင်အောင်မြင်မြင်ကျင်းပနိုင်ရန် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများအားလုံးက သဒ္ဓါတရား ထက်သန်စွာဖြင့်အားသွန်ခွန်စိုက် ဝိုင်းဝန်းဆောင်ရွက်ကြရန်တို့ကို သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော် လောင်းလှူပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က ယနေ့မွန်းလွဲ ၁ နာရီတွင် သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် ဒုတိယဝန်ကြီး ဦးစိုးဝင်းက ဘွဲ့တံဆိပ်တော်များ ချီးမြှင့်ခံရသည့် ပြည်တွင်း ပြည်ပမှ ဆရာတော်များ၊ သံဃာတော်များ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များ၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကြီး ကျင်းပမည့်အချိန်၊ နေ့ရက်သတ်မှတ်ထားရှိမှုနှင့် ကြွရောက်ချီးမြှင့်တော်မူကြမည့် ဘွဲ့ခံဆရာတော်များ၊ သံဃာတော်များနှင့် သီလရှင်ဆရာကြီးများ သီတင်းသုံး တည်းခိုနေထိုင်သွားလာရေး အဆင်ပြေလွယ်ကူအောင် စီမံဆောင်ရွက်ထားရှိမှု၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်အောင် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းပြီး စီမံဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများက ဆပ်ကော်မတီအလိုက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

(သတင်းစဉ်)



နိုင်ငံတော်ဘဏ္ဍာငွေနှင့် နိုင်ငံပိုင်ပစ္စည်းများ စနစ်တကျအသုံးပြု ဝန်ထမ်းများအား ပြည်သူလူထု၏ယုံကြည်မှု ပိုမိုရရှိစေမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ဘဏ္ဍာငွေ ရသုံးစာရင်းများ ပြုစုရေးဆွဲ ထိန်းသိမ်းခြင်း ဆိုင်ရာ ဘဏ္ဍာရေး စည်းမျဉ်း အထူးမွမ်းမံသင်တန်း ဖွင့်ပွဲတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဘဏ္ဍာငွေရသုံးစာရင်းများ ပြုစုရေးဆွဲထိန်းသိမ်းခြင်းဆိုင်ရာ ဘဏ္ဍာရေးစည်းမျဉ်း အထူးမွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စုဝေးခန်းမ၌ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးသိန်းထိုက်တို့က အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ စီမံကိန်းများ၊ စီးပွားရေးဆိုင်ရာ ကဏ္ဍများကို အဓိက အားထားအကောင်အထည်ဖော်ရသော ဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ဘဏ္ဍာရေး စည်းမျဉ်းများနှင့် ကိုက်ညီစေရေး မှန်ကန်စွာ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နိုင်ငံတော်ဘဏ္ဍာငွေနှင့် နိုင်ငံတော်ပိုင်ပစ္စည်းများ စနစ်တကျ အသုံးပြုနိုင်ခြင်းအားဖြင့် မလိုအပ်သော လေလွင့်ဆုံးရှုံးမှု၊ အလွဲသုံးစားမှုများကို ကာကွယ်နိုင်ပြီး တာဝန်ထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းများအားလည်း ပြည်သူလူထု၏ ယုံကြည်မှု ပိုမိုဖြစ်ထွန်းရရှိစေမည်ဖြစ်ကြောင်း။

သင်တန်းတွင် ဆွေးနွေးညှိနှိုင်းပေါင်းစပ်သည့်ပုံသဏ္ဌာန်ဖြင့် အပြန်အလှန်ရင်းနှီးစွာ ဆက်ဆံဆောင်ရွက်သွားကြရန်နှင့် ရရှိသည့် သင်တန်းချိန်အား တန်ဖိုးအရှိဆုံးအသုံးပြုသွားရန်၊ လုပ်ငန်းတာဝန်များ ထမ်းဆောင်ကြရာတွင် ရိုးဖြောင့်မှန်ကန်စွာ တစ်ဦးချင်း၊ ဌာနအလိုက် ဂုဏ်သိက္ခာစောင့်ထိန်း၍ ကျင့်ကြံကြိုးစားဆောင်ရွက်ကြရန် မှာကြားကြသည်။

သင်တန်းသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ ဌာန ၁၁ ခုမှ သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်ကြမည်ဖြစ်ကာ သင်တန်းကာလ လေးပတ်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

Zaykabar Myanmar Open 2013 Presented by Alpine ဂေါက်သီးရိုက်ပြိုင်ပွဲ၏ PRO-AM ဂေါက်သီးရိုက်ပြိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၄ ရက်အထိ Royal Mingalardon Golf & Country Club ၌ ကျင်းပမည့် Zaykabar Myanmar Open 2013 Presented by Alpine နိုင်ငံတကာဖိတ်ခေါ် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ PRO-AM ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၇ နာရီခွဲတွင် အဆိုပါဂေါက်ကွင်း၌ ကျင်းပသည်။

ပြိုင်ပွဲအပြီးတွင် နံနက်ပိုင်း၌ ကျင်းပသော ပြိုင်ပွဲတွင် ၆ ပေ ၈ လက်မဖြင့် Nearest to the Pinဆုကို စစ်သွေးအောင်ကလည်းကောင်း၊ ၂၈၅ ကိုက်ဖြင့် Longest Drive ဆုကို ဦးထက်အောင်က လည်းကောင်း၊ အသင်းလိုက် တတိယဆုကို Panuphol Pittayarat (THA)အတွဲက လည်းကောင်း၊ ဒုတိယဆုကို Chapchai Nirat (THA)အတွဲက လည်းကောင်း၊ ပထမဆုကို Chawalit Plaphol (THA) အတွဲက လည်းကောင်း၊ ညနေပိုင်းပြိုင်ပွဲတွင် ၂ ဒသမ ၇ လက်မဖြင့် Nearest to the Pin ဆုကို သီဟဌေးကလည်းကောင်း၊ ၃၀၄ ကိုက်ဖြင့် Longest Drive ဆုကို ကျော်စိုးဝင်းကလည်းကောင်း၊ အသင်းလိုက် တတိယဆုကို Rikard Karlberg (SWE)အတွဲကလည်းကောင်း၊ ဒုတိယဆုကို Kiradech Aphibarnrat (THA) အတွဲက လည်းကောင်း၊ ပထမဆုကို Zaykabar Myanmar Open (2012) လက်ရှိချန်ပီယံ Kieran Pratt (AUS)က လည်းကောင်း အသီးသီးရရှိသွားပြီး ဆုများကို တာဝန်ရှိသူများက အသီးသီးပေးအပ်ချီးမြှင့်ကြကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

တောင်ပိုင်းဒေသများတွင် နေရာကွက်၍ မိုးထစ်ချုန်းနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီ အတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ မွန်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၇ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ပူတာအိုမြို့နှင့် လွိုင်လင်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီနှင့် ဟားခါးမြို့တွင် ၇ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ မြိတ်မြို့တွင် ၀ ဒသမ ၅၅ လက်မ ဖြစ်သည်။

ထူးခြားသည့်အခြေအနေမှာ ယနေ့ မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် အပူပိုင်းမုန်တိုင်း "ရှန်ရှန်း" (SHANSHAN) အဖြစ်သို့ ရောက်ရှိခဲ့ပြီး ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၏ အရှေ့တောင်ဘက်မိုင် ၄၁၀ ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေသည်။ အဆိုပါမုန်တိုင်းသည် အနောက်-အနောက်တောင်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ပြည်သူလူထုထံ အသိပေးအကြောင်းကြားခြင်း

၁။ မွေးရာပါနိုင်ငံသားများအတွက် မိုးပွင့်စီမံချက်များဖြင့် နိုင်ငံသားစိစစ်ရေးကတ်များအား ဖြေလျှော့ခြင်းများပြုလုပ်၍ နိုင်ငံတစ်ဝန်း ကွင်းဆင်းဆောင်ရွက်ပေးနေပါသည်။

၂။ (၁-၇-၂၀၁၁)မှစ၍(၁၅-၁-၂၀၁၃) နေ့အထိ နိုင်ငံသားစိစစ်ရေးကတ်ပေါင်း (၃၀၇၉၀၉၄)ထုတ်ပေးပြီးဖြစ်ပါသည်။

၃။ မိုးပွင့်အဆင့်(၅)အား (၁-၄-၂၀၁၃)တွင် ပြန်လည်စတင်မည်ဖြစ်ပြီး (၂)လကွင်းဆင်း၊ (၂)လ မြို့နယ်ရုံးတွင် ဆောင်ရွက်ပေးမည့်စနစ်ဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်သွားပါမည်။

၄။ သွေးနှောပြည်သူများအတွက် အခြေခံမှတ်တမ်းများဖြင့် တိုက်ဆိုင်စိစစ်ရန်လိုအပ်ချက်အရ မြို့နယ်ရုံးများတွင်သာ ဆောင်ရွက်ပေးနေပါသည်။

၅။ နိုင်ငံသားစိစစ်ရေးကတ်အတွက် အများဆုံး ၂၈ ရက် ကတ်အသစ်ပြုလုပ်မှု ၆ကျပ်၊ လဲလှယ်မှု ၃ ကျပ်၊ မိတ္တူပြုလုပ်မှု ၁၀ကျပ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း **(နေ့ချင်းပြီးအခမဲ့)** ဆောင်ရွက်ပေးနေပါသည်။

၆။ ပြည်သူများဘက်မှလိုအပ်ချက်မှာ ဓာတ်ပုံ(၃)ပုံ၊သွေးစစ်ချက်၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ မိဘနှစ်ပါး၏ ကိုင်ဆောင်လက်မှတ်မိတ္တူ၊ ရဲစခန်းနှင့် ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထောက်ခံချက်တို့ ဖြစ်ပြီး ၄င်းတို့အတွက် ကုန်ကျစရိတ်များသည် ဌာနသို့ပေးသွင်းရခြင်းမဟုတ်ဘဲ ပြင်ပသို့ပေးချေရသည့် ကုန်ကျစရိတ်များသာဖြစ်၍ ရောထွေးမမှတ်ယူစေလိုပါ။

၇။ နိုင်ငံတကာအလှူရှင်များ၏ ပူးပေါင်းကူညီမှုဖြင့် (၁၁-၆-၂၀၁၂) နေ့မှစ၍ ကရင်ပြည်နယ်တစ်ခုလုံးအတွက် ကိုယ်စီလိုအပ်ချက်အပါအဝင် ကတ်ပြားထုတ်ပေးပြီးသည်အထိ One Stop Service ဖြင့် **(အခမဲ့)** ကွင်းဆင်းဆောင်ရွက်ပေးနေပါသည်။

၈။ ၂၀၁၃ ခုနှစ် မတ်လ ၁ ရက်နေ့မှစ၍ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုဖြင့် ကယားပြည်နယ်(၈)မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး(၁၀)မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး (ကျောက်ကြီးမြို့နယ်၊ MPSI စီမံကိန်းနယ်မြေ) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၃) မြို့နယ်နှင့် မြို့နယ်ခွဲ (၂) ခု၊ မွန်ပြည်နယ်(၇)မြို့နယ်တို့တွင်လည်း One Stop Service ဖြင့် အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးသွားပါမည်။

၉။ ကြားပွဲစားလုံးဝမလို(မလို)ပါ။ ဝိုင်းဝန်းသတင်းပေးဖော်ထုတ်ပေးစေလိုပါသည်။

၁၀။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာမြို့နယ်ရုံးများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

၁၁။ ကျေနပ်မှုမရှိက နေပြည်တော်ဦးစီး(ရုံးချုပ်)သို့ လူကိုယ်တိုင်ဖြစ်စေ၊ ပြန်လည်ရှင်းလင်းပေးနိုင်ရန် တိုင်ကြားသူ၏ လိပ်စာအပြည့်အစုံဖြင့် ဖုန်းနံပါတ် ၀၆၇-၄၃၁၀၁၆ နှင့် ၀၆၇-၄၃၁၀၄၄ သို့ဖြစ်စေ တိုက်ရိုက်တိုင်ကြားနိုင်ပါသည်။ အကြံပြုချက်များကိုလည်း လေးစားစွာလက်ခံပါမည်။

၁၂။ နိုင်ငံသားဖြစ်မှုသည် နိုင်ငံတော်အချုပ်အခြာအာဏာ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါသည်။ သို့ပါ၍ အချက်အလက်မပြည့်စုံပါက လိုအပ်သည့်အချိန်ရယူရပါကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ငလျင်ဒဏ်သင့် ကြေးဘုရားကြီး ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူ

စစ်ကိုင်း ဖေဖော်ဝါရီ ၂၂

စစ်ကိုင်းဒေသကြီး စစ်ကိုင်းမြို့ ဧမြဝတီရပ် ဇိနမာန်အောင်လောကချမ်းသာကြေးဘုရားကြီး၏ စိန်ဖူးတော်၊ ရွှေထီးတော်နှင့်ပြာသာဒ်များသည်မြေငလျင်ဒဏ်ကြောင့် ပျက်စီးယိုယွင်းသွားခဲ့သည့်အတွက် စိန်ဖူးတော် ရွှေထီးတော်များ အသစ်ပြန်လည်ပြုပြင်ပြီး၍ ဗုဒ္ဓါဘိသေက မင်္ဂလာပြုလုပ်ခြင်းနှင့် ရွှေထီးတော်၊ စိန်ဖူးတော်တင်လှူခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက် နံ နက် ၁၁ နာရီ ၁၅ မိနစ်တွင် ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ပြီး ဒါယကာ ဒါယိကာမများက ရွှေထီးတော်နှင့်စိန်ဖူးတော်ကို သံဃာတော်များအား ဆက်ကပ်လှူဒါန်းကြသည်။

သံဃာတော် အရှင်သူမြတ် များက အနေကဇာတိ သံသရံ အစရှိသော ဥဒါန်း ဂါထာတော်မြတ် တို့ဖြင့် ပူဇော်ကြပြီး မိုးကောင်း တိုက်အလယ်ရွှေကျောင်းကြီး ဆရာတော် ထံမှ ငါးပါးသီလခံယူ ဆောက်တည်၍ အနုမောဒနာတရားတော်များ နာကြားပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။ ထို့နောက် ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဇိနမာန်အောင်လောကချမ်းသာကြေးဘုရားကြီး ဂန္ဓကုဋိတိုက်အတွင်းမှ ရွှေထီးတော်၊ စိန်ဖူးတော်များကို ယာယီမဏ္ဍပ်ပေါ်သို့ ပင့်ဆောင်ပူဇော်ပြီး ဒါယကာ ဒါယိကာမများက ရွှေထီးတော် အဆင့်ဆင့်နှင့် စိန်ဖူးတော်အား ဘုရားကြီးပေါ်သို့ တင်လှူပူဇော်ကြသည်။

ငလျင်ဒဏ်ကြောင့် အမြင့်ပေ ၉၀ ရှိ ပြာသာဒ်တော်ကြီးသည် အမြင့် ၂၅ ပေ လှုပ်ခါယိမ်းယိုင်ကာ ခါးပြတ်အက်ကွဲ၍ ယင်းကျောင်းတိုက် ပဓာနနာယက ဆရာတော် ဦးနာယကက ဦးစီး၍ ဒါယကာ ဒါယိကာမများ၏ စုပေါင်း အလှူငွေဖြင့် ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ) (၁၃၇)**

စမာသဲထုတ်ရေတံခါး ပိုမိုခိုင်ခံ့ကောင်းမွန်စေရန် သံကူကွန်ကရစ်ဖုံးအုပ်

ကျောက်ဆည် ဖေဖော်ဝါရီ ၂၂

ကျောက်ဆည်မြို့နယ်နှင့် မြစ်သားမြို့နယ်တို့တွင် ၂၀၀၆ ခုနှစ် အောက်တိုဘာလ၌ တစ်ကြိမ်၊ ၂၀၁၁ ခုနှစ် အောက်တိုဘာလတွင် တစ်ကြိမ် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး မြို့တွင်းသို့ရေများဝင်ရောက်ခြင်းကြောင့် လူနေအိမ်များ၊ ရုံးအဆောက်အအုံများနှင့်သိုလှောင်ရုံများ ရေကြီးရေနစ်မြုပ် ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည်။

မြစ်သားမြို့တွင် ရေကြီးရေနစ်မြုပ်နေစဉ် မြစ်သားမြို့အတွင်းမှ ဖြတ်သန်းစီးဆင်းနေသော ကသောင်းချောင်းအတွင်း၌ ဗေဒါနှင့် ဒိုက်အမှိုက်သရိုက်များမှာလည်း ရေလွှဲဆည်၏ ရေထိန်းတာပေါင် ရေကျော်ကျိုးပြတ်မှုကြောင့် ရေစီးနှင့်အတူမျောပါ တိုက်စားသွားခဲ့သည်ကို မြို့သူမြို့သားများ မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ကြရသဖြင့် မြို့မိမြို့ဖများက သဲထုတ်ရေတံခါး တပ်ဆင်ပေးရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးထံ စာတင်ပြတောင်းဆိုလာသဖြင့် စမာသဲထုတ်ရေတံခါးကို ၂၀၁၂ ခုနှစ် ဧပြီလကုန်မှ စတင်တည်ဆောက်ခဲ့ရာ ဩဂုတ်လတွင် ပြီးစီးခဲ့သည်။

စမာရေလွှဲဆည်သည် ပန်းလောင်မြစ်အကျယ်အတိုင်း ပေ ၆၀ တည်ဆောက်ထားပြီး စမာသဲထုတ်ရေတံခါးကိုလည်း ပေ ၆၀ အကျယ်နှင့် ပန်းလောင်မြစ်ကြမ်းပြင်နှင့် အညီ တည်ဆောက်ထားသည်။ စမာသဲထုတ်ရေတံခါး တပ်ဆင်ထားသောကြောင့် ရေကြီးချိန်တွင် စမာသဲထုတ်ရေတံခါးကို ဖွင့်ပေးခြင်းဖြင့် မြစ်သားမြို့နှင့် ပန်းလောင်မြစ်အထက်ပိုင်း ကျေးရွာများ၊ စိုက်ခင်းများ ရေကြီးရေနစ်မြုပ်မှုမှ ကာကွယ်နိုင်သည့်အပြင် ကသောင်းချောင်းအတွင်းရှိ ဒိုက်ဗေဒါများနှင့် စွန့်ပစ်ရေများလည်း ရေစီးနှင့်အတူ မျောပါသွားနိုင်သည်။ ထို့အပြင် ရေသောက်ဧရိယာ ၁၀၀၀၀ ကို ရေပေးဝေမှု ချောမွေ့အဆင်ပြေစွာ ပေးဝေနိုင်ပြီး ရေနစ်မြုပ်မှု ဧက ၁၀၀၀ ကိုလည်း ရေဘေးကာကွယ်ပေးခဲ့သည်။

စမာသဲထုတ်ရေတံခါး တည်ဆောက်ပြီး လေးလအကြာတွင် လှုပ်ခတ်ခဲ့သော ရွှေဘိုငလျင်ကြောင့် စမာသဲထုတ်ရေတံခါးအနီးရှိ စေတီပုထိုးများပြိုကျပျက်စီးခဲ့သော်လည်း စမာသဲထုတ်ရေတံခါးတွင် ရေပြည့်မှတ် အခြေအနေမှာပင် ပျက်စီးမှုတစ်စုံတစ်ရာမရှိခဲ့သည်ကို စစ်ဆေးတွေ့ရှိရသည်။ ယခုအခါ ရေပေးဝေခြင်း ရပ်နားသည့်ကာလတွင် ဆည်မြောင်းဝန်ကြီးဌာနက သဲထုတ်ရေတံခါးအတင်အချ ပိုမိုကောင်းမွန်စေရန်နှင့် ရေရှည်တွင် ပိုမိုကောင်းမွန်ခိုင်ခံ့ရန်အတွက် သံကူကွန်ကရစ်တည်ဆောက်နေသည်။ ရေတံခါးအတင်အချ ပြုလုပ်ရာတွင် ROLLER ဘီးလျှောက်လမ်းများ ပိုမိုလွယ်ကူချောမွေ့စေရန် ROLLER ဘီးလျှောက်လမ်းများ ပြင်ဆင်ခြင်း၊ အမဲဆီထိုးခြင်း လုပ်ငန်းများကိုဆောင်ရွက်နေသည်။ စမာသဲထုတ်ရေတံခါး တည်ဆောက်ထားသည့်အတွက် မြစ်သားမြို့နယ်နှင့် ကျောက်ဆည်မြို့နယ်ရှိ စမာဆည်ရေသောက်တောင်သူများမှာ စိုက်ပျိုးရေးအဆင်ပြေချောမွေ့လာပြီး လူနေမှုဘဝအဆင့်အတန်းဖွံ့ဖြိုးတိုးတက်နေကြောင်း စမာဆည်ရေသောက် အသက် ၆၀ရှိ တောင်သူဦးကြီးဦးသာဗျောက သတင်းအဖွဲ့အားပြောကြားသည်။ **(၁၁၂)**

ထိုင်းဘုရင်ဟောင်း၏အုတ်ဂူ တူးဖော်စစ်ဆေးအတည်ပြုရေး အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပွဲ လင်းဇင်းကုန်း၌ကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၂၂

မန္တလေးတိုင်းဒေသကြီးအမရပူရမြို့နယ် တောင်သမန်အင်းစောင်းအနီး လင်းဇင်းကုန်းသုသာန်၌ထိုင်းဘုရင်ဟောင်း၏ အုတ်ဂူဟု ဆိုသည့် အုတ်ဂူအတွင်းရှိ အရိုးပြာများ တူးဖော်၍ စစ်ဆေးအတည်ပြုနိုင်ရေးအတွက် အန္တရာယ်ကင်းပရိတ် ရွတ်ဖတ်ခြင်းကို ဖေဖော်ဝါရီ ၂၀ ရက် ညနေ ၃ နာရီက အဆိုပါ သုသာန်ရှိ ဇရပ်၌ကျင်းပရာ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် ဆရာတော်နှင့် ပင့်သံဃာတော်ကိုးပါး ကြွရောက်တော်မူကြပြီး မဟာဂန္ဓာရုံကျောင်းတိုက်ဆရာတော်ထံမှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ The Association of Siamese Architects Under the Royal Patronage of His Majesty of King မှ အဖွဲ့ခေါင်းဆောင် Dr. Viehit Chinalai နှင့် ဗိသုကာပညာရှင်နှင့် သမိုင်းပညာရှင်အဖွဲ့ဝင်များ၊ အမရရွှေ လူမှုကူညီရေးအသင်းဝင်များနှင့် ဧည့်သည်တော်များက သီလခံယူ ဆောက်တည်ကြပြီး ထိုင်းအဖွဲ့က ဆရာတော်များအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ကြွရောက်တော်မူကြသော ဆရာတော်သံဃာတော်များက အုတ်ဂူတူးဖော်နိုင်ရေးအတွက် အန္တရာယ်ကင်းပရိတ်တော်များ ရွတ်ဖတ်ကြကြောင်း သိရသည်။

(တင်မောင်-မန်းကိုယ်ပွား)

ပထမအကြိမ် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်

မန္တလေး ဖေဖော်ဝါရီ ၂၂

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မေဃဂီရိရပ်ကွက် ၈၁လမ်းနှင့် ၁၈ လမ်းထောင့်ရှိ ဘုရားကြီးရှေ့တော် မီးပြမဗ္ဗာရုံဂေါပကအဖွဲ့နှင့် ရပ်ကွက်သူရပ်ကွက်သားများ ဦးစီးကျင်းပသော ပထမအကြိမ် အသံမစဲပဋ္ဌာန်းရွတ်ဖတ်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့သည်။ **(ကျော်ထူး)**

ကျန်းမာရေးမှူး သက်ကြီးပူဇော်မည်

မန္တလေး ဖေဖော်ဝါရီ ၂၂

မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း၊ မန္တလေးတိုင်းဒေသကြီးအသင်း၏ (၁၃)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့် သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေးကို မတ်လ ၃ ရက် နံနက် ၉ နာရီခွဲတွင် မန္တလေးချမ်းအေးသာစံမြို့နယ် ၂၇ လမ်း နှင့် ၂၈ လမ်းကြား လမ်း ၇၀ ရှိ မန္တလေးတိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် သက်ကြီးပူဇော်ပွဲနှင့်သင်းလုံးကျွတ် နှစ်ပတ်လည် အစည်းအဝေးဖြစ်မြောက်ရေးကော်မတီ ဖုန်း-၀၂-၈၁၄၁၄၊ ၀၂-၈၁၆၀၁ နှင့် ၀၉-၂၀၃၁၃၄၂ တို့သို့ ဆက်သွယ်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ **(မန်းကိုယ်ပွား)**

မန္တလေးမြို့၌ ယဉ်ကျေးမှုပဒေသာကပွဲ တင်ဆက်မည်

မန္တလေး ဖေဖော်ဝါရီ ၂၂

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ မင်းသား မင်းသမီးလေးများ၏ အကအလှပဒေသာယိမ်းများနှင့် မြန်မာ့ယဉ်ကျေးမှုအနုသုခုမအစစ်အမှန်များကို ပဒေသာကပွဲအဖြစ် အစဉ်အလာမပျက် ဖော်ထုတ်ကပြပြီး မြို့မတေးဂီတအဖွဲ့မှ တေးသီချင်းများဖြင့် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၂၀× ၂၂ လမ်းကြား (၆၆) လမ်းရှိ အမျိုးသားဇာတ်ရုံ(မန္တလေး)၌ မတ် ၂ ရက် ည ၇ နာရီမှ ၉ နာရီအထိ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ပဒေသာကပွဲကို တစ်လလျှင် နှစ်ကြိမ်ကျ လစဉ်ဆက်လက်ဖျော်ဖြေမည်ဖြစ်ရာ ထိုင်ခုံလက်မှတ်များကို အမျိုးသားဇာတ်ရုံ(မန္တလေး)တွင် ငွေကျပ် ၅၀၀၀၊ ၃၅၀၀၊ ၂၅၀၀ တို့ဖြင့် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(မန်း-တင်မောင်)**

အရာတော်မြို့တွင် ကတ္တရာလမ်းသစ်ဖွင့်

အရာတော် ဖေဖော်ဝါရီ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ် အမှတ် (၃)နယ်မြေ ခွာညိုလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီက အဆိုပါလမ်းသစ်မုခ်ဦး၌ ကျင်းပသည်။ အဆိုပါလမ်းသစ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းငွေ၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးမောင်မောင်သောင်း၊ မြို့နယ်စစ်မှုထမ်းဟောင်းများအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မျိုးကျော်တို့ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ **(မြို့နယ် ပြန်/ဆက်)**

မြိုင်မြို့နယ်၌ စာအုပ်နှင့်ဓာတ်ပုံပြပွဲကျင်းပ

မြိုင် ဖေဖော်ဝါရီ ၂၂

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်နှင့် ဓာတ်ပုံပြပွဲကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီခွဲက ယင်းရုံးစာကြည့်တိုက်ခန်းမ၌ကျင်းပသည်။ ယင်းပြပွဲတွင် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရွှေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး အောင်ဇော်မင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်အေးအေးနွဲ့တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဌာနဆိုင်ရာများ၊ မြို့နယ်စက်ချုပ်သင်တန်းကျောင်းမှ သင်တန်းသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ စုစုပေါင်း ၁၅၇ ဦးလာရောက် ကြည့်ရှုကြကြောင်းသိရသည်။ **(၁၃၅)**

နေ့စဉ်ထုတ်ရောင်စုံသတင်းစာ မန္တလေးမှာလည်း နံနက်စောစောဖတ်ရှုနိုင်ပြီ

မန္တလေး ဖေဖော်ဝါရီ ၂၂

ဗဟုသုတနှင့် ရသကဏ္ဍစုံ ပါဝင်သည့် နေ့စဉ်ထုတ်မြန်မာ့အလင်းနှင့် ကြေးမုံ ရောင်စုံသတင်းစာများကို မန္တလေးမြို့တွင်း သတင်းစာဖတ်ရှုလိုသူများ နံနက်စောစော ဖတ်ရှုနိုင်ရန်အတွက် နဂါးစာပေနှင့် ရောင်နီဦး သတင်းစာဖြန့်ချိရေးလုပ်ငန်းတို့မှ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

အိမ်တိုင်ရာရောက်ဖြန့်ချိပေး

မန္တလေးမြို့ နဂါးစာပေမှ မြန်မာ့အလင်းနှင့်ကြေးမုံရောင်စုံသတင်းစာများကို နေ့စဉ်နံနက် ၆ နာရီမှစတင်၍ မြို့တွင်းလက်ပွေ့ရောင်းချသူများ၊ ဂျာနယ်အရောင်းဆိုင်များအတွက် ဖြန့်ချိရောင်းချပေးလျက်ရှိပြီး ရောင်နီဦး သတင်းစာဖြန့်ချိရေးလုပ်ငန်းမှလည်း နေ့စဉ် နံနက် ၅ နာရီခွဲမှ စတင်၍ အိမ်တိုင် ရာရောက်ပို့ဆောင်ဖြန့်ချိပေးလျက်ရှိသည်။

မြန်မာ့အလင်းနှင့် ကြေးမုံရောင်စုံသတင်းစာများကို မန္တလေးမြို့ရှိ ဂျာနယ်အရောင်းဆိုင်များ၊ လက်ပွေ့ရောင်းချသူများထံတွင် နေ့စဉ် နံနက်စောစော အလွယ်တကူဝယ်ယူဖတ်ရှုနိုင်မည်ဖြစ်ပြီး အရောင်းဆိုင်များ၊ လက်ပွေ့ရောင်းချလိုသူများအနေဖြင့် နဂါးစာပေ ၈၃ လမ်း၊ ၂၉ လမ်းနှင့်လမ်း ၃၀ ကြား မန္တလေးမြို့ ဖုန်း ၀၂-၃၆၇၄၅ သို့လည်းကောင်း၊ အိမ်တိုင်ရာရောက်ပို့ဆောင်ရန်မှာယူလိုသူများအနေဖြင့် ရောင်နီဦးသတင်းစာပို့လုပ်ငန်း ဖုန်း ၀၉-၄၄၄၀၃၃၃၈၆ တို့ထံသို့ ဆက်သွယ်မှာယူ ဖတ်ရှုနိုင်သည်။

ဝန်ဆောင်မှုလုပ်ငန်း

နဂါးစာပေမှာ မန္တလေးမြို့နှင့် မြန်မာပြည်အထက်ပိုင်းအတွက် သုတ၊ ရသ၊ စာအုပ်စာပေမျိုးစုံ ဖြန့်ချိလျက်ရှိသည့်အောင်မြင်မှုရရှိနေသော စာပေဖြန့်ချိရေးလုပ်ငန်းတစ်ခုဖြစ်ပြီး ရောင်နီဦးသတင်းစာပို့လုပ်ငန်းမှာလည်း မြန်မာ့အလင်း၊ ကြေးမုံနှင့် နယူးလိုက်အော့ဖ်မြန်မာ ရောင်စုံသတင်းစာများကိုသာ သီးသန့်တာဝန်ယူ၍ နေ့စဉ် နံနက် ၅ နာရီခွဲမှ ၈ နာရီအတွင်း မန္တလေးမြို့၌ အိမ်တိုင်ရာရောက် ဖြန့်ချိရေးလုပ်ငန်းဆောင်ရွက်နေသော ဝန်ဆောင်မှုလုပ်ငန်းဖြစ်ကြောင်း သိရသည်။

ရဲညွန့် (မန်း)

မြင်းတစ်ကောင် ငွေကျပ်သိန်းနှစ်ဆယ်

သတင်း-အဝယ်တော်ဖိုးထော်
ဓာတ်ပုံ-မြင့်အောင်(စက်မှုဆေးဝါး)

"မမြင်ဖူးတာလည်း မြင်ဖူးကြရမယ်၊ မကြားဖူးတာလည်း ကြားဖူးကြရမယ်"ဟု ရှေးလူကြီးသူမများ၏ စကားပမာ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ဇေယျဝတီရပ်၌ မြင်းတစ်ကောင်လျှင် ငွေ ကျပ်သိန်း ၂၀အထိ ဈေးရှိနေကြောင်း အံ့သြဖွယ်ကြားသိလာရသည်။

သည်စကားကို ယင်းအရပ်၌ မြင်းလှည်းပြေးဆွဲနေသော မြင်းလှည်းနံပါတ် ၁၀၈ မြင်းလှည်းမောင်း ဆရာဦးတင့်လွင်က ပြောပြခြင်းဖြစ်သည်။

"ပြီးခဲ့တဲ့ ဇန်နဝါရီလအလယ်လောက်အထိ မြင်းတစ်ကောင်ဈေးက ငွေကျပ် ရှစ်သိန်းဝန်းကျင်လောက်ပဲရှိတယ်။ အခုနောက်ပိုင်း မြင်းတစ်ကောင်ကို ငွေကျပ် သိန်း ၂၀ လောက်ဖြစ်လာပြီ"ဟုဆိုသည်။

၎င်း၏အဆိုအရ ရှမ်းပြည်နယ်ကားလမ်းမပေါက်သော ခရီးအတွက် ကုန်စည်ပို့ဆောင်မှုကို လားများဖြင့်သာ အသုံးပြုခဲ့ကြောင်း၊ ယခုအခါ



အဆိုပါ လားများရှားပါးလာမှုကြောင့် မြင်းများကို အစားထိုးအသုံးပြုရန် မြေပြန့်အထိ ဆင်းဝယ်လာသည့်အတွက် ယခုကဲ့သို့ ဈေးများမြင့်တက်လာရခြင်းဖြစ်ကြောင်း သိရသည်။

ပြန်လည်အပ်နှံ

ပုဂံ-ညောင်ဦး အနီးဝန်းကျင် အရပ်များ၌ မြင်းဝယ်လိုသူများ ခြေချင်းလိမ်လျက်ရှိနေပြီး မြင်းသားပေါက်စဉ်ကတည်းကပင် မြင်းပွဲစားများ၊ မြင်းဝယ်မည့်သူများက တစ်ဦးနှင့်တစ်ဦး အလျင်ဦးအောင် ပြေးကြည့်ကြပြီး စရန်ငွေများ ချထားပေးကြသည်။ ပိုင်ရှင်ထံ မွေးစမြင်းလေးအား ပြန်လည်အပ်နှံပြီး မိခင်မြင်းမကြီး၏ နို့ကိုဆက်စေခဲ့ပြီး အချိန်တန်မှ လာယူခြင်း ဖြစ်ကြောင်းကိုလည်း သိရသည်။

မြင်းတစ်ကောင်၏ ကောင်းခြင်း၊ မကောင်းခြင်းကို မြင်း၏ခြေထောက်ကိုကြည့်၍ ဈေးနှုန်းသတ်မှတ် ဝယ်ယူကြခြင်းဖြစ်သည်ဟု ဆိုသည်။

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

တောင်တွင်းကြီးမြို့ ရတနာပွင့်လှ ကန်တော်ကြီးပေါ်တွင် လမ်းလျှောက်သူအမျိုးသမီးတစ်ဦး ဓားထောက်လုယက်ခံရမှု ဖြစ်ပွား

တောင်တွင်းကြီး ဖေဖော်ဝါရီ ၂၂

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့ မောင်းတိုင်(၁)ရပ်ကွက်ရှိ မြို့ကျက်သရေဆောင် ရတနာပွင့်လှကန်တော်ကြီး ပေါင်ပေါ်တွင် နံနက်စောစော လမ်းလျှောက်သူ အမျိုးသမီးတစ်ဦးထံမှ အမျိုးသားတစ်ဦးက ဓားထောက်၍ ရွှေဆွဲကြိုးဖြတ်လုယူထွက်ပြေးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၇ နာရီခန့်က တောင်တွင်းကြီးမြို့ မောင်းတိုင်(၂)ရပ်ကွက်နေ ဒေါ်သန်းသန်းနု ၄၃ နှစ်သည် ရတနာပွင့်လှကန်တော်ကြီးအတိုင်း တံတားမှကူး၍ အတွင်းရှိဂေါက်ကွင်းဘေးလမ်းအတိုင်း အရှေ့မြောက်ဘက်သို့ လမ်းလျှောက်လာစဉ် ယင်းလမ်းအတိုင်း မျက်နှာချင်းဆိုင်ဘက်မှ ဂျင်းအကျႌ၊ ဂျင်းဘောင်းဘီ အပြာရောင်ဝတ်ထားသည့် လူငယ်တစ်ဦး လမ်းလျှောက်လာသည်ကို တွေ့ရပြီး ၎င်းအားရှောင်သွားကြောင်း၊ ၎င်းသည် ကန်ပေါင်အတိုင်း ဆက်လျှောက်စဉ် ဂေါက်ကွင်းအနောက်မြောက်ဘက်ထောင့်သို့အရောက် အဆိုပါ လူငယ်သည် နောက်မှလိုက်လာပြီး ဒေါ်သန်းသန်းနုအား နောက်မှ ဝဲဘက်လက်နှင့် သိုင်းဖက်ကာ ယာဘက်လက်မှ ဓားကိုင်၍ လည်ပင်းကို ထောက်ထားကြောင်း၊ ဝဲဘက်လက်နှင့် ၎င်း၏ ပါးစပ်ကိုပိတ်၍ မအော်ရန်ပြောကြောင်း၊ ၎င်းက ပတ်ဝန်းကျင်သို့ အော်ဟစ် အကူအညီတောင်းရင်း ရုန်းကန်ရာ ဝဲဘက်လက်သန်းအား ဓားထိ၍ ပျက်ရှဒဏ်ရာရရှိကြောင်း၊ အဆိုပါ လူငယ်မှ ဓားကိုအောက်သို့ချပြီး ၎င်း၏လည်ပင်းတွင် ဝတ်ဆင်ထားသော အလေးချိန် သုံးမတ်သားခန့်ရှိ စက်ကြိုတ်ကြိုးပြား ဆွဲကြိုး၊ ပိုက်ဆံအိတ်ပုံဆွဲပြားပါ တန်ဖိုး ငွေကျပ် ငါးသိန်းခန့်ကို ဆောင့်ဆွဲယူပြီး ဓားကောက်ယူကာ ထွက်ပြေးသွားကြောင်း၊ အဆိုပါ လူငယ်၏ပုံသဏ္ဌာန်မှာ ဆံပင်တို လှန်ဖီးထား၊ မျက်နှာသွယ်၊ ကိုယ်လုံးသင့်၊ အရပ် ၅ ပေ ၂ လက်မခန့် ဂျင်းအကျႌပြာလက်ရှည်၊ ဘောင်းဘီရှည်ဝတ်ထား၊ လူမြင်လျှင် မှတ်မိကြောင်း၊ ၎င်းလူငယ်သည် ထွက်ပြေးသွားပြီး ကိုက် ၂၀ ကျော်ခန့်အရောက် လမ်းအကွေ့တွင် ရပ်ထားသော စက်ဘီးကို စီးနင်း၍ ဂေါက်ကွင်း အရှေ့ဘက်လမ်းအတိုင်း တောင်ဘက်သို့ နင်းသွားကြောင်း၊ ထိုအချိန် ပေ ၂၀၀ ခန့်တွင် ဦးသံချောင်းနှင့် ဦးခင်မောင်မြင့်တို့ လေ့ကျင့်ခန်းပြုလုပ်နေသည်ကို တွေ့မြင်၍ အကူအညီတောင်းခံကြောင်း ပြောပြ၍ သိရသည်။ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ဓားနှင့်ခြိမ်းခြောက်ပြီး ဆွဲကြိုးကို ဆောင့်ဆွဲလုယူသူ အမျိုးသားကို စုံစမ်းအရေးယူပေးပါရန် ဒေါ်သန်းသန်းနုက တောင်တွင်းကြီးမြို့မ ရဲစခန်းသို့ တရားလိုပြုလုပ်တိုင်တန်းသဖြင့် တောင်တွင်းကြီး မြို့မရဲစခန်းက အမှုဖွင့်ထားပြီး တရားခံကို အမြန်ဖမ်းဆီးရမိနိုင်ရေးနှင့် သက်သေခံပစ္စည်း သိမ်းဆည်းရမိနိုင်ရေးအတွက် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ဟသ်ာ(တောင်တွင်းကြီး)**

စည်းကမ်းမဲ့ အမှိုက်များရှင်းလင်းပြီးဖြစ်

စစ်ကိုင်း ဖေဖော်ဝါရီ ၂၂

စစ်ကိုင်းမြို့ မြို့မဈေးကြီး၏ အနောက်ဘက် ဆိုင်ခန်းအမှတ် (၃)၊(၄) ဆိုင်ခန်းရှေ့ လမ်းဘေးတွင် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်သူများကြောင့် ဆိုင်ခန်းပိုင်ရှင်များ၊ အနီးအနားပတ်ဝန်းကျင်နေအိမ်အချို့ ဈေးဝယ်သူများ အနံ့ဆိုးများ ခံစားနေကြရဟူသော သတင်းဖော်ပြပါရှိခဲ့ပြီးနောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် ဈေးသူဈေးသားများက ချက်ချင်း ရှင်းလင်းပေးလိုက်၍ ဆိုင်ခန်းပိုင်ရှင်များ၊ ပတ်ဝန်းကျင်နေအိမ်အချို့နှင့် လာရောက်ဈေးဝယ်သူများ ဝမ်းသာပီတိဖြစ်နေကြကြောင်း သိရသည်။ **(၁၄၀)**

ခရိုင်အဆင့် အမျိုးသမီးထမနဲထိုးပြိုင်ပွဲ ကျင်းပ

ကသာ ဖေဖော်ဝါရီ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့က ကြီးမှူးကျင်းပသော ခရိုင်အဆင့် ခုနစ်မြို့နယ် အမျိုးသမီးထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက် ညနေ ၃ နာရီက ခရိုင်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ မြို့နယ်များမှ အသင်းဝင်အမျိုးသမီးများ ဝင်ရောက်ယှဉ်ပြိုင်ကာ ထမနဲထိုးကြသည်။

ဒိုင်အဖွဲ့ဝင် ၁၀ ဦးက ထမနဲများကို အကဲဖြတ်ပြီးနောက် ညနေ ၅ နာရီတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငွေငွေဝင်းနှင့် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးသန္တာထွန်းတို့က ပထမဆုရ ကသာမြို့နယ်၊ ဒုတိယဆုရ ထီးချိုင့်မြို့နယ်၊ တတိယဆုရ ပင်လည်ဘူးမြို့နယ်နှင့် ကျန်မြို့နယ်များကို နှစ်သိမ့်ဆုများ ပေးအပ်ချီးမြှင့်ပြီး အားပေးကြည့်ရှုသူများအား မြန်မာ့အာဟာရ ထမနဲများဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။

စမ်းဦး(ကသာ)

နေ့ညမဟူ သတိမူ
ရန်သူ "မီး" ကိုသာ

ပြည်တွင်းသတင်း

ရန်ကုန်တိုင်းဒေသကြီး၌ အားကစားနည်း ရှစ်မျိုးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီ(ရန်ကုန်) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီ (ရန်ကုန်) ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး အတွင်း၌ အားကစားနည်း ရှစ်မျိုးဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း၊ အားကစားနည်းအလိုက် အားကစားကွင်း၊ အားကစားရုံများကို အားကစားအဖွဲ့ချုပ်များက ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိရာ ပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး၊ ပရိသတ်များမှ ပြိုင်ပွဲများကို စနစ်တကျကြည့်ရှုအားပေးရေးတို့အတွက် ကော်မတီဝင်များအားလုံးနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးများနှင့် အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ အားကစားသမားများ စခန်းသွင်းလေ့ကျင့်မှု၊ အားကစားရုံ၊ အားကစားကွင်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တွင်း သုံးဘီးဆိုင်ကယ်ယာဉ်လိုင်းများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ ယာဉ်များပြေးဆွဲ မောင်းနှင်နိုင်ကြရန် ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၇ နာရီခွဲက ပဲခူးတိုင်းယာဉ်ထိန်းရဲတပ်ဖွဲ့ တာဝန်ခံ ရဲမှူးထိန်ဝင်းနှင့် ရဲအုပ်ကျော်ဇေယျာအဖွဲ့က လက်ကမ်းစာစောင်များ ပေးဝေကြစဉ်။ စန်းဝေ(ဟံသာမြေ)

ဒလမြို့နယ် ပြည်သူ့ဆေးရုံသို့ ECG စက်ပေးအပ်လှူဒါန်း

ဒလ ဖေဖော်ဝါရီ ၂၂

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ပြည်သူ့ဆေးရုံသို့ ECG စက်ပေးအပ်လှူဒါန်းပွဲကို မြို့နယ်ပြည်သူ့ဆေးရုံ သံဃာကုသအဆောင်တွင် ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းက ပေးအပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဦးဆန်းသူရအောင်သိန်းအား ECG စက်ကို ပေးအပ်သည်။ ပေးအပ်လှူဒါန်းခဲ့သည့် ECG စက်မှာ ငွေကျပ် ခုနစ်သိန်း တန်ဖိုးရှိပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ စေတနာရှင်များက စုပေါင်း၍ လှူဒါန်းခဲ့ကြောင်းသိရသည်။ **(၁၅၅)**

၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲစည်းကမ်းချက်များ ကျိုင်းတုံ၌ ထပ်ဆင့်ရှင်းလင်းဆွေးနွေး

ကျိုင်းတုံ ဖေဖော်ဝါရီ ၂၂

ရှမ်းပြည်နယ် ကျိုင်းတုံမြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း သံလွင်ခန်းမ၌ ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၉ နာရီက ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် စာဖြေသူများလိုက်နာရန် စည်းကမ်းချက်များ ထပ်ဆင့်ဆွေးနွေးပွဲသင်တန်းကို ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျိုင်းတုံခရိုင် ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဆရာကြီးဦးခင်ကျော်ဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် ပညာရေးညွှန်ကြားရေးမှူးရုံးခွဲ ကျိုင်းတုံမြို့မှ လက်ထောက်ညွှန်ကြားရေးမှူး (ဝန်ထမ်းရေးရာ) ဆရာမကြီး ဒေါ်သက်ထားက တက္ကသိုလ်ဝင်စာမေးပွဲဆိုင်ရာ ဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ကျိုင်းတုံမြို့နယ် ပညာရေးမှူး ဆရာမကြီး ဒေါ်ဟန်စိန်က ကြီးကြပ်ရေးမှူးများနှင့် လက်ထောက်ကြီးကြပ်ရေးမှူးများအား ခန့်ထားခြင်း၊ စာမေးပွဲဝင်ခွင့်ကတ်ပြားဆိုင်ရာ ညွှန်ကြားချက်များ၊ စာမေးပွဲလုံခြုံမှုဆိုင်ရာ ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်းကောင်း၊ ကျိုင်းတုံမြို့ အထက(၃) ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုက စာမေးပွဲဆိုင်ရာ လက်ထောက်ကြီးကြပ်ရေးမှူးများ ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်းကောင်း၊ ကျိုင်းတုံမြို့ အထက (၂) ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်သန်းက စာဖြေခန်း ပြင်ပလက်ထောက်ကြီးကြပ်ရေးမှူးများ ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်းကောင်း အသီးသီး ဆွေးနွေးရှင်းလင်းပို့ချ ပြောကြားခဲ့ကြသည်။ အဆိုပါ ထပ်ဆင့်ဆွေးနွေးပွဲသင်တန်းသို့ ကျိုင်းတုံမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများမှ အထက်တန်း ကျောင်းအုပ်ကြီးများ၊ အလယ်တန်း ကျောင်းအုပ်ကြီးများ၊ အထက်တန်းပြ ဆရာ ဆရာမများ၊ အလယ်တန်းပြ ဆရာ ဆရာမများနှင့် မူလတန်း ကျောင်းအုပ်ဆရာ ဆရာမကြီးများ စုစုပေါင်း ၃၇၂ ဦး တက်ရောက်ကြကြောင်းသိရှိရသည်။

နိုင်နိုင်အောင်ဝေ

အနာဂတ်လူငယ်များ ကျန်းမာကြံ့ခိုင်စေရေး နွားနို့သောက်သုံးသင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ကလေးများ ကျန်းမာကြံ့ခိုင်ဉာဏ်ရည်ဖွံ့ဖြိုးပြီး အရပ်အမောင်းတွင်လည်း နိုင်ငံတကာနှင့် ယှဉ်နိုင်ရန် နွားနို့တိုက်ကျွေးသင့်ကြောင်းကို ဖေဖော်ဝါရီ ၁၉ ရက်က ကျင်းပသည့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အပတ်စဉ်ဆွေးနွေးပွဲ၌ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးက ပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက နွားနို့တွင် အာဟာရဓာတ်ပါဝင်သဖြင့် အရွယ်မရွေး သောက်သုံးသင့်ကြောင်းနှင့် အထူးသဖြင့် ကလေးများသန်စွမ်းကျန်းမာစေရန် နွားနို့သောက်သုံးသင့်ကြောင်းကို အင်္ဂလန်နိုင်ငံမှ သုတေသနပညာရှင်တစ်ဦးက ကလေးများကို အုပ်စုခွဲပြီးလေ့လာခဲ့ရာ တစ်နှစ်ပြည့်သည့်အခါ နွားနို့နေ့စဉ် ၆၀ စီစီ သောက်သုံးသည့် ကလေးများသည် နွားနို့မသောက်သည့် ကလေးများထက် အရပ်ပိုရှည်နေကြောင်း ဖော်ပြထားတာကို တွေ့ရကြောင်း၊ ထို့ကြောင့် နွားနို့တိုက်ကျွေးရေးကို အနာဂတ်လူငယ်များ ဉာဏ်ရည်ဉာဏ်သွေးအပြင် ကိုယ်ကာယအရပ်အမောင်း ကြီးထွားစေရေးအတွက် အမျိုးသားရေးလှုပ်ရှားမှုအနေဖြင့် ပူးပေါင်းဆောင်ရွက်နေပြီဖြစ်ကြောင်း ပြောကြားသည်။

ကလေးများ ကျန်းမာကြံ့ခိုင်မှုအတွက် နွားနို့သောက်သုံးသည့် အလေ့အထ တွင်ကျယ်မှုရှိစေရန် စေတနာရှင်များ၏ အကူအညီဖြင့် ကျောင်းများ၌ နွားနို့တိုက်ကျွေးရေး စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ နွားနို့ထုတ်လုပ်မှု တိုးမြှင့်နိုင်ရန်အတွက် အမျိုးသားနို့စားနွားမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းကိုလည်း မြန်မာနိုင်ငံ မွေးမြူရေးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ **နန္ဒာဝင်း**

စီမံခန့်ခွဲရေးနှင့် ဈေးကွက်ဆိုင်ရာ ဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ဂျပန်နိုင်ငံ စီးပွားရေးနှင့်စက်မှုဝန်ကြီးဌာန၏ ပင်လယ်ရပ်ခြား ကျွမ်းကျင်မှုဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်နှင့်စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့-HIDA (ယခင်-AOTS)နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့ ပူးပေါင်း၍ စီးပွားရေးကဏ္ဍများရှိ အုပ်ချုပ်ရေးနှင့်အဆင့်အသီးသီးမှ ဝန်ထမ်းများ၏ အရည်အသွေးများမြင့်မားလာစေရန်ရည်ရွယ်၍ ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၈ ရက်အထိ နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၁၂ နာရီခွဲအတွင်း UMFCCI Training Institute, Classroom -1 ၌ Seminar on Introduction to Management နှင့် မတ် ၂ ရက်မှ ၃ ရက်အထိ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအတွင်း UMFCCI Office Tower, Third Floor တွင် Seminar on Introduction to Marketing ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

"အထူးလှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ပြုမှုဖော်ခြင်း"

ကောင်တန်းသာသနာ့မြူလရာတော် အရှင်ဒေ့ခမိန္ဒ (စပ်ဆုခမ်း-တန့်ယန်း) ကမ္ဘာ့ဗုဒ္ဓဘာသာတက္ကသိုလ်မှ M.A (Buddhism) (Srilanka) လွယ်တိန်ခမ်းကျောင်းတိုက် မူဆယ်မြို့အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတရုံး အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၁၃) ဖြင့် မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ကို အပ်နှင်း ချီးမြှင့်ခြင်းအပေါ်တွင် ... ဖြစ်မြောက်ရေးအဖွဲ့မှ အထူးပင် ဝမ်းမြောက်ပါကြောင်းနှင့် ... ဆက်လက်ထမ်းဆောင်နိုင်ပါစေကြောင်း ဆုတောင်းဂါရဝပြုလိုက်ရပါသည် အရှင်ဘုရား ......

ရှမ်းပြည်နယ်(မြောက်ပိုင်း)
မူဆယ်မြို့
... ဖြစ်မြောက်ရေးအဖွဲ့

(၆၆)ကြိမ်မြောက်မွန်အမျိုးသားနေ့ ကျင်းပရေးကော်မတီ(ဗဟို)ပေါင်မြို့

ဟံသာဝတီနေပြည်တော်ကြီးကို ဂေါတမမြတ်စွာဘုရား၏ ဗျာဒိတ်တော်အရ နန်းမြို့တည်ထောင် မင်းလုပ်အုပ်ချုပ်ခဲ့သည့် တပို့တွဲလပြည့်ကျော် ၁ရက်နေ့ကို မွန်တစ်မျိုးသားလုံး၏(မွန်အမျိုးသားနေ့)အဖြစ် သတ်မှတ်ခဲ့ကြပါသည်။ ယခုနှစ်တွင်လည်း မွန်အမျိုးသားနေ့ ကျင်းပရေးဗဟို(ပေါင်မြို့) စင်မြင့်ထက်တွင် စည်ကားသိုက်မြိုက်စွာဖြင့် မွန်ရိုးရာယဉ်ကျေးမှု၊ မွန်ယဉ်ကျေးမယ်(ပြိုင်ပွဲ)၊ ပျော်ပွဲရွှင်ပွဲများနှင့် မွန်အမျိုးသားအလံတင် အလေးပြုသည့်နေ့ နံနက်တွင် မွန်ရိုးရာ စတုဒိသာဖြင့် ကျွေးမွေးဧည့်ခံမည်ဖြစ်ပါ၍ မွန်တိုင်းရင်းသားများ မွန်ရိုးရာ တူညီဝတ်စုံနှင့် အခြားသောတိုင်းရင်းသားများအားလုံး ကျွန်တော်တို့နှင့်အတူ တက်ရောက်ကြပါရန် ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၆-၂-၂၀၁၃ရက်(အင်္ဂါနေ့)
ကျင်းပမည့်အချိန် - နံနက် ၆း၀၀ နာရီမှ ၁၀း၀၀ နာရီအထိ
ကျင်းပမည့်နေရာ - မြို့မအားကစားကွင်း၊ ပေါင်မြို့

(၆၆)ကြိမ်မြောက်မွန်အမျိုးသားနေ့ကျင်းပရေးကော်မတီ(ဗဟို)

ပျောက်ဆုံးကြောင်း

မြန်မာအတ္တလန်တစ်ကုမ္ပဏီ၏ ဇန်နဝါရီ ၂၉ရက်၁၉၉၈ခုနှစ်ရက်စွဲပါ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်အမှတ် ၃၀၂/၉၈ ကတ်ပြားသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပါရန်။ **ဖုန်း-၀၁-၂၀၀၅၉၅၊ ၂၀၀၅၉၃**



"အထူးလှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ပြုမှုဖော်ခြင်း"

မိုးကုတ်၊ မန္တလေး၊ ပုံရွာ၊ မူဆယ် ... ဝိပဿနာ ... ၏ အဓိပတိ ... နာယကဆရာတော် ... ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတရုံး အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၁၃) ဖြင့် ... ဘွဲ့တံဆိပ်တော်ကို အပ်နှင်းချီးမြှင့်ခံရခြင်းအပေါ်တွင် မူဆယ်မြို့နယ် ... အဖွဲ့မှ အထူးပင်ဝမ်းမြောက်ပါကြောင်းနှင့် ဘာသာအကျိုး သာသနာ့အကျိုးများကို ဆက်လက်ထမ်းဆောင်နိုင်ပါစေကြောင်း ဆုတောင်းဂါရဝပြုလိုက်ပါသည် အရှင်ဘုရား ......

ရှမ်းပြည်နယ်(မြောက်ပိုင်း)
မူဆယ်မြို့နယ် ...
... ပင်မဝေယျာဝစ္စအဖွဲ့

"အထူးလှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ပြုခြင်း"

... ပင်မဝေယျာဝစ္စ အဖွဲ့ ... ဒေါ်မွေးမွေး (လင်းထွန်း-သင်းသီးပွဲ ၊ မူဆယ်မြို့) အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သမ္မတရုံး အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၁၃) ဖြင့် ... 'ဘွဲ့တံဆိပ်' ... အပ်နှင်းချီးမြှင့်ခြင်း အပေါ်တွင် ဂုဏ်ယူဝမ်းမြောက် ပါကြောင်းနှင့် ဘာသာအကျိုး၊ သာသနာ့အကျိုး၊ အများအကျိုးတို့ကို ဆက်လက်ထမ်းဆောင် နိုင်ပါစေကြောင်း ဆုတောင်းဂါရဝပြုလိုက်ရပါသည် .....

ရှမ်းပြည်နယ်(မြောက်ပိုင်း)
မူဆယ်မြို့
... ပင်မဝေယျာဝစ္စအဖွဲ့

အိမ်ကွင်းမှာအောင်ပွဲခံတေးတွေ ကျူးရင့်ဦးမယ့်ဘာစီလိုနာ

စပိန်မြေက လာလီဂါရပ်ဝန်းမှာတော့ ပွဲစဉ် ၂၅ ကို အကြိတ်အနယ်နွှဲဖို့အတွက် တာစူနေကြပြီဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၂၄ ရက်မှာတော့ လာလီဂါထိပ်တန်းအသင်းကြီးတွေဖြစ်တဲ့ ဘာစီလိုနာနဲ့ ရီးရဲမက်ဒရစ်တို့ရဲ့ ပြိုင်ဘက်တွေကို ဘယ်လိုမုန်တိုင်းထန်မလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်တာမို့ ရင်ခုန်စရာပါပဲ။

ဘာစီလိုနာနှင့် ဆီဗီလာ

ပထမအကျော့ ဆီဗီလာကွင်းမှာ ဘာစီလိုနာတို့က အနိုင်ယူထားတာမို့ ဒီနှစ်လာလီဂါမှာ အိမ်ကွင်းရှုံးပွဲမရှိသေးတဲ့ဘာစီလိုနာကို ဆီဗီလာတို့ ကျော်လွှားဖို့ဆိုတာ အတွေးနဲ့တင် မွန်းကျပ်စရာပါပဲ။ အဝေးကွင်းရလဒ်မကောင်းတဲ့ ဆီဗီလာဟာ တိုက်စစ်မှူး နီဂရီဒိုကိုပဲ အားထားပြီးထွက်လာမှာဖြစ်ပေမယ့် နာမည်ကျော်တိုက်စစ်မှူးတွေနဲ့ စုဖွဲ့ထားတဲ့ ဘာစီလိုနာကို ခုခံဟန့်တားမှုတွေအရင်းပြုရဖို့ များနေပါတယ်။ ပွဲပန်းနေတဲ့ ဘာစီလိုနာဟာ ကစားသမားအပြည့်ထုတ်သုံးမှာ မဟုတ်ပေမယ့် အိမ်ကွင်းရှုံးပွဲမရှိ မှတ်တမ်းကို အပျက်ခံမှာမဟုတ်တာမို့ ဘာစီလိုနာပရိသတ်တွေ အောင်ပွဲခံတေးတွေကို ဟစ်ကြွေးကြဦးမှာပါ။

ဒီပို့တီဗိုနှင့် ရီးရဲမက်ဒရစ်

ပထမအကျော့မှာ ရီးရဲမက်ဒရစ်တို့ ဘာနေဗျူးကွင်းမှာ ငါးဂိုး-တစ်ဂိုးနဲ့ နှိပ်ကွပ်ခဲ့တဲ့ ဒီပို့တီဗိုက အခုပွဲမှာ ပေါက်ကွဲမှာလားဆိုတာ တွေးစရာပါပဲ။ တန်းစီဇယား အောက်ဆုံးမှ ရုန်းထွက်ဖို့အတွက် မွန်းကျပ်တဲ့ဖိအားတွေရှိနေပေမယ့် ဒီပွဲမှာလည်း အမှတ်လိုအပ်နေတဲ့ ရီးရဲမက်ဒရစ်ကို စိုးရိမ်စိတ်တွေ တဝေဝေနဲ့ ဒီပို့တီဗိုတို့ ညစ်အားတွန်းအားတွေနဲ့ ခုခံဖို့ပြင်ဆင်ရဦးမှာဖြစ်ပါတယ်။ သမိုင်းမှတ်တမ်းတွေမှာလည်း ရီးရဲမက်ဒရစ်နဲ့ဆုံတိုင်း အသာစီးမရခဲ့တာမို့ ဒီပွဲမှာလည်း ဒီပို့တီဗိုဟာ မုန်ယိုနေတဲ့ နည်းပြမော်ရင်ဟိုရဲ့ အခင်းအကျင်းအောက်မှာ ရှုန်းထဖို့ခက်ခဲနေဦးမှာဖြစ်ပါတယ်။

ဗယ်လက်ကာနိုနှင့် ဗယ်လာဒိုးလစ်

ဗယ်လက်ကာနိုတို့ပထမအကျော့ပွဲစဉ်မှာ ဗယ်လာဒိုးလစ်ရဲ့ ဂိုးဒါဇင်ဝက်တိတိ အသွင်းခံထားခဲ့ရလို့ အခုအိမ်ကွင်းမှာ စိုးတထိတ်ထိတ်နဲ့ ရင်ဆိုင်ရဦးမှာ ဖြစ်ပါတယ်။ ဒါပေမယ့် အိမ်ကွင်းမှာ ဗယ်လက်ကာနိုရဲ့ အားထည့်မှုက မာကြောပြင်းထန်တတ်တာမို့ အသင်းကြီးတွေကို ခြိမ်းခြောက်အနိုင်ယူခဲ့တဲ့ မှတ်တမ်းကောင်းတွေရှိထားတာကြောင့် ဗယ်လာဒိုးလစ်တို့ သတိထားရပါလိမ့်မယ်။ ဗယ်လက်ကာနိုကွင်းမှာ ကစားတိုင်း ဗယ်လာဒိုးလစ်တို့ အသာစီးရမှုနည်းတာမို့ ဒီပွဲမှာ အိမ်ရှင်ကိုပဲ ယုံကြည်မှုတွေပေးအပ်ပြီး အားပေးရမယ့်အခြေအနေပါပဲ။

ဆဲလ်တာဗီဂိုနှင့် ဂရန်နာဒါ

ပွဲရလဒ်တွေ ပြန်ကောင်းဖို့ ကြိုးစားနေတဲ့ ဆဲလ်တာဗီဂိုတို့အတွက် အခွင့်အရေးတစ်ရပ်အဖြစ် အသုံးချနိုင်မလား ကြည့်ရမှာဖြစ်ပါတယ်။ ပထမအကျော့မှာ ဂရန်နာဒါတို့ နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ယူထားတာကြောင့် ဒီပွဲဟာ ရှုံးကြွေးချက်ချင်းပြန်ဆပ်နိုင်ဖို့ ကြိုးစားမှာဖြစ်ပါတယ်။ ဆဲလ်တာဗီဂိုကွင်းမှာ နောက်ဆုံးလက်ခံကစားခဲ့တဲ့ ဂရန်နာဒါနဲ့ ပွဲရလဒ်ကိုကြည့်ရင် ဆဲလ်တာဗီဂိုတို့ရှုံးပွဲမရှိခဲ့တာမို့ ဒီပွဲမှာလည်း အိမ်ရှင်တို့ ကြိုးစားအားထုတ်မှုရဲ့ အသီးအပွင့်တွေ ခံစားကြရမယ့် အနေအထားရှိပါတယ်။ ။

မိုးမြင့်လင်းလက်- ရေးသားသည်

နိုင်ငံတကာအားကစားသတင်း

အေစီမီလန်ကို ဘာစီလိုနာ ရှုံးကြွေးဆပ်မည်

ချန်ပီယံလိဂ် ၁၆ သင်းပြိုင်ပွဲ ပထမအကျော့တွင် အေစီမီလန်က အိမ်ကွင်း ဆန်စီရို၌ ဘာစီလိုနာအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။ ဘာစီလိုနာအနေဖြင့် မျက်လှည့်ဆန်သော နူးကင့်(မ်) ချန်ပီယံဆုတစ်ဆုဖြစ်အောင်လုပ်ရန် လိုအပ်ကြောင်း ဂျရတ်ပီကေးက ပြောကြားသည်။ ဆိုလိုသည်မှာ အေစီမီလန်ကို ဘာစီလိုနာက အံ့သြဖွယ်ကောင်းလောက်အောင် ရှုံးကြွေးပြန်ဆပ်နိုင်ရန်လိုကြောင်း ဂျရတ်ပီကေးက ဆိုလိုက်ခြင်းဖြစ်သည်။ သို့သော် အေစီမီလန်တို့ ကွာတားတက်ရန် အခြေအနေကောင်းနေသည်။ လာမည့် မတ်လ ၁၂ ရက်တွင် ဒုတိယအကျော့ကစားရမည်ဖြစ်သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲ ဖီးလ်ဂျုံးစ် လွဲမည်

မန်ယူကစားသမား ဖီးလ်ဂျုံးစ်သည် မတ်လ ၅ ရက်တွင် ရီးရဲမက်ဒရစ်နှင့်ကစားမည့် ချန်ပီယံလိဂ် ၁၆ သင်း ဒုတိယအကျော့ပြိုင်ပွဲနှင့် လွဲချော်နိုင်သည်။ အသက် ၂၀ ရှိ ဖီးလ်ဂျုံးစ်သည် အက်ဖ်အေ ဖလားပဉ္စမအကျော့တွင် မန်ယူက ရက်ဒင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ခဲ့သည့် ပွဲ၌ ခြေမျက်စိထိခိုက်ဒဏ်ရာရရှိသွားခဲ့သည်။ ဂျုံးစ်သည် ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျူပီအာနှင့် ကစားမည့်ပရီမီယာလိဂ်ပွဲနှင့်လည်း လွဲချော်နိုင်သည်။

မြင့်မောင်စိုး - ရေးသားသည်

ဟီတာဝက်ဆင် ကွာတားတက်ပြီ

ဗြိတိသျှနံပါတ်တစ်တင်းနစ်မယ် ဟီတာဝက်ဆင်သည် ယူအက်စ်အင်ဒိုးချန်ပီယံရှစ်တင်းနစ်ပြိုင်ပွဲတွင် အင်ဒရီယာလာဗက်စကိုဗာအား အနိုင်ရပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။ မမ်ဖစ်မြို့၌ ကျင်းပသည့် အဆိုပါပြိုင်ပွဲတွင် ဟီတာဝက်ဆင်က ချက်တင်းနစ်မယ် လာဗက်စကိုဗာအား ၁ နာရီ ၅၅ မိနစ်ကြာအောင် ကစားပြီး ၂-၆၊ ၆-၀၊ ၆-၃ဖြင့် နိုင်ကာ ကွာတားဖိုင်နယ်သို့ တတ်ရောက်သွားခဲ့ခြင်းဖြစ်သည်။ အသက် ၂၀ ရှိ ဝက်ဆင် **(အပေါ်ပုံ)**သည် ကွာတားဖိုင်နယ်တွင် ဆွစ်ဇာလန်တင်းနစ်မယ် စတီဖိန်းပိုးဂျယ်လီနှင့် ကစားရမည်ဖြစ်သည်။

အားကစားသတင်း အတိုအထွာ

မောင်ချစ်ကြည် - ရေးသားသည်

- လိုင်ယွန်အသင်းမှ အသက် ၂၄ နှစ်အရွယ် နောက်ခံကစားသမား ဂိုနာလန်နှင့်တိုရီနိုအသင်းမှ အော့ဘွန်နာတို့အား အာဆင်နယ်အသင်းက ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။
- မန်ယူအသင်းကွင်းလယ်ကစားသမား နာနီအသင်းမှ ထွက်ခွာသွားပါက ပေါ်တိုအသင်းမှ အသက် ၂၀ အရွယ်ရှိ ကိုလံဘီယာကစားသမား ရိုဒရီကွတ်အား ခေါ်ယူရန်စီစဉ်နေသည်။
- ချယ်လ်ဆီးအသင်းသည် တိုက်စစ်မှူး ဒမ်ဘာဘာအား ခေါ်ယူပြီးနောက် လာမည့်နွေရာသီတွင် တိုက်စစ်မှူးအသစ်တစ်ဦး ထပ်မံခေါ်ယူရန် ပြင်ဆင်လျက်ရှိသည်။
- ချယ်လ်ဆီးအသင်းသည် အသက် ၂၁ နှစ်အရွယ်ရှိ အက်သလက်တီကို တိုက်စစ်မှူး ဖယ်ကာအိုအား ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။
- မန်စီးတီးနှင့် ဘာစီလိုနာအသင်းတို့သည် ဆန်တို့စ်အသင်း တိုက်စစ်မှူး နေမာအားခေါ်ယူရန် အပြိုင်ကြိုးစားလျက်ရှိသည်။
- အသက် ၂၄ နှစ်အရွယ်ရှိ ဒေါ့မွန်အသင်းတိုက်စစ်မှူး လီဝမ်ဒေါစကီးအား မန်ယူက ခေါ်ယူရန် စီစဉ်လျက်ရှိသည်။
- အာဆင်နယ်နည်းပြအာစင်ဝင်းဂါးသည် အသင်းပိုင်ရှင် စတန်ကရွန်ကီနှင့်တွေ့ဆုံကာ အသင်း၏အနာဂတ်ရေးဆွေးနွေးနေပြီဖြစ်သည်။
- မာဆေးအသင်းသို့ အငှားစာချုပ်ဖြင့် လာရောက်ကစားနေသော အသက် ၃၀ အရွယ် ဘာတန်က ကျူပီအာအသင်းတွင် ပြန်လည်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားသည်။
- မန်စီးတီးနည်းပြ မန်စီနီက နည်းပြတာဝန်ကို ဆက်လက်ထမ်းဆောင်လိုသောဆန္ဒရှိနေပြီး အသင်းအောင်မြင်မှုအတွက် ယခုနှစ်၌ ဖလားတစ်လုံးရရှိအောင် စွမ်းဆောင်သွားမည်ဟု ထုတ်ဖော်ပြောကြားသည်။



စားသောက်ဆိုင်သုံး ရေခဲသေတ္တာများ
အထူးလျှော့ဈေးဖြင့် ရောင်းရန်ရှိသည်။

Brand – Berjaya (Imported)
- Two Doors Counter Chiller (၂ လုံး)
Dimension – 72 x 24.5 x 33 inches
- Display Shwocase (၂ လုံး)
Dimension – 47 x 24.5 x 53.5 inches
- Ice Maker (၁ လုံး) Brand – Lecaco
- Table Top Warmer
ဆက်သွယ်ရန် – 01 240400 Ext: 1424

ပျောက်ဆုံးကြောင်း

မဂျယ်လွမ်းနော၏ နိုင်ငံသားကတ် ၁/ဝမန(နိုင်)ဝ၄၅၂၆၁၊ ပတ်(စ)ပို့ အေ ၃၃ဝ၄၄၆၊ ပုံစံ(၁၇)စာရွက်၊ ဦးဂျေခေါင်လွမ်း၏ နိုင်ငံသားကတ် ၁/ဝမန(နိုင်) ဝ၁၆၅၆၄၊ ဒေါ်လဖိုင်ထုဘူ၏ နိုင်ငံသားကတ် ၁/ဝမန(နိုင်)ဝ၁၆၅၆၅၊ သန်းခေါင်စာရင်းတို့သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-ဝ၉-၄၅ဝဝ၄၈၁၅၈

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁)ရပ်ကွက်၊ ဝါးတန်းလမ်း၊ တိုက်အမှတ် (၆၇)၊ သုံးလွှာ၊ ယာဘက်ခန်း၊ ဝဲဘက်ခန်း၊ တိုက်ခန်းနှစ်ခန်းအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်သူ ဦးထွန်းသိန်း ၁၁/စတန(နိုင်)ဝ၃၇၄ဝ၂ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလဲ့ဝင်း(L.L.B, D.B.L)
အထက်တန်းရှေ့နေ
အမှတ်(၈၃)၊ အထက်ဗဟိုလမ်း၊
ဖုန်း-၇ဝ၅၄၄၅၊ ဝ၉-၅၁၅၁၈၃၃၊ ၉၆၆၉ဝဝ၄

၂၀၁၃-ခုနှစ်ထုတ်
ထူးချွန်ကျောင်းသားသုံး
အင်္ဂလိပ်-မြန်မာ အဘိဓာန် (၈၀၀၀ ကျပ်)

ဝေါဟာရပေါင်း ၆၀၀၀၀ကျော်၏ အသုံးတွင်ကျယ်သုံး အဓိပ္ပါယ်ဖွင့်ဆိုချက်များနှင့် ကာလဒေသအလိုက်သုံးနှုန်းပုံ Idiom များ၊ ဆန့်ကျင်ဘက်စကားလုံးများ Opposite များ၊ ကြိယာပုဒ်စုများ၊ အဓိပ္ပာယ်ချင်းတူသည့် ဝေါဟာရများ၊ သတင်းအချက်အလက်ဆိုင်ရာ ကွန်ပျူတာ၊ အင်တာနက်ဝေါဟာရများ၊ တက္ကသိုလ်ကျောင်းသား/သူများအတွက် ဇီဝဗေဒ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာနှင့် ဘာသာရပ်ဆိုင်ရာ ဝေါဟာရများ စသည်တို့အပြင် အင်္ဂလိပ်စာလေ့လာသူများ၏ လိုအပ်ချက်များပါ ဖြည့်ဆည်းပေးနိုင်သည့် အဘိဓာန်စာအုပ်ကောင်း တစ်အုပ်ဖြစ်ပါသည်။ စာမျက်နှာ(၉၀၀)ကျော် စက္ကူကောင်းဖြင့် ထုတ်ဝေထားပါသည်။

၂၁ရာစု ကွန်ပျူတာအဘိဓာန်
အကောင်းဆုံး (၅၀၀၀ ကျပ်)

ဝေါဟာရပေါင်း ၄၀၀၀ကျော်၏ အသုံးဝင်ဆုံးအဓိပ္ပါယ်ဖွင့်ဆိုချက်များ၊ ကွန်ပျူတာနယ်ပယ်တွင် လက်တွေ့အသုံးတွင်ကျယ်သည့် ခေတ်သစ် ကွန်ပျူတာ ဝေါဟာရများအပြင် အင်တာနက်နှင့် ပတ်သက်သော စကားလုံးများ၊ ICT နှင့်ပတ်သက်သော စကားလုံးအသစ်များ၊ Networking နှင့် ပတ်သက်သော စကားလုံးများ၊ ကွန်ပျူတာနည်းပညာဆိုင်ရာဝေါဟာရများ၏ ကျစ်လစ်ခိုင်မာပြည့်စုံသော အဓိပ္ပာယ်ဖွင့်ဆိုချက်များအား အကောင်းဆုံး၊ အမှန်ကန်ဆုံး၊ အတိကျဆုံးဖြစ်သော အဘိဓာန်စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

မဏ္ဍိုင်စာပေ-အမှတ်(၂၃၇)၊ ပထမထပ်(ဝဲ)၊ ၃၉လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်။ ဖုန်း-၃၉၂၈၃၅၊ ၀၉၅၀၅၆၈၄၃၊ ၀၉၇၃၀၅၉၉၃၅

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

နစ်နာမှုပေါင်းများစွာရှိခဲ့သည့် ကျော်ကိုကို၏လုပ်ရပ်

ဖေဖော်ဝါရီ ၂၁ ရက်မှာတော့ မြန်မာ့ ဘောလုံးလောကအတွက် သတင်းဆိုးတစ်ခုကို ကြားလိုက်ရသည်။ AFC Challenge Cup ခြေစစ်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းမှ အမာခံ တိုက်စစ်မှူး ကျော်ကိုကိုအား ပြန်လည် စေလွှတ်လိုက်ပြီဆိုသည့် သတင်းဖြစ်သည်။ လက်ရှိမြန်မာအသင်း တိုက်စစ်မှူးများထဲတွင် အားကိုးရဆုံး ခြေစွမ်းအပြနိုင်ဆုံး ကစားသမားကို ဘာကြောင့်ပြန်လွှတ်လိုက်တာလဲ ဆိုသည်ကို စိတ်ဝင်စားမိသည်။ နောက်တော့ မြန်မာ-မလေးရှားယူ-၂၃ အသင်းတို့၏ ခြေစမ်းပွဲအကြို စာနယ်ဇင်းရှင်းလင်းပွဲတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF)က တရားဝင်သတင်းထုတ်ပြန်ပေးခဲ့သည်။ ကျော်ကိုကိုအား ပြန်လွှတ်ရသည့်ကိစ္စကို သိရသောအခါ တွေးစရာ၊ စဉ်းစားစရာ၊ ပြောချင်စရာတွေ များလာသည်။ ဒါကြောင့် ဒီဆောင်းပါးကို ရေးမိခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်တိုက်စစ်မှူး ကျော်ကိုကိုသည် နည်းပြ၏သင်ကြားမှုများကို အကြိမ်ကြိမ်ဝေဖန်ခြင်းအပြင် အုပ်ချုပ်သူနှင့် နည်းပြအဖွဲ့ဝင်များအပေါ်တွင် ရိုင်းပျစွာ ပြုမူစော်ကားခဲ့သည့်အတွက် ဖေဖော်ဝါရီ ၂၀ ရက်တွင် အသင်းမှ ပြန်လည်စေလွှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ MFF ၏ သတင်းထုတ်ပြန်မှုတွင် ကျော်ကိုကိုသည် နည်းပြများ၏ Team Strategy များ သင်ကြားပြသမှုပိုင်းနှင့်ပတ်သက်၍ အမြဲလိုလို ဆင်ခြေပေးခြင်း၊ မကျေနပ်သည့် အမူအရာနှင့် အပြုအမူများပြုလုပ်ခြင်း၊ အသင်းအစည်းအဝေးပြုလုပ်ချိန်တွင် မလေးမစား အမူအရာပြုလုပ်ကာ အစည်းအဝေးထွက်ခွာခြင်း၊ နည်းပြချုပ်အား ပမာမခန့်ပြုလုပ်ခြင်းများကို ပြုလုပ်လေ့ရှိကြောင်း၊ အသင်းအောင်နိုင်ရေးကို ရှေးရှု၍ ကစားသမားကောင်း တစ်ဦး မဆုံးရှုံးစေလိုသောကြောင့် နည်းပြ ပတ်ဆောင်ဟွာက စည်းရုံးသွန်သင်ခြင်း၊ MFF ဥက္ကဋ္ဌနှင့် အုပ်ချုပ်/ နည်းပြအဖွဲ့ဝင်များကလည်း ဆုံးမသွန်သင်ခြင်းများ ပြုလုပ်ခဲ့သော်လည်း၊ ၎င်း၏အမူအရာနှင့် သဘောထားများမှာ ပြောင်းလဲသွားခြင်း မရှိကြောင်း၊ အဆိုးဆုံး အနေဖြင့် ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းတွင် လေ့ကျင့်ရေးကွင်းမှ ပြန်လာချိန်တွင် နည်းပြများ ရေးဆွဲထားသည့် တစ်နေ့တာ Timetable White Board ပေါ်တွင် အုပ်ချုပ်/ နည်းပြများအပေါ် ရိုင်းပျစော်ကားသည့်အဓိပ္ပာယ် သက်ရောက်သော စကားလုံးများကို

ရေးသားခဲ့က ကြီးမားသည့် စည်းကမ်းကို ဖောက်ဖျက်ခဲ့ခြင်းကြောင့် နည်းပြချုပ်မှ ပြန်လည်စေလွှတ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ပါဝင်ခဲ့သည်။

MFF ၏ သတင်းထုတ်ပြန်မှုကို ကြည့်ပြီး ပြောချင်တာတွေ များလာသည်။ မြန်မာ့လက်ရွေးစင်အသင်း နိုင်ငံတကာပြိုင်ပွဲများတွင် ဆက်တိုက်ကျရှုံးနေသည်။ ဒီ AFC Challenge Cup ခြေစစ်ပွဲက မြန်မာ့လက်ရွေးစင်အသင်း၏ သိက္ခာဆယ်ရမည့် ပြိုင်ပွဲဟုထင်သည်။ လူရွေးချယ်မှုကို ကြည့်လျှင်လည်း တိုက်စစ်၌ ကျော်ကိုကိုကို အမာခံထား ကစားမည်ဆိုတာ သေချာသည်။ ဒီလိုပြိုင်ပွဲနှင့် နီးကပ်နေချိန်၊ အရေးကြီးနေသော အချိန်တွင် ကျော်ကိုကိုအနေနှင့် ဒါမျိုးမလုပ်သင့်ဟုထင်သည်။ ကျော်ကိုကိုနှင့် နည်းပြချုပ် ပတ်ဆောင်ဟွာတို့လက်တွဲတာ ယခုမှမဟုတ်၊ ၂၀၁၂ အာရှယူ-၂၂ ခြေစစ်ပွဲကတည်းက ဖြစ်သည်။ တစ်ယောက်အကြောင်း တစ်ယောက်သိနေသူများဖြစ်လျက်နှင့် နည်းစနစ်ပိုင်းကို ဝေဖန်တာတွေ၊ အစည်းအဝေးအခန်းမှထထွက်ပြီး မထီမဲ့မြင်လုပ်ရပ်တွေ ဘာကြောင့်လုပ်နေသလဲဆိုတာ စဉ်းစားရခက်သည်။

ခြေစွမ်းခြေစရှိပြီး ၎င်းအပေါ် အားကိုးမှီခိုနေရသည့် အချိန်တွင် ကျော်ကိုကို၏ လုပ်ရပ်က မှားယွင်းသလို နစ်နာမှုပေါင်းများစွာရှိသည်။ နိုင်ငံအတွက်နစ်နာသည်။ လက်ရွေးစင်အသင်းအတွက် နစ်နာသည်။ အောင်မြင်မှုလမ်းကြောင်းပေါ်ရောက်ရှိအောင် ကြိုးပမ်းနေသည့် မြန်မာ့လက်ရွေးစင်အသင်း၏ ပြင်ဆင်မှုအပေါ် ထိခိုက်နစ်နာစေသည်။ နောက်ဆုံးနှင့် အနစ်နာဆုံးကတော့ ကာယကံရှင် ကိုယ်တိုင်ပင်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်ဖြစ်သူ ပတ်ဆောင်ဟွာက "ကျော်ကိုကို၏ အပြုအမူမှာ MFF ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အသင်းအုပ်ချုပ်/ နည်းပြအဖွဲ့များအပေါ် မလေးစားစော်ကားရာရောက်ကြောင်း၊ သူ့ကလပ်အသင်းပိုင်ရှင်နှင့် တာဝန်ရှိသူများ၊ မြန်မာ့ဘောလုံး ပရိသတ်များအပေါ်လည်း မလေးစားရာရောက်ကြောင်း၊ သူ၏အပြုအမူကို သည်းခံခွင့်လွှတ်ပေးလိုက်ပါက အခြားကစားသမားများအပေါ် တရားမျှတမှုမရှိဘဲ တစ်ဦးချင်း အုပ်ချုပ်ရန် အခက်အခဲရှိနိုင်ကြောင်း၊ အခြား ကစားသမားများလည်း ယင်းကဲ့သို့ အမှားမျိုးကို ကျူးလွန်လာနိုင်ကြောင်း၊ သူ့အပေါ် ပုဂ္ဂိုလ်ရေးအာဃာတ လုံးဝမရှိသော်လည်း အသင်း၏ စည်းလုံးညီညွတ်မှုကို ထိခိုက်ပျက်ပြားလာနိုင်ပြီး လက်တွဲလုပ်ဆောင်ရန် မဖြစ်နိုင်တော့၍ အုပ်ချုပ်/နည်းပြအဖွဲ့ဝင်များနှင့်တိုင်ပင်ကာ ပြန်လည်စေလွှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ပြုလုပ်ခဲ့ခြင်းမှာ သူ၏အနာဂတ်၊ နိုင်ငံနှင့် MFF ၏ ဂုဏ်သိက္ခာအတွက်ပါ ဖြစ်ကြောင်း၊ သူ၏လက်ရွေးစင် အနာဂတ်နှင့်ပတ်သက်၍ ဘာမှမပြောနိုင်သေးကြောင်း"ဖြင့် ပြောကြားခဲ့သည်။ ကျော်ကိုကို၏ အပြုအမူက သူ့အတွက်သာမက အားလုံးကို ထိခိုက်နစ်နာစေခဲ့သည်။ နစ်နာမှုပေါင်းများစွာရှိခဲ့သည်။ အမှားကိုမြင်ပြီး အမှန်ကို ပြင်နိုင်ရင်တော့ နစ်နာမှုတွေက ပြန်ပြီး အကျိုးရှိလာနိုင်ပေသည်။

ရဲရင့်ရှိုင်း

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၂

နယ်စပ်ရေးရာဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ဖြည့်စွက်ရန်ပုံငွေဖြင့် ရှမ်းပြည်နယ်တောင်ပိုင်းအတွင်းရှိ ကျေးလက်လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများကို K.Z.E.N မှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းပြီးစီးမှုအခြေအနေများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးတူးမောင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးနှင့်အဖွဲ့၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းနှင့်အဖွဲ့တို့က ဖေဖော်ဝါရီ ၁၆ ရက်က ကွင်းဆင်းစစ်ဆေးကြပြီး လုပ်ငန်းများ အချိန်မီပြီးစီးရေး စံချိန်စံညွှန်းပြည့်မီရေးနှင့် လိုအပ်သည်များမှာကြားသွားကြောင်း သိရသည်။ **(အပေါ်ပုံ)** **မောင်မောင်သန်း(ကော့မှူး)**

ဇင်းကျိုက်၌လေပြင်းတိုက်၍ နေအိမ်အချို့အမိုးလန်

ပေါင် ဖေဖော်ဝါရီ ၂၂

ပေါင်မြို့နယ် ဇင်းကျိုက်မြို့တွင် ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က လေပြင်းများ တိုက်ခတ်ခံရမှုကြောင့် ရပ်ကွက် (၁၂)နှင့် ရပ်ကွက် (၁၆)ရှိ လူနေအိမ်အချို့ ထိခိုက်ပျက်စီးမှုရှိခဲ့သည်။ အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် အိမ်အမိုးများပျက်စီးသွားပြီး ရပ်ကွက်နေပြည်သူလူထုများ ထိခိုက်သေကျေဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။ ပျက်စီးသွားသော အိမ်အမိုးများကို ပြန်လည်တည်ဆောက်ပြီးစီးနေပြီး ပြင်ဆင်မှုအိမ် အနည်းငယ်သာပြင်ဆင်ရန် ကျန်နေသေးကြောင်း မြင်တွေ့ခဲ့ရသည်။ **ခွန်(ဝင်းပ)**

တောင်ပုလု ကျောက်ဆင်တောရ ဗုဒ္ဓပူဇနီယပူဇော်ပွဲ

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ ပင်းတလဲ အုပ်စု၊ တောင်ပုလုကျောက်ဆင်တောရ သတိပဋ္ဌာန်ရိပ်သာဝင်းအတွင်း ကျင်းပမည့် တောင်ပုလုကျောက်ဆင် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို ပင့်သံဃာ အပါး ၁၀၀အား ဆွမ်းလောင်းလှူပွဲနှင့် သံဃာတော်များ ဩဝါဒပါတိမောက်ပြခြင်း၊ ပရိသတ်များကို စတုဒိသာမုန့်များ ကျွေးမွေးဧည့်ခံခြင်းကို (၁၃၇၄ခုနှစ် တပို့တွဲလပြည့်နေ့) ၂၅-၂-၂၀၁၃ရက် (တနင်္လာနေ့)တွင် ကျင်းပမည်ဖြစ်ပါသဖြင့် တောင်ပုလုကျောက်ဆင်တောရ သတိပဋ္ဌာန်ရိပ်သာသို့ ကြွရောက်ကြပါရန် ဒါယကာ၊ ဒါယိကာမများနှင့် ဧည့်ပရိသတ်များကို လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျောက်ဆင်တောရ ဂေါပကအဖွဲ့

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်
စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ပါစက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

1. Multifunction Colour Laser Copier ၁ လုံး
2. Digital Multifunction Copier Model-iR 2520 Copier ၄ လုံး
3. Automatic Paper Cutting Machine ၁ လုံး
4. Plastic Coating Machine ၁ လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၅-၂-၂၀၁၃ရက်မှ ၂၆-၂-၂၀၁၃ရက်အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ဤရုံးတွင် လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၂၇-၂-၂၀၁၃ရက် နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရုံးအမှတ်(၁၂)၊ နေပြည်တော် တင်ဒါစိစစ်ရေးအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ တင်ဒါစိစစ်ရေးအဖွဲ့
ရုံးအမှတ်(၁၂)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၇၃၂၇

ဖနီးအဖြစ်မှ စွန့်လွှတ်ခြင်း

ဦးသန်းလှ၏သမီး ဒေါ်စန်းစန်းအေး ၁၂/လမတ(နိုင်)၀၁၇၃၁၁သည် သည်းမခံနိုင်သော ကိစ္စရပ်များ ပြုလုပ်သွားပါသဖြင့် ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ဒေါ်စန်းစန်းအေးနှင့်ပတ်သက်သော ကိစ္စအား တာဝန်မယူပါ။

ဦးစောလွင်
၁၂/လမတ(ဧည့်)၀၀၀၂၀၇
အမှတ် ၆၈၊ ပထမထပ်၊ ကလီ ၃ လမ်း၊
လမ်းမတော်မြို့နယ်၊ (၁)ရပ်ကွက်၊

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ကြေညာချက်အမှတ် ၁/၂၀၁၃

၁။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် ကုမ္ပဏီများ မှတ်ပုံတင်ခြင်းအား အောက်ပါအတိုင်း လုပ်ငန်းအမျိုးအစား(၈)မျိုး ခွဲခြားမှတ်ပုံတင်ပေးလျက်ရှိပါသည်-

(က) ရောင်းဝယ်ရေးလုပ်ငန်း
(ခ) ဝန်ဆောင်မှုလုပ်ငန်း
(ဂ) စက်မှုလက်မှုနှင့် ထုတ်လုပ်မှုလုပ်ငန်း
(ဃ) ဟိုတယ် လုပ်ငန်း
(င) ခရီးသွားလုပ်ငန်း
(စ) ကျောက်မျက်လုပ်ငန်း
(ဆ) ဆောက်လုပ်ရေးလုပ်ငန်း
(ဇ) ဘဏ်လုပ်ငန်း

၂။ ကုမ္ပဏီများ၏ သက်တမ်းကိုလည်း ယခင်က တစ်ကြိမ်လျှင် (၂)နှစ်သတ်မှတ်၍ သတ်မှတ်သက်တမ်းကာလစေ့ရောက်တိုင်း ထပ်မံသက်တမ်းတိုးစေခဲ့ရာမှ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၃-၁၁-၂၀၁၁ရက်စွဲပါ စာအမှတ် ၅၂၃/၃၁၂ သက်တမ်းတိုး/အဖရ (၂၀၁၁)အရ ကုမ္ပဏီများ၏ သက်တမ်းကို (၂)နှစ်မှ (၃)နှစ်သို့ တိုးမြှင့်သတ်မှတ်ပေးခဲ့ပါသည်။

၃။ နိုင်ငံတော်အစိုးရအနေဖြင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ပိုမိုလွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေး၊ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် အပိုကုန်ကျစရိတ်များ လျှော့နည်းသက်သာစေရေးနှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိရာ ကုမ္ပဏီများ မှတ်ပုံတင်ခြင်းနှင့်ပတ်သက်၍ ၂၀၁၃ခုနှစ် ဖေဖော်ဝါရီလ ၂၂ရက်မှစတင်၍ အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်ပါသည်-

(က) ကုမ္ပဏီများအား မှတ်ပုံတင်ရာတွင် လုပ်ငန်းအမျိုးအစား ခွဲခြားမှတ်ပုံတင်ခြင်းမပြုဘဲ သင်းဖွဲ့မှတ်တမ်းတွင် မိမိတို့လုပ်ကိုင်ဆောင်ရွက်မည့် လုပ်ငန်းများကို တိကျစွာ ထည့်သွင်းဖော်ပြ၍ မှတ်ပုံတင်ခွင့်ပြုမည်ဖြစ်ပါသည်။ ဘဏ်လုပ်ငန်းနှင့်ပတ်သက်၍မူ မြန်မာနိုင်ငံ ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေပုဒ်မ ၃(က) နှင့် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ အခန်း ၁၀-က၊ ပုဒ်မ ၂၇၇နှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်ရန်ဖြစ်ပါသည်။
(ခ) ကုမ္ပဏီများ၏ သက်တမ်းကိုလည်း လက်ရှိသတ်မှတ်ထားသည့် (၃)နှစ်မှ (၅)နှစ်သို့ တိုးမြှင့်သတ်မှတ်လိုက်ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၀/မြောက်၊ မြေကွက် အမှတ် ၂/ဂ၊ မြေကွက်တည်နေရာ အမှတ်(၂/ဂ)၊ လယ်ယာ (၇)လမ်း၊ ၁၀/မြောက်ရပ်ကွက်၊ သာကေတမြို့နယ် ဦးဘိုးလုံး အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးဘိုးလုံး(ဖခင်)နှင့် ဒေါ်စန်းစန်းမြင့်(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ၁။ ဦးစိုးလွင်ဦး၊ ၂။ ဒေါ်ခင်သန်းဌေး၊ ၃။ ဒေါ်ရင်ရွှေတို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၄၁၀/၁၃ ရရှိသူ ဦးသီလသိမ်း ၁၂/အလန(နိုင်)၀၂၈၁၂၇မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြပြီး ပိုင်ဆိုင်ကြောင်း စာချုပ်ရန်၊ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပင်စင်ကိစ္စအမြန်ဆက်သွယ်ရန်

အမှတ်(၂) သတ္တုတွင်းလုပ်ငန်း တိုင်းအထွေထွေမန်နေဂျာရုံး(ထားဝယ်)မှ ဦးထွန်းဝေ(အငြိမ်းစား) ၁၂/လသန(နိုင်)၀၀၉၁၀၅ အား နှစ်ပြည့်ပင်စင်ကိစ္စ ဆောင်ရွက်ရန် တိုင်းအထွေထွေမန်နေဂျာရုံး(ထားဝယ်)သို့ အမြန်ဆက်သွယ်ရန် အသိပေး အကြောင်းကြားပါသည်။

အမည်ပြောင်း

ကျောက်တန်းမြို့နယ်၊ အထက မင်္ဂလွန်း တတိယတန်းတွင် ပညာသင်ကြားနေသော ဦးကျော်ကျော်မင်း၏သား မောင်ဝေလျှံကျော်ကျော်အား မောင်ဝေဖြိုးကျော်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဝေဖြိုးကျော်ကျော်

အမည်ပြောင်း

အထက(၁) နမ္မတီး၊ န၀မတန်း (H)မှ ဦးထွဏ်းထွဏ်း၏သား သူရသက်ဇင်အား သူရလင်းဟု ပြောင်းလဲခေါ်ပါရန်။ **သူရလင်း**

ကျေးဇူးဆပ်ပါမည်

ကျွန်မ မသင်းသင်းဇော် ၁၂/ဥကတ(နိုင်)၁၇၂၅၃၂ ၏ နိုင်ငံကူးလက်မှတ် A- ၀၀၅၅၁၉ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း-၀၁-၅၈၄၇၃၁

ကျန်းမာရေးစောင့်ရှောက်မှုများဖြင့် ပြည့်စုံလာသော ပဲခူးတိုင်းဒေသကြီးက ပိန်းဇလုပ်တိုက်နယ်ဆေးရုံ

သတင်းဆောင်းပါး

ပိန်းဇလုပ်-သိန်းညွန့်

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်ကျေးရွာအုပ်စု ရွှေနှံ့သာချောင်း မြောက်ဘက်ကျေးရွာအဝင် ကားလမ်းမကြီးဘေး စိန်ဆေးလိပ်ခုံပိုင်ရှင် ဟိုးယခင် တိုက်နယ်သူကြီး (ဦးထွန်းကြိုင်-ဒေါ်ခင်မြ) မိသားစုတို့က လှူဒါန်းသည့် မြေအကျယ်အဝန်း ၁၁ ဧကပေါ်တွင် ၁၉၇၈ ခုနှစ်မှစတင်ကာ အုတ်မြစ်ချကာ ဆေးရုံတည်ဆောက်ခဲ့ရာ ၁၉၈၁ ခုနှစ်တွင် တိုက်နယ်ဆေးရုံ တည်ဆောက်ဖွင့်လှစ်ခဲ့နိုင်ပြီး ကျေးရွာနေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်စေခဲ့ရာ ယနေ့ထက်တိုင်ရှိနေပေပြီ။

အဆိုပါ တိုက်နယ်ဆေးရုံတွင် ဆရာဝန်မရှိကြောင်း၊ ဆရာဝန်မရှိ၍ ကျေးရွာနေပြည်သူများ ကျန်းမာရေးအတွက် အခက်အခဲရှိနေပါကြောင်း၊ ဆရာဝန်တစ်ဦး အမြန်ရောက်လာစေချင်ကြောင်း ရေးသားတင်ပြခဲ့ရာ အများပြည်သူဝန်ဆောင်မှု သတင်းစာအဖြစ် အသွင်ပြောင်း ထုတ်ဝေနေသော နေ့စဉ်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ၂၀၁၂ ခုနှစ် အောက်တိုဘာ ၂၂ ရက်က "ပိန်းဇလုပ်တိုက်နယ်ဆေးရုံ အခက်ကြုံ" ခေါင်းစဉ်ဖြင့် ပြည်သူကြားက စကားသံကဏ္ဍ၌ ဖော်ပြခဲ့သည်။ ယင်းသို့ ဖော်ပြခဲ့ပြီးနောက် ရက်ပိုင်းအတွင်း ညောင်လေးပင်မြို့နယ် ကျန်းမာရေးဦးစီးဌာနက ယာယီ ဆရာဝန်တစ်ဦးကို ပိန်းဇလုပ်သို့စေလွှတ်ပြီး ယခုတစ်ဖန် တိုက်နယ်ဆေးရုံ၌ တာဝန်ကျ ထမ်းဆောင်စေရန် ဆရာဝန်ကို ကျန်းမာရေးဦးစီးဌာနက ထပ်မံစီစဉ်ပေးခဲ့သည်။ အဆိုပါ တိုက်နယ်ဆရာဝန်ရောက်ရှိလာသည်နှင့် တစ်ပြိုင်နက် ကျေးရွာနေ ပြည်သူများကလည်း ဆရာဝန်မိသားစုအား နေအိမ်များသို့ အလည်ဖိတ်ခေါ် ဧည့်ဝတ်ကျေပွန်ကြသကဲ့သို့ တာဝန်ကျဆရာဝန်ကလည်း တိုက်နယ်ဆေးရုံတက် လူနာများအား စိတ်ရှည်လက်ရှည် တစ်ဦးချင်းမေးမြန်းစမ်းသပ်၍ ဆေးရုံတက် ကုသသင့်သူ၊ ဆေးထိုး၊ ဆေးပေးရန်လိုအပ်သူတို့အား မိမိဆွေမျိုးရင်းချာပမာ စေတနာထား ကုသပေးနေကြောင်းကိုလည်း တွေ့မြင်နေရသည်။

ယင်းနောက် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းနေ ဦးခင်မောင်ထူး-ဒေါ်ဘေဘီ မိသားစုက ကျေးရွာနေပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုပြုရာတွင် အထောက်အကူပြုနိုင်ရန် လိုအပ်လျက်ရှိသော ECG နှင့် SUCTION စက်များ ဝယ်ယူအသုံးပြုနိုင်ရေးအတွက် ဖေဖော်ဝါရီ ၁၂ ရက်က အလှူငွေကျပ် ၁၀ သိန်းတိတိ ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးစန်းအောင်၊ တိုက်နယ်ဆရာဝန်ဒေါက်တာအောင်သူရပ်မိရပ်ဖ စိန်ဆေးလိပ်ခုံပိုင်ရှင် ဒေါ်သန်းသန်းဝင်းနှင့် ဆေးရုံကြီးကြပ်မှုကော်မတီဝင်များဖြစ်ကြသည့် ဦးထိန်လင်း၊ ဦးကိုကိုတို့က တက်ရောက်လက်ခံယူခဲ့ကြသည်။ ထို့အပြင် ရန်ကုန်မြို့နေ ဦးရဲထူးအောင်-ဒေါ်နီလာခင်မိသားစု လှူဒါန်းမှုဖြင့် ဆေးရုံအတွင်း နှစ်ပေါင်းကြာမြင့်၍ ပျက်စီးယိုယွင်းနေသောခွဲစိတ်ခန်းကို ပြင်ဆင်တည်ဆောက်ပေးမည်ဖြစ်ကြောင်းနှင့် ဆရာဝန် ဝန်ထမ်းအိမ်ရာ ပျက်စီးယိုယွင်းမှုကိုလည်း ကျေးရွာနေပြည်သူအချို့ ထည့်ဝင်လှူဒါန်းမှုဖြင့် ပြုပြင်တည်ဆောက်ပေးမည်ဖြစ်ကာ ကောင်းမြတ်သော နှလုံးသွင်းဖြင့် စေတနာသုံးတန်ပြဋ္ဌာန်း၍ မြင့်မြတ်စွာ လှူဒါန်းပေးမှုများကိုလည်း တွေ့ရှိရသည်။

သို့ပါ၍ ပြည်သူ့အကျိုးပြုသတင်းများကို နိုင်ငံတော်နှင့် ပြည်သူလူထုအကြား ပေါင်းကူးသဖွယ် ဖော်ပြခဲ့သော မြန်မာ့အလင်းသတင်းစာတိုက်၊ ကျေးရွာနေပြည်သူများ၏ ကျန်းမာရေးကုသမှု၌ ခက်ခဲမှုမရှိစေရန် နိုင်ငံတော်အစိုးရ၏ပံ့ပိုးမှုနှင့်အတူ စီစဉ်ဆောင်ရွက်ပေးခဲ့သော ကျန်းမာရေးဦးစီးဌာန၊ ကျေးရွာနေ ပြည်သူများ အသက်ရှည်ရှည် နေနိုင်ရေးအတွက် "အာရောဂျ ပရမံလာဘံ"ကျန်းမာရေးရရှိနိုင်စေရန် စေတနာထားပြီး တာဝန်ထမ်းဆောင်နေသော စေတနာရှင် တိုက်နယ် ဆရာဝန်၊ တိုက်နယ်ဆေးရုံ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းစောင့်ရှောက် လှူဒါန်းသူ အလှူရှင်များ၊ နှစ်ပေါင်း ၂၀ ကျော်ရပ်တည်ခဲ့သည့် သတင်းသမားတစ်ဦးအနေဖြင့် နိုင်ငံနှင့် ပြည်သူအကျိုးပြု ကျေးရွာနေပြည်သူတို့၏ ကျန်းမာရေးအခက်အခဲကြုံနေရမှုအား စိတ်ကောင်း စေတနာကောင်း၊ သန့်ရှင်းသောစိတ်ဖြင့် ထင်ဟပ်တင်ပြရေးသားပေးပို့နိုင်မှုနှင့် နိုင်ငံတော်နှင့်ပြည်သူ ဟန်ချက်ညီညီ ပူးပေါင်းစီစဉ်ဆောင်ရွက်ပေးမှုများကြောင့် ကျေးရွာနေပြည်သူများ၏ ကျန်းမာရေးအခက်အခဲများ ပြေပျောက်သွားခဲ့ပေပြီ။

ယခုအခါ အဆိုပါ တိုက်နယ်ဆေးရုံအပေါ် အားကိုးအားထားသည့် ပိန်းဇလုပ်ကျေးရွာအုပ်စုအပြင် ညောင်လေးပင်မြို့နယ်၊ ကျောက်တံခါးမြို့နယ်ရှိ ကျေးရွာစုစုပေါင်း ၂၇ ရွာမှ ကျေးရွာနေပြည်သူတစ်ရပ်လုံး ကျန်းမာရေးစောင့်ရှောက်မှုများ ပြည့်ဝစွာခံစားနေရပြီဖြစ်ကြောင်း လက်တွေ့ကွင်းဆင်း၍ မြင်တွေ့သည်တို့ကို သတင်းစကား ဖြန့်ချိလိုက်ပါသည်။ ။

ကျေးရွာနေ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးနေသော ပိန်းဇလုပ် တိုက်နယ်ဆေးရုံ။

မီးဖိုမီး အခြားမီး

သုံးပြီးသတိ အမြဲရှိ

ပြည်တွင်းသတင်းနှင့်ဖောင်ဒေါ

ဆင်းရဲမှုလျှော့ချရေး ဒုတိယအကြိမ် ထပ်မံငွေထုတ်ချေး

ညောင်လေးပင် ဖေဖော်ဝါရီ ၂၂

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးမှ ဆင်းရဲမှုလျှော့ချရေးအတွက် ညောင်လေးပင်ဈေး၊ ပွဲတန်ဆာဈေး၊ မဒေါက်ဈေးနှင့် ပိန်းဇလုပ်ဈေးများမှ ပုံကျဈေးသူ ဈေးသား ၂၀၆ ဦးတို့အား ဒုတိယအကြိမ် သက်တမ်းတိုး ချေးငွေထုတ်ပေးခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် ညနေ ၃ နာရီက အာဇာနည်လမ်းရှိ သီရိရတနာခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပုံကျဈေးသည်များအား ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟံစိုး၊ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးအမ်လှသောင်း၊ မြို့နယ်အခွန်ဦးစီးမှူး ဒေါ်တင်မိုးသူတို့က ချေးငွေများပေးအပ်ကြကာ မြို့နယ်အခွန်ဦးစီးဌာနမှူးမှ အခွန်ငါးရာခိုင်နှုန်းအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ ပြန်လည်ပေးအပ်သည်။ **(အောက်ပုံ)** **(၁၃၈)**

ကွမ်းတောင်-ကျောက်တော်လမ်းပိုင်းတွင် ရထားများ ပုံမှန်ပြန်လည်ပြေးဆွဲပေးလျက်ရှိ

ရခိုင် ဖေဖော်ဝါရီ ၂၂

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်နှင့် ကျောက်တော်မြို့နယ်အတွင်း ပြေးဆွဲပေးလျက်ရှိသော ကွမ်းတောင်-ကျောက်တော် ရထားလမ်းပိုင်းတွင် ဖေဖော်ဝါရီလဆန်းပိုင်းမှစ၍ အစုန်ရထား၌ ရထားတွဲသုံးတွဲ ပြေးဆွဲနေရာမှ နှစ်တွဲပြေးဆွဲနေသဖြင့် ခရီးသည်များ အခက်အခဲတွေ့ရကြောင်း သိရှိရသည်။

ရထားနှစ်စင်းစလုံး ပုံမှန်သုံးတွဲဆွဲပေးကြောင်း၊ ကွမ်းတောင်မှ စထွက်သည့်ရထားရော၊ ကျောက်တော်မှ ထွက်သည့်ရထားပါ အားလုံး သုံးတွဲဖြစ်ကြောင်း၊ ကျောက်တော်သို့သွားသည့်နေ့က တွဲနှစ်တွဲသာ ပါသဖြင့် ယိုးတရုတ်အရောက်တွင် ခရီးသည်များမဆံ့တော့ကြောင်း၊ တစ်ရက် နှစ်ရက်လောက်ကတည်းက ယခုကဲ့သို့ ဖြစ်နေသည်ဟု ပြောကြကြောင်း၊ ခရီးသည်များ အခက်အခဲရှိကြောင်း၊ မိမိသည် ဖေဖော်ဝါရီ ၇ ရက်က သွားခဲ့ခြင်းဖြစ်ကြောင်း ယိုးတရုတ်ကျေးရွာမှ စာရေးသူ၏သူငယ်ချင်း ကျောင်းဆရာမတစ်ဦးက ရထားလမ်းအခြေအနေကို ပြောပြခဲ့သည်။

ခရီးသည်များကလည်း သွားရလာရအခက်အခဲရှိကြောင်း မကြာမကြာ ပြောနေကြ၍ ပုဏ္ဏားကျွန်းဘူတာမှတာဝန်ရှိသူများအား မေးမြန်းစုံစမ်းဖြစ်ခဲ့သည်။

နှစ်တွဲ ပြေးဆွဲပေးသည်ဆိုတာ မှန်ပါကြောင်း၊ စက်ခေါင်းတစ်လုံး ချွတ်ယွင်းသွားသဖြင့် ဖေဖော်ဝါရီ ၅ ရက်မှ ၁၆ ရက်အထိ အစုန်ရထားကို နှစ်တွဲတည်း ပြေးဆွဲပေးခဲ့ရကြောင်း၊ စက်ခေါင်းပြုပြင်နေသဖြင့် နှစ်တွဲပြေးဆွဲရခြင်းဖြစ်ကြောင်းကိုလည်း ဘူတာတွင် ကြေညာပေးထားကြောင်း၊ ဖေဖော်ဝါရီ ၁၆ ရက်က စက်ခေါင်းပြုပြင်ပြီးသောကြောင့် ဖေဖော်ဝါရီ ၁၇ ရက်မှစပြီး ပုံမှန် သုံးတွဲပြေးဆွဲပေးနေပြီဖြစ်ကြောင်း ပုဏ္ဏားကျွန်းဘူတာမှ ရုံပိုင်ကြီးတစ်ဦးက ပြောပြသည်။

ကွမ်းတောင်မှ အစုန်ရထားသည် နံနက်ပိုင်းတွင် ၇ နာရီခွဲတွင် ကွမ်းတောင်မှစထွက်ပြီး နံနက် ၁၀ နာရီခွဲတွင် ကျောက်တော်မြို့သို့ ရောက်ရှိသည်။ ကျောက်တော်မှ အဆန်ရထားသည် နံနက် ၇ နာရီခွဲတွင် ကျောက်တော်မှ စထွက်ပြီး နံနက် ၁၀ နာရီခွဲတွင် ကွမ်းတောင်သို့ ဆိုက်ရောက်သည်။ ညနေပိုင်းတွင် ကွမ်းတောင်မှ မွန်းလွဲ ၂ နာရီတွင် ပြန်ထွက်ပြီး ကျောက်တော်သို့ ညနေ ၅ နာရီတွင် ရောက်ရှိသည်။ ကျောက်တော်မှလည်း မွန်းလွဲ ၂ နာရီ ပြန်ထွက်ပြီး ကွမ်းတောင်သို့ ညနေ ၅ နာရီတွင် ဆိုက်ရောက်ကြောင်းသိရသည်။ ယခုအခါ ရထားများကို ပုံမှန်ပြေးဆွဲပေးနေပြီဖြစ်ကြောင်း သိရသည်။

ကွမ်းတောင်-ကျောက်တော်လမ်းပိုင်းသည် မင်းဘူး-အမ်း-စစ်တွေ ရထားလမ်း၏ ရထားလမ်းပိုင်းတစ်ခုဖြစ်ပြီး ခရီးသည်သွားလာမှု များကြောင်း သိရသည်။ **ကိုကြီးစော**

လုပ်ငန်းလိုင်စင်သက်တမ်းတိုးရန် အသိပေးနှိုးဆော်ခြင်း

ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ တွဲဖက်ရှမ်းပြည်နယ်ရုံး၊ ကျိုင်းတုံမြို့တွင် လုပ်ငန်းလိုင်စင်ရယူထားသည့်အောက်ဖော်ပြပါ မော်တော်ယာဉ်၊ ထော်လာဂျီ၊ သုံးဘီးမော်တော်ဆိုင်ကယ်ယာဉ်များသည် ၂၀၁၃ခုနှစ် ဇန်နဝါရီ ၃၁ရက်အထိ သက်တမ်းလွန်/သက်တမ်းပြတ်ယာဉ်များ ဖြစ်ပေါ်နေပါသဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းဥပဒေများနှင့်ညီညွတ်ခြင်းမရှိတော့သဖြင့် မိမိတို့နှင့် သက်ဆိုင်သည့် လုပ်ငန်းလိုင်စင်များအလိုက် ဆောလျင်စွာသက်တမ်းတိုးနိုင်ရေး အသိပေးနှိုးဆော်အပ်ပါသည်-

၂ခ/၉၄၈၅၊ ဆ/၉၈၇၇၊ ဘ/၂၁၄၁၊ ဘ/၆၂၅၆၊ ၇ခ/၉၂၀၈၊ ကက/၉၅၂၉၊ ၂ခ/၃၀၉၄၊ အ/၈၀၇၁၊ ၉က/၉၈၉၅၊ ထ/၅၄၃၈၊ ၁က/၉၈၄၁၊ ထ/၂၄၃၀၊ ၉ဠ/၁၄၄၂၃၊ ၉ဠ/၁၄၄၂၄၊ ၉ဠ/၁၄၄၂၅၊ ၉ဠ/၁၄၄၂၆၊ ၉ဠ/၁၄၄၂၇၊ ၉ဠ/၁၄၄၂၈၊ ၉ဠ/၁၄၄၂၉၊ ၉ဠ/၁၄၄၃၀၊ ၉ဠ/၁၄၄၃၂၊ ၉ဠ/၁၄၄၃၃၊ ၉ဠ/၁၄၄၃၄၊ ၉ဠ/၁၄၄၃၅၊ ၉ဠ/၁၄၄၃၇၊ ၉ဠ/၁၄၄၃၈၊ ၉ဠ/၁၄၄၃၉၊ ၉ဠ/၁၄၄၄၁၊ ၉ဠ/၁၄၄၄၂၊ ၉ဠ/၁၄၄၄၃၊ ၉ဠ/၁၄၄၄၄၊ ၉ဠ/၁၄၄၄၅၊ ၉ဠ/၁၄၄၄၆၊ ၉ဠ/၁၄၄၄၇၊ ၉ဠ/၁၄၄၄၈၊ ၉ဠ/၁၄၄၄၉၊ ၉ဠ/၁၄၄၅၀၊ ၉ဠ/၁၄၄၅၂၊ ဟ/၅၂၀၀၊ ဟ/၅၄၆၈၊ ဟ/၅၅၀၆၊ ဟ/၅၅၁၇၊ ဟ/၅၃၂၈၊ ဟ/၆၃၉၈၊ ဟ/၆၄၁၀၊ ဟ/၆၃၂၉၊ ဟ/၆၄၆၄၊ ဟ/၆၄၆၈၊ ဟ/၅၂၂၇၊ ဟ/၇၄၇၈၊ ဟ/၆၀၅၃၊ ဟ/၅၃၂၉၊ ဟ/၅၀၁၁၊ ဟ/၅၂၂၃၊ ဟ/၅၈၅၃၊ ဟ/၆၁၄၅၊ ဟ/၄၇၄၇၊ ဟ/၄၇၇၈၊ ဟ/၄၇၉၂၊ ဟ/၆၄၉၈၊ ဟ/၆၆၂၄၊ ဟ/၇၁၈၁၊ ဟ/၆၁၅၂၊ ဟ/၅၄၇၄။

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၊ တောင်ကြီးမြို့

၁။ တောင်ကြီးမြို့၊ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးအတွက် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံများစတင်ရောင်းချမည့်ရက်** ၂၁-၂-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် ၂၇-၂-၂၀၁၃ရက် ညနေ ၄ နာရီ
တင်ဒါဖွင့်မည့်ရက်နှင့်အချိန် ၁-၃-၂၀၁၃ရက် နံနက် ၁၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၊ တောင်ကြီးမြို့
ဖုန်း-၀၈၁-၂၁၂၁၁၀၄

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဓာတ်အားစနစ်ဌာန လက်အောက်ရှိ ဓာတ်အားစနစ်ကာကွယ်ရေးနှင့် လျှပ်စစ်စမ်းသပ်ရေးဌာနများတွင် အသုံးပြုရန်အတွက် Testing Instrument များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံ ရောင်းချမည့်ရက် -၂၅-၂-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် -၄-၃-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် -၁၄း၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် (၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၃၉၁၊ ၄၁၀၂၈၂

ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ၈က/၈၂၃၈၊ တိုယိုတာကိုရိုလာ EE 98 S/W(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဝင်း ၉/မရမ(နိုင်)၀၄၂၇၅၇က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ယ/၅၁၀၃၅ Yamaha Lanza, MC ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်သိန်း ၉/မနတ(နိုင်)၀၁၅၈၇၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၇၃၆၄၅ Toyobo 125၊ M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်နိုင်ဦး ၅/ရဥန(နိုင်)၀၉၇၀၇၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

ကြော်ငြာ

Tah Lee Gold

Tah lee Gold Tah lee Gold Tah lee Gold Tah lee Gold Tah lee Gold Tah lee Gold

စိန်ရွှေရတနာဆိုင်

ဤဆိုင်မှ ၁၅ပဲရည်၊ ၁၆ပဲရည် ရွှေထည်ပစ္စည်းများ အရောင်မကျစေရ မပြုစေရ၊ မနီစေရ လုံးဝလုံးဝအာမခံပါသည်။

ဤဆိုင်မှဝယ်သော စိန်ထည်များကို နားလည်တတ်ကျွမ်းသူမှကြည့်၍ ဈေးမတန်ဟုဆိုက ဝယ်သည့်နေ့မှ (၃)ရက်အတွင်း ပြန်လာပေးနိုင်ပါသည်။ ဝယ်သည့်တန်ဖိုးတစ်ပြားမှ မနုတ်ဘဲပြန်ပေးပါမည်။

ဤဆိုင်မှဝယ်သော စိန်ထည်များကို ပြန်ရောင်းလျှင် ကာလတန်ဖိုး၏၉၀% လဲလျှင်ကာလတန်ဖိုး၏၉၅% ပြန်ပေးပါသည်။ (အလျော့တွက်မနုတ်ပါ)

စိန်ထည်ရွှေထည်များကိုပန်းထိမ်ကြေးဖြင့် ဖောက်သည်ပေးပါသည်။

● အမှတ်(၇၅)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ဖုန်း - ၅၂၆၂၁၄၊ ၅၁၂၈၂၂၊ ၅၀၅၁၄၄၊ ၅၁၂၆၉၆

အ-ထ-က(၆)ဗိုလ်တထောင် (ယခင် စိန်ပေါလ်) မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားလွှာ

(၃)နှစ်ဆက်တိုက် ပညာသင်ကြားပေးခဲ့ပြီး သက်ပြည့်အငြိမ်းစားယူသွားသော ဆရာ/ဆရာမများအား (၁၅)ကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို အောက်ပါ အစီအစဉ်အတိုင်းကျင်းပမည်ဖြစ်ပါ၍ ဆရာကြီး/ဆရာမကြီးများကိုယ်တိုင် တက်ရောက် အပူဇော်ခံကြွရောက်ကြပါရန်နှင့် ကျောင်းသားဟောင်းများ (မည်သည့်နှစ် ကျောင်းသားမဆို) စုံစုံညီညီ မပျက်မကွက်တက်ရောက် ကြည်ညိုကန်တော့ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီ

အစီအစဉ်

နေ့ရက် - ၂-၃-၂၀၁၃ (စနေနေ့) (တောင်သူလယ်သမားနေ့)
အချိန် - နံနက် (၉း၀၀)နာရီ
နေရာ - အ-ထ-က (၆) ဗိုလ်တထောင်၊ ဘတ်စကတ်ဘောအားကစားရုံ

ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်မှတ်ပုံတင်နံပါတ် ကက/၁၃/၁၀/၀၁၂

မလိခဦးလှချစ်ကိုယ်တိုင်တည်ထောင်အုပ်ချုပ်သောစည်းကမ်း၊ စေတနာ၊ ပညာတို့တွင်စံပြ

HC ပညာပါရမီ ကိုယ်ပိုင်အထက်တန်းဆင့်ကျောင်း

(၉) တန်း၊ (၁၀) တန်းအဆင့်မြင့်ဘော်ဒါ

■ ကျောင်းသားဆောင်၊ ကျောင်းသူဆောင် သီးခြားစီထားရှိ၍ ကိုယ်ပိုင်ကျောင်းတွင် သင်ကြားရေး အထောက်အကူပြုပစ္စည်းများဖြင့်ကျောင်းသား၊ ကျောင်းသူသီးသန့်စီ စနစ်တကျ လေ့ကျင့် သင်ကြားပေးသည်။
■ ဘော်ဒါဆောင်နှင့် ကိုယ်ပိုင်ကျောင်းသို့ မိဘ/အုပ်ထိန်းသူနှင့် ကျောင်းသား၊ ကျောင်းသူ ကိုယ်တိုင်လာရောက်စုံစမ်းပြီး၊ ယုံကြည်စိတ်ချ၊ စိတ်တိုင်းကျမှ ကျောင်းအပ်နှံပါ။
■ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ကြိုတင်လက်ခံပါပြီ။
(လူဦးရေ ကန့်သတ်ထားပါသဖြင့် ကြိုတင်အပ်နှံမှသာ နေရာအတွက် စိတ်ချရပါမည်။)

မြေအမှတ် ၄၂ (ခ)၊ နှင်းဆီလမ်းနှင့် ပါရမီ လမ်းမကြီးဒေါင့်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁ - ၆၆၁၄၁၉၊ ၀၉ - ၅၁၃၅၈၀၁

အစ်မတော်စောမွန်လှဘုရား စိန်ဖူးတော်နှင့် ရွှေထီးတော် အသစ်တင်လှူဖို့ နှိုးဆော်အပ်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ် စောမွန်လှ သစ္စာအဓိဋ္ဌာန်အောင် ဆုတောင်းပြည့်မြတဘက် စေတီတော် ၁၁-၁၁-၂၀၁၂ ရက်က ငလျင်ဒဏ်ကြောင့် စိန်ဖူးတော်နှင့် ရွှေထီးတော် ပျက်စီးနေပါသဖြင့် အစ်မတော်စောမွန်လှနှင့် မြနန်းနွယ်၊ နဂါးမယ်တော် ပဋ္ဌာန်းဆက် ဆွေတော်မျိုးတော်များမှ စုပေါင်းပြီး အသစ်တစ်ဖန် စိန်ဖူးတော် နှင့် ရွှေထီးတော်တင်လှူမည့်ပွဲ၌ ပါဝင်ကုသိုလ်ပြုဖို့ နှိုးဆော်အပ်ပါသည်။

နဂါးကိုးကောင်ဆရာတော်နှင့် အကျိုးတော်ဆောင်

ဖုန်း-၀၉-၄၀၂၅၂၁၇၅၅၊ ၀၉-၄၀၃၇၀၆၈၆၀၊ ၀၉-၄၀၂၅၂၃၃၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

စဉ့်အိုးတန်းလမ်း(အထက်)မိသားစုမှကြီးမှူးကျင်းပသော ပထမ အကြိမ် အထူးတရားပွဲ

❖ ၂၄- ၂- ၂၀၁၃ (တနင်္ဂနွေနေ့)၊ ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရာဘိဝံသ
❖ ၂၅- ၂- ၂၀၁၃ (တနင်္လာနေ့)၊ အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)
❖ ၂၆- ၂- ၂၀၁၃ (အင်္ဂါနေ့)၊ ဒေါက်တာအရှင်ကောဝိဒ (မန္တို့ မင်္ဂလာရည်)

အချိန် ❀ ညစဉ် (၇း၀၀)နာရီ
နေရာ ❀ စဉ့်အိုးတန်းလမ်း (အထက်)၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန မြေတိုင်းဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာန(ရန်ကုန်)ရှိ ရုံးအဆောက်အအုံများအား ပြန်လည်ဆေးသုတ်လိုပါသည်။
၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၂၈-၂-၂၀၁၃ ရက်(ကြာသပတေးနေ့) ညနေ ၃ နာရီ နောက်ဆုံး ထား၍ လက်ခံမည်ဖြစ်ပါသည်။

ပစ္စည်းဝယ်ယူမှုစိစစ်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းစိစစ်မှုကော်မတီ
မြေတိုင်းဦးစီးဌာန(မြို့ပတ်လမ်း)
ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၃၄၃၃

BBS U HLA BU'S TOEFL

Special Intensive Course Feb 25 စမည် ph 220403

၁၈ (A) ဦးလူနီလမ်း ၊ ကြည့်မြင်တိုင် ။ (သိတာရုံအနီး)

Diamond View Travels & Tours

ပုဂံ-စွယ်တော်လေးဆူ-ပုပ္ပား-ပခုက္ကူ
မန္တလေး-စစ်ကိုင်း-မုံရွာ-ပြင်ဦးလွင်
တောင်ကြီး-အင်းလေး-ပင်းတယ-ကလော
ချောင်းသာ-ငွေဆောင်-ပလီ(လေယာဉ်)

542125/ 564926
095140822
095120152
0949286216

❖ မိသားစုများ-ကုမ္ပဏီ-ကျောင်း-အဖွဲ့အစည်းများအတွက် မိမိစိတ်ကြိုက်ခရီးစဉ်များကိုလည်း အဆင့်အတန်းမြင့်မြင့်ဈေးနှုန်းချိုသာစွာဖြင့် စီစဉ်လက်ခံ ဆောင်ရွက်ပေးပါသည်။
❖ ခရီးစဉ်အမျိုးမျိုးအတွက် ကားမျိုးစုံနှင့်လေယာဉ်လက်မှတ်များကို ဈေးနှုန်းမှန်ကန်စွာ ဆောင်ရွက်ပေးပါသည်။

အမှတ် -၆၈၊ အင်းဝလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ဓာတုဗေဒ ဘာသာရပ်ကို သင်ကြားပို့ချနည်းပြမည့် ဆရာ / ဆရာမများအတွက်...

B.Sc(Chem:) ဓာတု သင်တန်း

အမှတ် / ၆၃ - အေ(၃-လွှာ)စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ 09-5070158 09-73032931

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂ ၊ မြေကွက်အမှတ် ၅၉၂(က)၊ အကျယ် စတုရန်းပေ ၁၂၀၀၊ နှစ် ၆၀ဂရန်မြေအမျိုးအစားမြေပေါ်ရှိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ် ၅၉၂(က) ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့် အရပ်ရပ်တို့အား မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင် ဦးအောင်ထွန်းလွင် ၁၂/ဥကတ(နိုင်)၀၃၁၁၈၇က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းဦး	**ဦးသန့်ဇော်**
အထက်တန်းရှေ့နေ(စဉ်-၃၂၃၅)	**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**

အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

(၁-၃-၂၀၁၃)ရက်မှစ၍ Max Energy Co.,Ltd ၏ ရန်ကုန်မြို့ရှိ စက်သုံးဆီအရောင်းဆိုင် ဝန်ထမ်းများ ကြို/ပို့ ပြုလုပ်ရန်အတွက် ကြို/ပို့အငှားယာဉ်၊ ငှားရမ်းလိုသော ယာဉ်ပိုင်ရှင်များ ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်-

ဖုန်း-၀၉-၄၄၈၀၁၀၅၉၆၊ ၀၁-၂၅၅၈၁၉-၃၉၊ လိုင်းခွဲ-၇၀၈/၇၁၀/၇၂၄

ပခုက္ကူမြို့၊ အမှတ်(၈)ရပ်ကွက်၊ လွတ်လပ်ရေးလမ်းတွင် နေထိုင်ခဲ့သော ဦးတင်လှ သိစေရန်ကြေညာချက်

ကျွန်ုပ်တို့၏အမှုသည် ဒေါ်ညို ၈/ပခက(နိုင်)၀၂၄၃၁၂၊ သီရိမာလာလမ်း၊ အမှတ်(၅)ရပ်ကွက်၊ ပခုက္ကူမြို့နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးတင်လှသိရှိစေရန် ကြေညာအပ်ပါသည်။

ပခုက္ကူမြို့၊ အမှတ်(၈)ရပ်ကွက်၊ လွတ်လပ်ရေးလမ်းတွင် နေထိုင်ကြသော ဦးရွှေသဲ-ဒေါ်ပြားကြီးတို့တွင် သားသမီးလေးဦးရှိပြီး လွန်ခဲ့သောနှစ်ပေါင်း ၆၀ခန့်က ကွယ်လွန်ခဲ့ကြပါသည်။ သားဖြစ်သူ ဦးတင်လှမှာလည်း မိဘများနေအိမ်မှထွက်ခွာသွားရာ ပြန်မလာသဖြင့် ဒေါ်ညိုနှင့် ဒေါ်သန်းကြည်တို့မှ မိဘ၏ကျန်ရှိသော အမွေပစ္စည်းများခွဲဝေပေးရန် ဦးတင်အောင်ထံတောင်းခံခဲ့ရာ ဦးတင်အောင်မှ ဦးတင်လှ၏အမွေတစ်စုကိုချန်၍ ဒေါ်ညိုနှင့် ဒေါ်သန်းကြည်တို့၏ အမွေဝေစုအတွက် ငွေများပေးအပ်ခဲ့ပါသည်။

ကျန်အမွေတစ်စုအား ခွဲဝေပေးနိုင်ရန်အတွက် ဦးတင်လှအား စုံစမ်းရှာဖွေမေးမြန်းရာ ကွယ်လွန်ပြီဟုလည်းကြားသိနေရပါသည်။ ဦးတင်လှမှာ သက်ရှိထင်ရှားရှိနေပါက ကျန်ရှိသည့် အမွေစုတစ်စုကို ဦးတင်အောင်မှ ခွဲဝေပေးမည်ဖြစ်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ပြောဆိုနေသဖြင့် အမြန်ဆုံးပြန်လာပါရန် ကြေညာအပ်ပါသည်။ အကယ်၍ ၁၅-၃-၂၀၁၃ ရက်ထိတိုင် ပြန်လာခြင်းမရှိပါက ကွယ်လွန်ပြီဖြစ်၍သာ မလာရောက်ခြင်းဖြစ်ကြောင်းမှတ်ယူပြီး ဒေါ်ညိုသည် ဦးတင်အောင်ထိန်းသိမ်းထားသော ကျန်ရှိသည့်အမွေတစ်စုစာအား ခွဲဝေပေးရန် တရားစွဲဆိုတောင်းခံလိမ့်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝါဝင်းမောင်(LL.B)	**ဦးစိန်မြင့် B.A(Law),LL.B**
အထက်တန်းရှေ့နေ(၃၃၇၇၅)	**တရားလွှတ်တော်ရှေ့နေ(၁၇၆၃/၇၉)**
ထင်းတန်းလမ်းအရှေ့ဘက်၊ ၃ လမ်း၊	**အမှတ် ၃၂၊ နေသူရိန်လမ်း၊**
အမှတ်(၃)ရပ်ကွက်၊ ပခုက္ကူမြို့။	**စွန်သိုက်ရပ်၊ ပခုက္ကူမြို့။**

ဒေါ်ခိုင်မာဦး (LL.B)
အထက်တန်းရှေ့နေ (စဉ်-၃၅၅၁၂)
မြို့ပတ်လမ်း၊ အမှတ်(၅)ရပ်ကွက်၊
ပခုက္ကူမြို့

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၆၊ မြေကွက်အမှတ် ၁၃၅၊ မြေအမည်ပေါက် ဦးဟန်ညွှန့် စီအက်ဖ်-၁၄၇၇၁၀ထံမှ ဝယ်ယူထားသူ ကျွန်တော် ဦးမျိုးကျော်ဝင်း ၁၂/မရက(နိုင်)၀၇၆၀၉၅က ဓာတ်ပုံမိတ္တူမှန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်းမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ဓာတ်ပုံမိတ္တူမှန်ပြုလုပ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အများသိစေရန်ကြေညာချက်

လသာမြို့နယ်၊ ၂၃-လမ်း၊ အမှတ်(၁၀၉)ရှိ မြေရှင် ဦးယာကွတ်+ဦးမိုဟာမက်အီဖန်ဖြင့် ဆောက်လုပ်နေသည့် ဆောက်လုပ်ဆဲ (၆)ထပ်တိုက် အဆောက်အအုံကို လိုင်စင်ရကန်ထရိုက်တာ ဦးကျော်မင်းထွန်း(L.C-၂၆၇)မှ လိုင်စင်ရ ကန်ထရိုက်တာဦးအာလီဘူရောမန်(L.C-၄၆၈)သို့ ပြောင်းလဲ ဆောက်လုပ်ခွင့်ပြုပါရန် ဌာနသို့လျှောက်ထားလာသဖြင့် ကန့်ကွက်ရန် အကြောင်းရှိပါက ခိုင်လုံသော အထောက်အထားများနှင့်တကွ ကြော်ငြာပါသည့်နေ့မှစ၍ ရက်ပေါင်း(၃၀) အတွင်း ဤဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
အဆိုပြုတင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၄၅)လမ်း၊ အမှတ် ၁၉/၂၁ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးပိုင် မြေကွက်တွင်(၁၂)ထပ် အဆောက်အအုံဆောက်လုပ်မည်ဖြစ်ပါသည်။

၂။ ယင်းအဆောက်အအုံတွင် ယာဉ်ရပ်နားနေရာနှစ်ထပ်နှင့် ရုံးခန်းနေရာ ၁၀ထပ် ပါဝင်မည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်သူမှ အပြည့်အဝရင်းနှီးမြှုပ်နှံ၍ အချိန်ကာလ နှစ်နှစ်အတွင်း ပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ ယင်းလုပ်ငန်းအတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် အကျိုးအမြတ်ခွဲဝေခြင်းစနစ်ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်လိုသော ပြည်တွင်းနိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းဆိုင်ရာ အဆိုပြုလွှာများကို ၁၅-၃-၂၀၁၃ ရက်နောက်ဆုံးထား၍ ပေးပို့သွားရန် တင်ဒါခေါ်ယူအပ်ပါသည်။

၄။ တင်ဒါစည်းကမ်းချက်များနှင့် အဆိုပြုလွှာတွင်ပါဝင်ရမည့် အချက်အလက်များကို အောက်ပါနေရာများတွင် ဝယ်ယူတင်သွင်းနိုင်ပါသည်-

(က) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်

(ခ) မြန်မာနိုင်ငံစာရင်းကောင်စီရုံး၊ ရန်ကုန်မြို့

၅။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က) ဖုန်း - ၀၆၇-၄၀၇၃၂၆၊ ၀၆၇-၄၀၇၃၂၇၊ ၀၁-၂၂၃၁၄၃

(ခ) Fax - ၀၆၇-၄၀၇၃၂၆၊ ၀၆၇-၄၀၇၃၂၇၊ ၀၁-၂၂၃၁၄၃

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး၊ ပဲခူးတိုင်းဒေသကြီး(ပြည်)၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ စုစုပေါင်းသိုလှောင်ရုံ ၂၀ လုံးတို့အား မြေမပါ ဈေးပြိုင်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချမည် ဖြစ်ပါသည်-

(က) ပဲခူးတိုင်းဒေသကြီး (ပြည်)

Lot (1) (၁) (၈၀'×၄၀'×၁၂') (သွပ်၊ဝါး၊ဝါး) (မြဲဒေါက်-၂) မိုးညိုမြို့နယ်၊ (ယာယီ-၁၆)(ယာယီ-၁၇)စက်-၂၉၈ဝင်း အုတ်ဖိုမြို့နယ်၊ (ယာယီ-၄၀)မြို့လယ်ချောင်၊ ကြို့ပင်ကောက်မြို့နယ်

Lot (2) (၂) (၈၀'×၄၀'×၁၂') (သွပ်၊ဝါး၊ဝါး) (ယာယီ-၅) (ယာယီ-၆) အမှတ် ၃ ရပ်ကွက်၊ ပေါက်ခေါင်းမြို့နယ်

Lot (3) (၃) (၈၀'×၄၀'×၁၂') (သွပ်၊ဝါး၊ဝါး) (ယာယီ-၂၂)(ယာယီ-၂၃) (ယာယီ-၂၄)(ယာယီ-၂၅) သဲကုန်းမြို့နယ်၊ ဆင်မြီးဆွဲ

Lot (4) (၄) (၅၀'×၃၀'×၉')(သွပ်၊ဝါး၊ဝါး)(ယာယီဒေါက်စေ့-၂၉) ပန်းတောင်းမြို့နယ်၊ ကျောက်ဖူး

Lot (5) (၅) (၁၂၄'×၅၀'×၁၂') (သွပ်၊ပျဉ်၊ပျဉ်) (မြဲ-၂၉) နတ်တလင်းမြို့နယ်၊ရွာသာကုန်း (၆) (၁၂၅'×၄၃'×၁၂')(သွပ်၊ပျဉ်၊ပျဉ်)(မြဲ-၂၆)နတ်တလင်းမြို့နယ်၊ဒမငယ်လမ်း

Lot (6) (ခ) (၈၀'×၄၀'×၁၂') (သွပ်၊ကပ်၊ကပ်) (စည့်-၁)(မြဲ-၂)ရွာသာကြီး၊ (စည့်-၆)လှတော၊ (စည့်-၁၀)(စည့်-၁၁)မုဆိုးခြုံ၊ ဝက်လက်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

Lot (7) (ဂ) (၈၀'×၄၀'×၁၂')(သွပ်၊ဝါး၊ပျဉ်) (ပဘ-၄) ပင်းဘော၊ မိုးကောင်းမြို့နယ်၊ (SP-32)သစ်ဆိပ်ဝင်း၊ဟိုပင်မြို့နယ်၊ ကချင်ပြည်နယ်

(ဃ) **တင်ဒါရောင်းချမည့်ရက်** - ၂၅-၂-၂၀၁၃ ရက်မှ ၆-၃-၂၀၁၃ရက်အထိ

အချိန် - နံနက် ၉း၃၀ နာရီမှ ညနေ ၁၆း၃၀နာရီအထိ

(င) **တင်ဒါပိတ်မည့် ရက်/အချိန်** - ၇-၃-၂၀၁၃ ရက် ၁၃း၀၀နာရီ

(စ) **တင်ဒါစည်းကမ်းချက် ရှင်းလင်းမည့် ရက်/အချိန်** - ၇-၃-၂၀၁၃ရက် မွန်းတည့် ၁၂ နာရီ

(ဆ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပဲခူးတိုင်းဒေသကြီး မန်နေဂျာရုံး၊ ပြည်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး မန်နေဂျာရုံး၊မုံရွာမြို့၊ ကချင်ပြည်နယ် မန်နေဂျာရုံး၊ မြစ်ကြီးနားမြို့

(ဇ) **Deposit ပေးသွင်းရမည့်နေရာ** - Deposit ငွေ Lot(1)ကျပ်သိန်း ၅၀၊ Lot(2) ကျပ်သိန်း၅၀၊Lot(3)ကျပ်သိန်း ၁၅၀၊Lot(4) ကျပ်ရှစ်သိန်း၊ Lot(5)ကျပ်သိန်း ၁၅၀၊ Lot(6) ကျပ် ၇၅သိန်း၊ Lot(7) ကျပ်သိန်း ၂၀ တို့ကို နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်နှင့် ရန်ကုန်မြို့ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၂) တို့တွင် (P.O)Cheque ဝယ်ယူပေးသွင်းရမည်။

(ဈ) **တင်ဒါတင်သွင်းရမည့်နေရာ** - မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးရုံးအမှတ် (၅၂)၊ နေပြည်တော်

၂။ အဆိုပါသိုလှောင်ရုံ၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်သို့ သွားရောက် ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့ ဖုန်း-၀၅၃-၂၈၀၃၂၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ ဖုန်း-၀၇၁-၂၃၆၃၀နှင့် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ ဖုန်း-၀၇၄-၂၂၄၅၉သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ စံပယ်ခြံ(၁)လမ်းနှင့်သဇင်(၄)လမ်းထောင့်၊ အမှတ်(၇၀/၇၂)တွင် ဆောက်လုပ်ဆဲ နှစ်ခန်းတွဲ၊ ငါးထပ်တိုက်အနက် မြေညီထပ်ပေ(၁၇×၄၀) (A+B)အခန်း(၂)၊ ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်ရေစက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အဆိုပါတိုက်ဆောက်လုပ်သူ ကန်ထရိုက်တာ ဦးစိန်ထွန်း ၁၂/လမန(နိုင်)၀၁၂၄၂၃က အဆိုပါ(A+B)မြေညီထပ်များကို ၄င်းတစ်ဦးတည်းအကျိုးခံစားခွင့်ရှိကြောင်းနှင့် ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်းတစ်စုံတစ်ရာမရှိဘဲ မိမိတစ်ဦးတည်းအကျိုးခံစားခွင့်ရှိ၍ အခန်းပျောက်ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ပြုံးပြုံးချိုက ဝယ်ယူရန်ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်၍ အဆိုပါတိုက်ခန်းများနှင့် ပတ်သက်ပြီးပိုင်ရေးပိုင်ခွင့် အကျိုးခံစားခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၂၈-၂-၂၀၁၃ရက် နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဒေါ်တင်တင်အေး B.A (Law), LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၈၆)
အခန်း(၃၆)၊ တိုက်(၂)၊ လှိုင်ရတနာအိမ်ရာ၊ လှိုင်မြို့နယ်၊ ဖုန်း-၀၉-၅၁၀၂၉၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
တိုင်းရင်းဆေးပညာဦးစီးဌာန
ရုံးအမှတ် (၄၇)၊ နေပြည်တော်
လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန လက်အောက်ရှိ လုပ်ငန်းဌာနခွဲအသီးသီးတွင် လစ်လပ်လျက်ရှိသည့် အောက်ဖော်ပြပါ ရာထူးနေရာများအတွက် အရည်အချင်း သတ်မှတ်ချက်နှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။

ရာထူး	လစာနှုန်း	ခန့်ထားမည့်နေရာ
လက်ထောက်တိုင်းရင်းဆေးမှူး	(၅၉၀၀၀-၁၀၀၀-၆၄၀၀၀)	(၇၄)နေရာ
ဒု-လက်ထောက်တိုင်းရင်းဆေးမှူး	(၅၃၀၀၀-၁၀၀၀-၅၈၀၀၀)	(၁၁၄)နေရာ

၂။ **အရည်အချင်းသတ်မှတ်ချက်**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) လက်ထောက်တိုင်းရင်းဆေးမှူး ရာထူးအတွက် မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (B.M.T.M) ရရှိပြီးသူဖြစ်ရမည်။

(ဂ) ဒု-လက်ထောက်တိုင်းရင်းဆေးမှူး ရာထူးအတွက် မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (B.M.T.M)(သို့မဟုတ်) တိုင်းရင်းဆေးပညာဒီပလိုမာ အောင်မြင်ပြီးသူ ဖြစ်ရမည်။

(ဃ) ၁-၃-၂၀၁၃ရက်တွင် အသက် (၃၅)နှစ် မကျော်လွန်သူဖြစ်ရမည်။

(င) ပြည်တွင်း၌ ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများကို ပူးတွဲတင်ပြရမည်။

(က) မိမိ၏ ကိုယ်တိုင်ရေးလျှောက်လွှာနှင့် ကိုယ်ရေးမှတ်တမ်းအကျဉ်း

(ခ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ

(ဂ) ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်နှင့် အောင်လက်မှတ်မိတ္တူ

(ဃ) တိုင်းရင်းဆေးဆရာမှတ်ပုံတင်မိတ္တူ

(င) နိုင်ငံရေးကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်းတို့မှ ထောက်ခံချက်မူရင်း ပူးတွဲတင်ပြရမည်။

(စ) လျှောက်လွှာနှင့်အတူ လွန်ခဲ့သည့် တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ၁"×၁½" ဓာတ်ပုံ နှစ်ပုံ ပူးတွဲတင်ပြရမည်။

(ဆ) လျှောက်ထားသူ၏ အမြဲတမ်းနေရပ်လိပ်စာအား တိကျစွာရေးသားဖော်ပြပေးရပါမည်။

(ဇ) လျှောက်ထားသူသည် အလုပ်သမားမှတ်ပုံတင်မူရင်း ပူးတွဲတင်ပြရမည်။

၄။ လစ်လပ်ရာထူးနေရာများတွင် လက်ထောက်တိုင်းရင်းဆေးမှူးနှင့် ဒု-လက်ထောက်တိုင်းရင်းဆေးမှူးအဖြစ် ခန့်ထားခြင်းခံရသူများသည် တာဝန်ချထားရာ ဌာနအသီးသီး၌ နိုင်ငံတာဝန်အား အနည်းဆုံး (၅)နှစ်တိတိ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးလျော်ရမည်။

၅။ လျှောက်လွှာများကို ၄-၃-၂၀၁၃ရက် ၁၄း၀၀နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရုံးအမှတ် (၄၇)၊ နေပြည်တော်သို့ လိပ်မူ၍ ပေးပို့ လျှောက်ထားရမည်ဖြစ်ပါသည်။ (သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများကို လက်ခံ စဉ်းစားမည်မဟုတ်ပါ။)

၆။ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားသူများအား တိုင်းရင်းဆေးပညာဦးစီးဌာန(ရုံးချုပ်) နေပြည်တော်တွင် လူတွေ့/နှုတ်ဖြေ ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုခွင့်ရရှိသူများ အမည်စာရင်းကို ထုတ်ပြန် ကြေညာမည်ဖြစ်ပါသည်။

၇။ လူတွေ့/နှုတ်ဖြေ ဖြေဆိုခွင့်ရရှိသူများအား ၁၈-၃-၂၀၁၃ရက်မှစ၍ တိုင်းရင်းဆေးပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၌ နံနက် ၉နာရီမှစ၍ လူတွေ့စစ်ဆေးခြင်း ပြုလုပ်မည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးခြင်း လာရောက်ဖြေဆိုသည့်အခါ ဘွဲ့လက်မှတ်မူရင်း(သို့မဟုတ်) ဘွဲ့ထောက်ခံချက်၊ အခြေခံပညာအထက်တန်းအောင်လက်မှတ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်းများကို ယူဆောင်လာရပါမည်။

၈။ လူတွေ့စစ်ဆေးမှုအတွက် သီးခြားအကြောင်းကြားစာပေးပို့မည်မဟုတ်ပါ။ စုံစမ်းမေးမြန်းလိုပါက တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော် ဖုန်း-၀၆၇-၄၃၁၀၉၂၊ ၄၃၁၀၉၅တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ (သတ်မှတ်ချက်များနှင့် ပြည့်စုံစွာ တင်ပြနိုင်ခြင်းမရှိသည့် လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။)

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ သာခုကန်စက်မှုဇုန်အပိုင်း(၁/၂) မြေဧရိယာတွင်ပါဝင်သော လယ်မြေလုပ်ကိုင်သူ လယ်သမားများအား သာခုကန်စက်မှုဇုန်ဖော်ထုတ်ရေးအဖွဲ့မှ ကရုဏာကြေးငွေများ ထုတ်ပေးလျက်ရှိရာ ဒေါ်ထွေးတင် ၁၂/ရပသ(နိုင်)၀၁၀၅၀၄ နှင့်ဦးသန်းစိုး ၁၂/ရပသ(နိုင်)၀၃၀၀၄၅တို့က မူလသာခုကန်ကျေးရွာ၊ ကွင်းအမှတ်- ၅၅၃၊ ဦးပိုင်အမှတ်-၅၊ ဧရိယာ ၈ဒသမ၆၀ဧကရှိဒေါ်ကြည်အမည်ပေါက် လယ်ခွန်ပြေစာထွက်ရှိထားသည့် လယ်မြေအား ၄င်းတို့၏မိဘဘိုးဘွားအစဉ်အဆက်လုပ်ကိုင်ခဲ့သော လယ်မြေဖြစ်ကြောင်းနှင့် လယ်ခွန်ပြေစာမူရင်းများပျောက်ဆုံးနေကြောင်း အဆိုပြု၍ ကရုဏာကြေးထုတ်ပေးရန် တင်ပြလာခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ၁၄ရက်အတွင်းခိုင်လုံသည့် အထောက်အထား စာရွက်စာတမ်းမူရင်းများတင်ပြ၍ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါ ကရုဏာကြေး ပေးအပ်သည့်ကိစ္စအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်ထွေးတင်	**ဒေါ်ခင်မာလွင် LL.B,D.B.L**
၁၂/ရပသ(နိုင်)၀၁၀၅၀၄	**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)**
ဦးသန်းစိုး	**အမှတ် (၂၂၂)၊ စံပါယ်လမ်း၊ (၂)ရပ်ကွက်၊**
၁၂/ရပသ(နိုင်)၀၃၀၀၄၅	**ရွှေပြည်သာမြို့နယ်**
	ဖုန်း-၀၉-၅၁၈၉၆၈၉၊ ၀၉-၇၃၀၆၂၀၈၆

အများသိစေရန်ကြေညာခြင်း

